www.burmeseclassic.com

နှင်းစက်
ရက်လွန်

www.burmeseclassic.com

www.burmeseclassic.com

မနော်ဟာရီ

# နှင်းစက်ရက်လွန်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နှင်းရက်တွေ ကုန်ဆုံးလွန်မြောက်သွားတဲ့အခါ...
နှင်းစက်တွေဟာ...ပျော်ကျပျောက်ဆုံးသွားရပြီ... တကယ်တော့....သူမ...ဟာ...
ရက်လွန်သွားတဲ့...နှင်းတစ်စက်သာဖြစ်တယ်...။



www.burmeseclassic.com

www.burmeseclassic.com



## နိဒါန်း

ဘဝ၏နေ့ရက်တွေကို. . . ကြိုတင်ကြံစည်မှုများနှင့် ရင်ဆိုင်ရမည်လား. . . တစ်ဆင့်ချင်းပုစ္ဆာတစ်ပုဒ်ကို ဖြေရှင်းသလို ဖြေရှင်းရမည်လား. . .။

မြစ်မခန္နယ်. . . မသိပါ။

ကိုယ်ကိုယ်တိုင်ပါဝင်က,ပြနေရသော တစ်နေ့တာ အခန်းဆက်ပြဇာတ်ရှည်ထဲတွင် အချို့သောဇာတ်ညွှန်းများသည်. . . ကိုယ့်ကိုယ်တိုင် မသိလိုက်ရဘဲ. . . ကပြခဲ့ရသော ပြဇာတ်များ ဖြစ်ခဲ့ဖူးသည်။

ကားလိပ် မချသရွေ့ကတော့. . . စေညွှန်ရာအတိုင်း. . . နေ့ရက်များကို ဖြတ်ကျော်နေရဦးမှာ သေချာသည်။

ဘယ်သူမှ ရှောင်လွှဲမရနိုင်သော၊ ကြိုတင်ပြင်ဆင်သိခွင့် မရနိုင်သောအရာသည်. . . မနက်ဖြန်ဖြစ်၏။

သင် မသိသော မနက်ဖြန်သည်. . . သင်၏ ယနေ့အဖြစ်. . . သင့်ရင်ခွင်သို့ တိုးဝင်လာခဲ့သည်ကို အဆင်သင့် စောင့်ကြိုရုံမှတစ်ပါး. . . ဘာမှ မတတ်နိုင်တာ သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ဖြစ်စဉ်အသစ်၏ နိဒါန်းနေ့ရက်များ

### အခန်း(၁)

ဘဝတွင် ဘယ်လောက်ပဲ အဆင်ပြေချောမွေ့ ကျေနပ်သူပင် ဖြစ်ပါစေ။ အနည်းဆုံး တစ်ကြိမ်တစ်ခါလောက်တော့ depression ရဖူးကြမှာပင်. . . ။ ခေါင်းမငုံ့ဘဲ. . . ဝန်ခံကြစတမ်း ဆိုလျှင်ပေါ့ကွယ်။ 'မြစ်မခနွယ်'ဆိုသော. . . မိန်းကလေးတစ်ယောက်ကရော. . . ဘာတွေနဲ့များ ယက်လုပ်ဖွဲ့စည်းတည်ဆောက်ထားတာမို့လဲ. . . ။ အသွေးနှင့်အသားနှင့် ခံစားတတ်သောနှလုံးသားနှင့်ပေပဲ. . . ။ သို့သော် 'မြစ်မခနွယ်'၏ ထူးခြားသော အရည်အသွေးက. . . ထို depression များ၊ စိတ်ညစ်ညူးမှုများကို ကြာရှည်လက်ခံမထားတတ် ခြင်းပင်ဖြစ်သည်။

"နွယ်. . . နင်. . . စိတ်တွေကျနေပြန်ပြီဆို. . . "

မေးခွန်းက နူးညံ့ညင်သာ၏။ သေချာခံစားတတ်မည်ဆိုလျှင်

www.burmeseclassic.com

ထိုမေးခွန်းတွင် ကရုဏာသံများပင် ပါဝင်နေသေးကြောင်း သရုပ်ခွဲနိုင်လိမ့်မယ်ဟု သူမထင်သည်။

"ဟင့်အင်း. . . ငါ. . . အဲလောက် မအားသေးဘူး မောင်"

'မောင်' က. . . ခေါင်းကိုအသာဖွဖွကိုတ်၏။ ဒါက 'မောင်' စိတ်ညစ်လျှင် လုပ်နေကျအလုပ်လေ။ မောင်နှင့်နွယ် မတည့်တာလည်း ဒါပါပဲ။ 'မောင်'က အင်မတန် နူးညံ့သိပ်မွေ့သူ။ နွယ်က မာကျောခက်ထန်သူ သို့မဟုတ် မာကျောခက်ထန်ဟန်ဆောင်ထားသူ။

"ကျွတ်. . . ခက်လိုက်တာနွယ်ရာ. . ."

"ဘာခက်လို့လဲ. . . လွယ်လွယ်လေး. . . ငါဘာမှ မဖြစ်ဘူး"

"ဘာလို့ ဘာမှမဖြစ်ရမှာလဲ. . . နင် အခန်းထဲအောင်းနေတယ်၊ အပြင်လူတွေနဲ့ အဆက်အသွယ် မလုပ်ဘူး. . ."

"နင်က. . . လူမဟုတ်လို့လား"

"မဟုတ်ဘူးလေ. . . ငါ့အပြင်. . ."

နွယ်. . . ဘာမှမဖြေ. . .။ ထိမထင်ဟန်ဖြင့်. . . သူမ၏ လက်သည်းလှလှလေးတွေကို အရောင်တင်နေသည်။ သူမ၏ခြေချောင်းလေးတွေကို ငုံ့ကြည့်လိုက်တော့. . . ခြေချောင်းလေးတွေက ပြင်ဆင်ပြီးသွားပြီ။

"အမယ်လေး. . ."

မောင်. . . တစ်ယောက် ဘုရားတ,မိ၏။ မတ,ခံနိုင်မလား။ နွယ့်ခြေထောက်ကိုပဲ ကြည့်လေ။ မိုးပြာရောင်ဖျော့ဖျော့ လက်သည်းဆိုးဆေးပေါ်တွင် တိမ်ဖြူတစ်စ၊ ကြယ်သေးသေးလေးတစ်လုံး၊ လခြမ်းတစ်ခု၊ Sticker မပါဘဲ ပြင်ဆင်ထားခြင်းဖြစ်သဖြင့် စုတ်တံ size စုံကို





အတော်လက်မြောက်ငြိမ်စွာ၊ သို့တည်းမဟုတ် စိတ်ငြိမ်စွာ ပြင်ဆင်ရမှာ မောင်သိနေသည်။ ဒီလောက်စိတ်ရှည်ရှည် အနုစိပ်မှုန်းနေပြီဆိုမှတော့ 'နွယ့်' အခြေအနေကလည်း ဘယ်လောက်ဆိုးနေပြီဆိုတာ 'မောင်' ခန့်မှန်းလို့ရသည်။

"မိနွယ်"

"ဘာလဲ"

"နင်း. . . ငါ့ကို မှန်မှန်ပြောစမ်း"

"ဘာပြောရမှာလဲမောင်. . . နင်ငါ့ကို လာရစ်မနေနဲ့နော်"

"ဘာမှမပြောဘူး. . . အခု နင်ဖြေရမှာက. . . နင်နဲ့ ဝင်းနိုင်ဦး အဆင်မပြေတော့ဘူးလား ဆိုတာပဲ. . ."

နွယ်. . . မျက်လုံးလေးတစ်ချက် ထောင့်ကပ်ကြည့်ပြီး အမူအရာပိုစွာ 'ခစ်'ခနဲ တစ်ချက်ရယ်၏။ မောင်ပင် ရင်ခုန်သွားရသလို ဆတ်ခနဲ ဖြစ်သွားရပြီးမှ ပြန်ထိန်းလိုက်ရသည်။ အတော်တော့ မလွယ်သည့်ကောင်မလေး။ အတော်မလွယ်အောင်ကလည်း လှ. . . လှနိုင်လွန်းသည်။ ရယ်တာမပြောနှင့် စိတ်တိုစူအောင့် မျက်ရည်ကျလျှင်ပင် အတော်လှနေနိုင်သေးသည့် မိန်းမလေးမျိုးထဲမှာ "မြစ်မခနွယ်" ပါသည်။ နာမည်နှင့်လိုက်အောင် လှိုင်းထန်နိုင်စွမ်းပါပေ့. . .။

"မပြောတာဘဲ. . . နှစ်လလောက်ရှိတော့မယ်. . . ခုဆို ပြတ်တောင်ပြတ်သွားပြီ"

"ပြတ်သွားပြီ. . ."

အမှန်တကယ်က နွယ်. . . ဘာဖြစ်နေမှန်း သိနေပါလျက်နဲ့ မောင်. . . ဒီလောက် အံ့ဩမသွားသင့်. . .။ ခုတော့ ထင်မှတ်ထားပြီး



www.burmeseclassic.com

www.burmeseclassic.com

ပါလျက်နှင့် တအံ့တသြဖြစ်စေခဲ့တာက အဆင်မပြေတာ (၂)လပဲ ရှိနေပြီဆိုသောစကားကြောင့် ဖြစ်နိုင်သည်။ လွန်ခဲ့သော နှစ်လခန့်က တည်းက နွယ့်ကို မောင်. . . သတိထားခဲ့မိသည်။ Computer Game တွေ ညဥ့်နက်အောင် ကစားသည်။ Chat Room ကို အချိန်ပြည့်ဝင် သည်။ လုပ်စရာမရှိလျှင် တချို့သော Web Site များမှ သီချင်းများကို down load လုပ်သည်။ နားထောင်သည်။ ဝင်းနိုင်ဦးနှင့် တတွဲတွဲ သိပ်မတွေ့ရတော့။ မေးလျှင်တော့ 'မအားလို့ နေမှာပေါ့' ဟု ခပ်ပေါ့ပေါ့ သာ ဖြေတတ်သည်။

"ဘာလို့လဲ. . . ဘာလို့ပြတ်သွားရတာလဲ"

"ပြတ်ပါတယ်ဆိုမှ. . . မဆက်နိုင်တော့လို့ပေါ့၊ ဆက်မချစ် နိုင်တော့လို့ပေါ့"

အဖြေက ရုတ်တရက်ကြည့်လျှင်တော့ အတော့်ကို ရှင်းရှင်း လင်းလင်းဖြေလိုက်တာဟု ထင်ချင်စရာပါ။ ဒါပေမယ့် မောင်နှင့် နွယ်က အတွင်းသိကြီးတွေဆိုတော့လည်း ခက်သား။ မောင်နှင့်နွယ်က တစ် အိမ်တည်းသာ မနေတာ။ အတူကြီးပြင်းလာကြပြီး ဖေဖေသာ တစ်ခုခု ဝန်ခံလိုက်လျှင် မောင်နှမအရင်းဖြစ်နိုင့်နေသလို၊ မဝန်ခံလည်း မွေးစား မောင်နှမတော့ တော်နေသေးတာပင်။ အတော်ရှုပ်သွားပြီလား မသိ။ ရှင်းအောင်ပြောရလျှင် မောင်က နွယ်တို့မိသားစုက အမွေစားအမွေခံ မွေးစားထားသော မွေးစားသား. . .။ သို့သော် တစ်အိမ်တည်း မနေ။ မောင့်အမေ၏အစ်မ အပျိုကြီးနှင့် မောင်က နေသည်။ နွယ်တို့နှင့် နှစ်ခြံသာခြား၏။ မောင့်မှာက အမေမရှိတော့သလို အဖေလည်း လုံးဝ မရှိခဲ့. . .။ ပိုရှုပ်ကုန်လျှင် ခွင့်လွှတ်ပါ။ ယဉ်ယဉ်ကျေးကျေးနှင့် တွေ့





ပတ် ပြောနေမည့်အစား တိတိလင်းလင်းပြောရလျှင် မောင့်မေမေက မောင့်ကို ယောကျ်ားမရှိဘဲ မွေးခဲ့ခြင်းဖြစ်သည်။

ဒါကို ဖေဖေက ကောက်ကာငင်ကာ မွေးစားပစ်လိုက်သည်။ ဖေဖေမွေးစားသည်လည်းကြားရော မောင့်မေမေက ဆုံးသည်။ နွယ်တို့ မေမေကတော့ တရားပဲပြည့်တာလား၊ နားလည်နိုင်တာလား မသိ၊ ဖေဖေ့ကို ဘာမှမမေးသလို၊ ဘာမှလည်း မကန့်ကွက်။ အမှန်တကယ်က မောင့်မေမေသည် ဖေဖေ့ရည်းစားဦးဆိုတာ တစ်ရပ်ကွက်လုံးကသိ သည်ပဲ။ ဆွေမျိုးနီးစပ်ကလည်း စပ်လျှင်တော်သေးသည်ဟု ဆိုသေး သည်။ ဒီတော့ လူတွေရဲ့သဘာဝကိုက ပြောချင်ဆိုချင်နေတာဆိုတော့ ပြောလိုက်ကြတာ၊ ရစရာမရှိ။ ဖေဖေက တာဝန်မယူဘဲ မွေးခဲ့ရသဖြင့် မောင့်မေမေကပဲ သေခဲ့ရသလိုလိုပင် ပြောကြ၏။ ဒါကို အဘိုးအဘွား တွေကပင် မသက်သာချင်။ ဒါပေမယ့် ဖေဖေက အဖက်လုပ်ကာ မရှင်း။ ဖေဖေ့စိတ်က နွယ်နှင့်တူ၏။ ဒါက မောင့်ဇာတ်လမ်းအကျဉ်း။

တစ်ခါတစ်ခါတော့ နွယ်. . . မေမေ့ကို သနားနေတတ်သည်။ နားလည်ရလွန်းသော မိန်းမတစ်ယောက်၏ရင်ထဲမှာ ဘာတွေဘယ် လောက် ခံစားနေရသည်ဆိုတာ ဘယ်သူမှ သိနိုင်လိမ့်မည်မဟုတ်။

"နွယ်. . ."

"ဘာလဲ. . . မောင်. . . နင်က ငါ့ကို ကျမ်းဂန်လာနီတိတွေ၊ စကားပုံတွေ၊ ထုံးတမ်းစဉ်လာတွေနဲ့. . . စာချဦးမလို့လား"

"မဟုတ်ပါဘူး၊ ငါနင့်ကို ဘယ်တုန်းက အဲလိုလုပ်ခဲ့ဖူးလို့လဲ"

"မသိဘူးလေ၊ လူဆိုတာ တစ်ရက်နဲ့ တစ်ရက်တူတာမှ မဟုတ် တာ နင်များ. . . ပြောင်းလဲသွားသလားလို့"



www.burmeseclassic.com

www.burmeseclassic.com



နင့်ဝင်းနိုင်ဦးလို မှတ်လို့လားဟု. . . နွယ့်ကိုပြောမည်ပြုပြီးမှ မောင်တစ်ယောက် ပြန်ထိန်းလိုက်ရသည်။ ပြီး. . . . သက်ပြင်းကို ခဏချကာ ဒါရိုက်ပြောရမည့်စကားကို ခဏဖယ်ကာ တခြားကိစ္စ အရင်ပြောရသည်။

"နင့်လက်သည်းကိစ္စက. . . ပြီးတော့မှာလား"

"နင် မတွေ့ဖူးလား"

တွေ့ပါသည်။ ခုမှ အောက်ခံရောင်မိုးပြာနုကို ဆိုးပြီးကာစ. . .။

"နင်. . . ကြယ်တွေလတွေ ထွက်ဦးမှာလား"

"ဒါပေါ့"

"ဘယ်သွားစရာရှိလို့လဲ"

"ဘယ်သွားစရာရှိရင် ကောင်းမလဲ. . . စဉ်းစားနေတာ"

နွယ့်ပုံစံက ချက်ချင်းပြန်လန်းဆန်းလာသလို. . .။

"ဒါဆို. . . ငါနဲ့လိုက်ခဲ့ပါလား"

"ဘယ်လဲ. . . ဘာကျွေးမှာလဲ. . ."

"စားချင်တာစားပါ. . . နေရာကတော့ နင်ရွေးလို့ မရဘူး၊ ငါ့အလုပ်ကိစ္စအတွက် လူတစ်ယောက်နဲ့ ချိန်းထားတယ်"

"အဲဒီလူက ယောကျ်ားလား. . . မိန်းမလား"

"ယောကျ်ား"

"နိုး. . . ပယ်တယ်. . . မလိုက်တော့ဘူး"

နွယ်က နှာခေါင်းလေးရှုံ့ကာ စုတ်တံတစ်ချောင်း ကောက်ကိုင်လိုက်၏။ မောင်က နွယ်ဘာလို့ ငြင်းသည်ကိုသိ၏။ ထို့ကြောင့်. . .





"မိနွယ်"

"ဘာလဲ"

"ခု. . . ငါနဲ့ချိန်းထားတဲ့လူကို ငါ. . . အာမခံတယ်သိလား"

"ဘာ. . . အာမခံတာလဲ"

"သူက မိန်းကလေးတွေကို စိတ်မဝင်စားဘူး"

နွယ်. . . 'ဟာဟ' ဟုသရော် တော်တော်လေး ပုခုံးတွန့်ကာ လှောင်ရယ်လိုက်ပုံက မခံချိမခံသာဖြစ်ချင်စရာ အတော်ကောင်းသည်။ သို့သော် နွယ့်အလွန်မဟုတ်တာ မောင်သိသည်။ နွယ်က လှတာကော၊ ချစ်စရာကောင်းတာကော၊ ဆွဲဆောင်မှုရှိတာကောကြောင့် ဘယ်လိုပုရိသမှ နွယ့်အလှနှင့် ဆွဲဆောင်မှုကို သိပ်မခံနိုင်တတ်။ ဟန်ကြီးလွန်းသောသူများက လွဲလျှင်ပေါ့။ ဒါကို နွယ်ကလည်း ဘဝမြင့်တာမဆန်း။ ခက်တာက နွယ် ခုနာမည်အတော်ပျက်နေခဲ့ပြီ။ ဒါကိုတော့ မောင်က မောင်နှမတစ်ယောက်လို၊ သူငယ်ချင်း တစ်ယောက်လို ပြောစရာရှိတာ ပြောပြရပေဦးမည်။

"နင့်လူက. . . IC အသစ်နဲ့တည်ဆောက်ထားတဲ့ robot လား။ no response ပေါ့"

မောင်ပြုံးလိုက်မိ၏။

"ဟုတ်တယ်၊ သူက microchips အသစ်နဲ့လူသား. . . အရမ်းတော်တယ်၊ လူတော်တွေဟာ ဘာမဟုတ်တဲ့နေရာမှာ အချိန်သိပ်မပေးတတ်ဘူး"

မောင့်စကားက နွယ့်အတွက်တော့ ထိသည်။ အလိုလိုနေရင်း နွယ်သည်ပင် ဘာမဟုတ်တဲ့သူ ဖြစ်သွားခဲ့ရသည်။ ရှိစေတော့။ နွယ်က



www.burmeseclassic.com

www.burmeseclassic.com



ဒါမျိုးတွေ ချင်နေတာ။

“စာဆိုတဲ့သူကတော်တော့. . လိုက်ရတော့မှာပေါ့။ ခဏလေး ငါ့လက်သည်းတွေ ပြီးအောင်လုပ်လိုက်ဦးမယ်၊ အဝတ်အစားတော့ မလဲပါဘူး၊ ဒီအတိုင်းလိုက်မှာ”

ပြောပြောဆိုဆို နွယ်က လက်သည်းပေါ်မှာ စိတ်ရှည်လက်ရှည် ပုံဖော်နေ၏။ မောင် အသာငေးကြည့်နေမိရင်းက ခေါင်းလည်းခါမိ၏။ မျက်နှာမှာတော့ အဆီပြန်နေသော T.Zone တစ်ဝိုက်မှာ သာမဟုတ်၊ ဘယ်နေရာမှာမှ သနပ်ခါးမတွေ့ရ။ အသားအရေက သူများတွေလို ဖွေးဆွတ်နေတာမျိုးလည်း မဟုတ်ဘဲ၊ ဖြူဝါ ညက်ညောသော အသားအရည်ဖြစ်သည်။ ညအိပ် ပဂျားမားအင်္ကျီဘောင်းဘီကို အိမ်နေရင်း ဝတ်ထားသည်။ အင်္ကျီက အဲသစ်နီးပါးမို့ အဆင်ပြေလောက်ပါသည်။ ခက်တာက ဒီပုံနှင့် ဘယ်သူမှ နေ့လယ်နေ့ခင်း အပြင်သိပ်ထွက်လေ့မရှိတာပင်။ တွဲသွားရမည့် ‘မောင်’က ရှပ်အင်္ကျီ အညိုနုရောင်နှင့် ယောပုဆိုး အညိုရင့်မှိုင်းမှိုင်းကို ဝတ်ထားမိတော့ စဉ်းစားသာကြည့်တော့. . .။

ခဏနေတော့ နွယ့်ကိစ္စပြီးသွားသည်။

“မောင်. . . ပြီးပြီလား၊ သွားရအောင်”

လက်ဆယ်ချောင်းလုံးကို ထောင်ထားတာ ထိုင်ရာက ထ၏။

“နင် အဝတ်လဲဦးလေ. . .”

“မလဲပါဘူးဆို၊ လဲလို့မှမရတာ. . . ဖိနပ်တောင် စီးလို့မရသေးဘူး၊ နင်ငါ့ကွင်းထိုးဖိနပ်လေး ကားပေါ်တင်ပေးလေ. . . မရှိမသေ မဟုတ်ပါဘူး၊ ကန်တော့. . . ကန်တော့. . .”





မောင်က ဘာပြောပြော သူက ပြောချင်ရာပြောပြီး ကားပေါ် တက်သွားပြီ။ စောစောက စိတ်တွေညစ်ညူးငြိမ်သက်နေတာ သူမ မဟုတ်တော့သလိုနှင့်။

မောင်ဘာမှ မတတ်နိုင်။ မိနွယ်၏ဖိနပ်ကို ကောက်ကိုင်ကာ ကားပေါ် တက်ခဲ့ရတော့၏။

“နင်. . . တစ်ခုခု အရင်စားမလား၊ ငါချိန်းထားတာ အရင်သွားမလား”

မိနွယ်. . . မျက်လုံးလေးထောင့်ကပ်ကာ စဉ်းစားဟန်ပြု၏။ ပြီးမှ. . .

“ခု. . . သိပ်မဆာသေးဘူး၊ ပြီးတော့ ဒီလက်နဲ့ စားလို့ အဆင်ပြေဦးမှာ မဟုတ်ဘူးမောင်”

သို့နှင့် ‘မောင်’တစ်ယောက် ချိန်းဆိုထားရာ သူငယ်ချင်းရှိနေမည့် အအေးဆိုင်ကလေးဆီ မောင်းလာခဲ့လိုက်သည်။ ဟိုရောက်တော့ သူငယ်ချင်းက မရောက်သေးဘူး။ နွယ်က သူမ ထုံးစံအတိုင်း ထောင့်တစ်ထောင့်က နံရံနှင့်ကပ်နေသောခုံကို ရွေးသည်။ ပြီး အမှီသဟဲပြု စရာနံရံကို သေသေချာချာမှီပြီးမှ နှာခေါင်းရှုံ့ကာ ဝေဖန်ရေးစ၏။

“ညံ့လိုက်တာ”

“ခင်ဗျာ”

အနားရောက်လာသော စားပွဲထိုးကလေးက တအံ့တသြနှင့် နွယ့်ကို ကြည့်ကာပြော၏။ နွယ်က ကမျာကယာ လက်ကာပြလိုက်ရင်း. . .

“မင်းကို ပြောတာမဟုတ်ဘူး. . . သူ့သူငယ်ချင်းကို ပြောတာ



www.burmeseclassic.com

www.burmeseclassic.com

အချိန်မတိကျလို့"

မောင်ကပြုံး၏။ ဒီလိုထင်ရာမြင်ရာကို စွတ်ပြောတတ်တာကို က မြစ်မခနွယ်ရဲ့အကျင့်လေ။ စိတ်ရင်းက ကောင်းသလောက် သူမ စိတ်မကြည်လင်ချိန်ဆိုလျှင်တော့ တစ်လောကလုံး (ဘေးနားက ကြောင်ကအစ)မလွယ်။ မောင်က စားပွဲထိုးကို အရင်တောင်းပန်ကာ အအေး မှာလိုက်၏။

"နွယ်"

"ဘာလဲ"

"အချိန်မတိကျဘူးဆိုတာက. . . ဟုတ်တယ်"

"မဟုတ်တာက ဘာလဲ"

"ညံ့တယ်. . . ဆိုတာ"

"ကမ္ဘာပေါ်မှာ တော်ပြီး. . . အချိန်မတိကျတဲ့သူတွေရှိတယ် ပေါ့"

"ဟုတ်တယ်. . . ဒါပေမယ့် လုံလောက်ခိုင်မာတဲ့ အကြောင်း ပြချက်တစ်စုံတစ်ရာတော့ ရှိရမှာပေါ့. . ."

"ကဲ. . . ပြောစမ်းပါဦး. . . လုံလောက်ခိုင်မာတဲ့ အကြောင်း ပြချက် တစ်စုံတစ်ရာ. . ."

"အဲဒါကို. . . ငါပါးစပ်က ပြောတာထက် လာမှလက်တွေ့ မျက်မြင်တွေ့ရတာက ပိုကောင်းလိမ့်မယ်"

နွယ်. . . နှာခေါင်းကို ရှုံ့ပစ်လိုက်၏။

"ဟွန့်. . . ငါကစောင့်ရဦးမယ်ပေါ့. . . "

"မစောင့်ရပါဘူး. . . ဟိုမှာလာပါပြီ"





"ဘယ်. . . ဘယ်မှာလဲ"

မောင့်လက်ညှိုးညွှန်ပြရာနေရာသည်. . . နွယ့်ကံကြမ္မာ ဖြစ် စဉ်အသစ်တို့ကို သယ်ဆောင်လာနေသောအရာလည်း ဖြစ်သည်ဆိုတာ ကိုတော့ ထိုစဉ်က နွယ်သာမက ဘယ်သူမှ မသိရှိသေးပါ။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ရွှေညိုရောင်သန်းချင်နေသော ဆံပင်ပျော့ပျော့ခွေခွေများက ပုခုံးပေါ်ကျလျက်တချို့၊ မသေမသပ် စီးနှောင်ထားသော ခေါင်းစည်းကြိုး အညိုရောင်ကွင်းထဲမှာတချို့နှင့်. . .။ ဖြူဖွေးနေသော တီရှပ်အဖြူရောင်က ထိုသူ၏အသားအရေကိုပို၍ ဖြူလျော်အားဖျော့သွားစေသလို။ ဘေးနားမှာ အဖော်ပါ,ပါလျှက်နှင့် ဘီးတပ်ကုလားထိုင်ဘီးကို ကိုယ်တိုင်တွန်းလာသည့်.ထိုလူသည် မောင်စောင့်နေသူတဲ့လား။ နွယ်၏ စူးစမ်းသောအကြည့်နှင့် ထိုသူ၏ မျက်မှန်ဝိုင်းဝိုင်းကလေးအောက်မှ လှေလာသောအကြည့်ကို တဒင်္ဂအဆုံတွင် ထူးဆန်းစွာ ထိုသူက မျက်နှာပြန်လွှဲသွား၏။ နွယ့်နားထဲမှာတော့ 'သူက. . . မိန်ကလေးတွေကို စိတ်မဝင်စားဘူး' ဆိုသောစကားသံက ပဲ့တင်ထပ်မျှ မြည်ဟည်းနေသည်။ ပင်ကိုအကျင့်အတိုင်း မထိတရိ မသိမသာ ပြုံးလိုက်မိရင်း 'မိန်းကလေး





တွေကို ဘယ်စိတ်ဝင်စားပါ့မလဲ၊ ယောကျ်ားနဲ့မှ မတူတာ'ဟု သူတွေးလိုက်မိသေး၏။

တကယ်ပါ။ တစ်စုံတစ်ခုသော အကြောင်းအရာကြောင့်သာ ထိုသူသည် ဘီးတပ်ကုလားထိုင်ပေါ်မှ လူတစ်ယောက် ဖြစ်မနေခဲ့လျှင် အတော့်ကို နာမည်ကြီးမည့်ရုပ်မျိုးဖြစ်သည်။ ချောတယ်ဆိုတာထက် သန့်ပြန့်ကြည်စင်ကာ သိမ်မွေ့ပုံပေါက်ခြင်းမျိုးဖြစ်၏။

"ရောက်နေတာကြာပြီလား. . . ကိုမောင်မောင်"

"မကြာသေးပါဘူး. . . စောစောကပဲ"

"ကျွန်တော် မိုးကျော်သူကို ဝင်ခေါ်နေတာနဲ့. . ."

"သြော်"

မိုးကျော်သူဆိုသူကို မောင်က အသိအမှတ်ပြုသလို နှုတ်ဆက်၏။ မောင်နှင့်ထိုသူက သိထားပုံမပေါ်။ ဘယ်သူ့ကိုမှ အရောတဝင်မရှိချင်ဟန်နှင့် အကဲခတ်နေတာက. . . နွယ်။ ဒါကိုမြင်တော့ မိုးကျော်သူက မျက်မှောင်လေး မသိမသာကြုတ်ကာ နွယ့်ကိုကြည့်၏။ ပြီး. . . လက်ညှိုးထိုးရင်း. . .

"ကျွန်တော်. . . ခင်ဗျားကို ကောင်းကောင်းသိပါတယ်. . . နာမည်က ဟို. . . ပါးစပ်ဖျားတင်. . ."

မောင်က မိုးကျော်သူဆိုသူ၏မျက်နှာကိုကြည့်ကာ အားတုံ့အားနာဟန်ဖြင့် ဝင်ဖြေပေး၏။

"သူလား. . . မြစ်မခနွယ်"

"ဟာ. . . သိပ်ဟုတ်တာပေါ့၊ ဒီနာမည်မျိုးက နှစ်ယောက်မရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



နွယ်. . . ထိုသူကို မော့ကြည့်လိုက်သည်။

သေချာသည်။ နွယ်. . . ရေးတေးတေးပင် မသိ။ ထို့ကြောင့် မျက်နှာသေနှင့် ပြန်ကြည့်နေလိုက်မိသည်။

"ခင်ဗျား. . . ကျွန်တော့်ကို မမှတ်မိဘူးလား"

"ဟင့်အင်း"

"သေချာစဉ်းစားပါဦးဗျာ"

နွယ်. . . အူကြောင်ကြောင်နှင့် တဒင်္ဂစဉ်းစားလိုက်သေးသည်။ ခေါင်းမူးလာသည်ထိ စဉ်းစားသော်လည်း မအောင်မြင်ပါ။

"မသိပါဘူး"

ထိုအခါကျမှ. . . မိုးကျော်သူဆိုသူက. . . ခွီးခနဲ ရယ်ချလိုက်တာ. .

"ဘယ်သိပါ့မလဲ. . . တစ်ခါမှ မတွေ့ဘူးတာ"

မောင်တို့က တဟားဟား ဝိုင်းရယ်နိုင်သော်လည်း နွယ့်မှာ ရှက်ရှက်နှင့် ဒေါသပဲထွက်ရမလို၊ ရယ်ပဲ ရယ်ရတော့မလိုနှင့်။ တတ်လည်းတတ်နိုင်ပါပေသည်။ နွယ် စိတ်တိုလာသဖြင့် ကားသော့ကို ကောက်ကိုင်လိုက်တာ. . .

"မောင်"

"ဘာလဲ"

"ငါ. . . ကားပေါ်က စောင့်မယ်"

"ဟာ. . ."

"ဟာ. . . နေပါဦး"

မိုးကျော်သူနှင့် ဘီးတပ်ကုလားထိုင်ပေါ်မှလူ၏ အာမေဋိတ်





က အရင်လာ၏။ ပြီးမှ မောင်၏တားမြစ်သံ။ ဘီးတပ်ကုလားထိုင်ပေါ်မှသူက မောင့်ကိုလှမ်းဆွဲရင်း. . .

"ဆောရီး ကိုမောင်မောင်. . . ကျွန်တော်တို့က ခင်ဗျား ကောင်မလေးလို့ မထင်လို့နောက်မိတာ"

"ဟုတ်ပ. . . မောင်မောင်ရာ. . . မင်းမို့ဒိုင်လျှို့နဲ့"

ဒီတစ်ခါခြေကားရားလက်ကားရားငြင်းရတာက မောင်ဖြစ်၏။

"မဟုတ်ပါဘူးဗျာ. . . ကျွန်တော်နဲ့ နွယ်က မောင်နှမအရင်းကြီးတွေပါဗျာ"

"ဘာလဲ. . . ဘင်္ဂလားလား"

"အာ. . . အရေးထဲ တကယ်ပြောတာပါ"

မိုးကျော်သူက လေသံကိုနှိမ့်ရင်းက ပြော၏။

"သူက မင်းကို 'မောင်' လို့ခေါ်တာလေ"

"ဟုတ်တယ်. . . သူတို့ မောင်နှမအားလုံး ကျွန်တော့်ကို 'မောင်'ပဲခေါ်တာ၊ နွယ်နဲ့ ကျွန်တော်က လေးလပဲကွာတယ်၊ နွယ်က ကြီးတယ်၊ အမှန်ပြောရရင်တော့ တစ်ဝမ်းကွဲ မောင်နှမပေါ့၊ ဒါပေမယ့် နွယ်တို့ဖေဖေက ကျွန်တော့်ကို အပြီးအပိုင် မွေးစားလိုက်တော့ အရင်းတွေလိုပဲပေါ့"

တစိမ်းတစ်ယောက်ကိုတော့ ဒီလောက်ရှင်းပြတာဟာ မှုသားမပါလက်ာမချောအဆင့်နှင့် အတော်ပင်။ detail ကြီးပြောနေရလောက်အောင် သူတို့က လူဝင်မှုကြီးကြပ်ရေးအရာရှိလည်း မဟုတ်။

"သြော်. . . ဆောရီး မောင်မောင်"



www.burmeseclassic.com

www.burmeseclassic.com

"မမြစ်မခနွယ်ကိုလည်း တောင်းပန်ပါတယ်"

ထိုသူက နွယ့်ကိုပါ တောင်းပန်သဖြင့် နွယ် ပြင်လက်စခြေလှမ်းများကို ရပ်လိုက်ရသည်။

"ရပါတယ်"

"ရရင်ထိုင်ပါဗျာ. . . ကိုမောင်မောင်နဲ့ မောင်နှမဆိုတော့ ကျွန်တော်တို့နဲ့လည်း မောင်နှမပေါ့"

နွယ်ဆိုတာကလည်း. . . ဆုံးဖြတ်ပြီးလျှင် မပြင်ချင်သူလေ။ ရပါတယ်ဟုဆိုကာ ကိုယ့်နဂိုမူလအတိုင်း ကိုယ့်ကားပေါ် ကိုယ်ပြန်တက်ရန်ပြင်လိုက်သည်။ ဒါကိုမောင်က လက်ကို ဖမ်းဆွဲရင်း ပြန်ထိုင်ခိုင်း၏။ အောင်မာ. . . သူကများ လူကို သူ့ထက်အငယ်မှတ်နေလား မသိဟု တွေးကာ မျက်စောင်းရွယ်ဆဲ. . .

"ဟုတ်သားပဲ. . . မမြစ်မခနွယ်. . . ထိုင်ပါ၊ စကားပြောရတာပေါ့"

မောင်က 'တော်တယ်'ဟု ညွှန်းထားသော ဘီးတပ်ကုလားထိုင်ပေါ်မှ ပုဂ္ဂိုလ်လေးကပါ ဝင်ပြောလာသဖြင့် နွယ်. . . နေရာမှာ ပြန်ထိုင်လိုက်သည်။ မျက်နှာကတော့ မကြည်လင်နိုင်။

"သြော်. . . မိနွယ်. . . ဒါငါ့သူငယ်ချင်း စတီဗင်တဲ့"

နွယ့်ပတ်ဝန်းကျင်တွင် တွေ့နေကျ ကြားနေကျ နာမည်မျိုး မဟုတ်သဖြင့် နွယ် တစ်ချက်အံ့သြချင်သလို ဖြစ်သွားသည်။ သို့သော် သိပ်တော့မဆန်းပါ။ ဒီမှာ အင်္ဂလိပ်နာမည်နှင့် တွဲတွဲမှည့်သောခေတ်ကုန်သွားပြီဟု ဆိုလို့ရသည့်တိုင် တချို့ကတော့ မှည့်ဆဲ။ ဥပမာ ကရင်၊ ချင်း၊ ကချင် စသော တိုင်းရင်းသားတချို့။ မောင်က စကားမဆုံးသေးဟန်ဖြင့်ဆက်၏။

"ဒါပေမယ့်. . . ငါတို့က သူ့ကို 'ဟောကင်း' လို့ခေါ်တယ်"

"ဟောကင်း"

နွယ် တအံ့တသြ သံယောင်လိုက်မိသည်။ Stephen Hawking လိုပုဂ္ဂိုလ်နှင့် ဒီလူက နှိုင်းရလောက်လို့လား ဟုလည်း မခံချိမခံသာ တွေးလိုက်သေးသည်။ ဒီလူမှာ လောလောဆယ် ဟောကင်းနှင့်တူတာဆိုလို့ ဘီးတပ်ကုလားထိုင်ပေါ် ထိုင်နေခြင်းနှင့် မျက်မှန်သေးသေးလေး တပ်ထားခြင်းလောက်ပဲ ရှိသေးသည်။

နွယ်က အတွေးတွေလွန်နေဆဲ၊ မိုးကျော်သူက ဝင်နှောက်၏။

"ကျွန်တော်ကတော့ မိုးကျော်သူပါ၊ ခင်နှင်းယုရဲ့ မိုးကျော်သူတော့ မဟုတ်ဘူး၊ ဒါပေမယ့် ရှားလော့ဘရွန်တီရဲ့ ဂျိန်အဲနဲ့တော့ တူမလားမသိဘူး. . . ဟီးဟီး"

ပိုဝေးသေး. . . ဟု စိတ်ထဲမှ ထောပနာပြုလိုက်ရင်း မျက်စောင်းပင် ချိတ်လိုက်မိသလား မဆိုနိုင်။ အံ့သြပါရဲ့။ ဒီလိုလူနဲ့ ဒီလိုလူက တွဲမိပြီး၊ မောင်နှင့်ပါ လာတွဲမိနေခြင်းပင်။ သေချာတာကတော့ ခေသူတစ်ယောက်မှ မဟုတ်တာပင်။ ဟောကင်းဆိုသူက လူတထူးကို ချီးကျူးခဲ့သောမောင်က ချီးကျူးထားသူ။ မိုးကျော်သူဆိုတာက ဖြတ်ထိုး ဉာဏ်နှင့် ဟာသဉာဏ်ကောင်းလွန်းသောသူ။ ခုပဲကြည့်လေ ခင်နှင်းယုရဲ့ မိုးကျော်သူကော၊ ရှားလော့ဘရွန်တီရဲ့ ဂျိန်အဲကော. . . တစ်လျှောက်တည်း ဆက်စပ်ပြသွားနိုင်သည်။ တော်ရုံ ဘာမှမသိသူကတော့ နေရစ်ခဲ့ပေဦးတော့ မိုင်အဝေးမှာပင်။

"အရင်က ကျွန်တော်ပုံစံက ပိန်ပိန်ညောင်ညောင်နဲ့ ပြီးတော့




www.burmeseclassic.com

www.burmeseclassic.com



နာမည်က Steven ဆိုတော့ Stephen နဲ့ အသံထွက်ဆင်တယ်၊ ပြီး ပိုဆိုးတာက ဘီးတပ်ကုလားထိုင်ပေါ် ရောက်သွားတော့ ပိုဆိုးသွားတယ်၊ အလိုလိုနေရင်း. . . ကျွန်တော့်နာမည် Steven ပျောက်ပြီး 'ဟောကင်း' ဖြစ်သွားတာ၊ မမြစ်မခနွယ် ကြိုက်သလိုခေါ်ပါ"

"ဟုတ်ကဲ့. . . ကျွန်မကြိုက်တာတော့ မသိဘူး၊ မကြိုက်တာတော့ မမြစ်မခနွယ် ဆိုတာပဲ"

"ဗျာ. . . ကျွန်တော့်နာမည်မှားမိလို့လား"

"မမှားဘူး၊ မှန်လွန်းလို့ ထောင့်နေတာ. . . မောင်ခေါ်သလိုပဲ နွယ် ဒါမှမဟုတ် မိနွယ်လို့ပဲခေါ်ပါ"

"ဒါဆို ကျွန်တော်တို့ကိုလည်း မောင်မောင့်ကိုခေါ်သလို 'မောင်' လို့ ပြန်ခေါ်မှာလားဟင်"

"သေလိုက်. . . သေပစ်လိုက်"

တကယ်တော့ ဒါ. . . နွယ်. . . ရိုင်းတာပါ။ ခုမှတွေ့တဲ့သူကို သေလိုက်ဟု မပြောသင့်။ ဒါပေမယ့် ပါးစပ်က မရတော့ ပြောပြီးသွားပြီ။ ဒါကိုပင် မိုးကျော်သူက သံစဉ်ထည့်ကာ လိုက်ရွတ်နေသေးသည်။

"သေလိုက်. . . သေလိုက်. . . သေပစ်လိုက် . . . သေလိုက် . . . ဧသလိုက်. . . သေပစ်လိုက်"

"ကဲ. . . တော်ပါတော့. . . မိုးကျော်သူရာ"

"ဩော်. . . တော်င်းဆိုတယ်လား၊ ခက်တာက အသံကနာကျန်းမာရေးက မကောင်း"

ဇာတ်သံပါ,ပါလာသဖြင့် နွယ် မနေနိုင်ဘဲ ရယ်မိတော့သည်။

နောက်ပိုင်းကျတော့လည်း ပေါက်ကရ အလွန်ပြောတတ် သော မိုးကျော်သူနှင့် သူတို့အားလုံးအဖွဲ့ကျသွားကြသည်ပင်. . .။ နွယ်လည်း ခုမှ လွတ်လပ်ပေါ့ပါးသွားသလို ခံစားလာရသည်။ စောစောက ရှိနေခဲ့သော ဝင်းနိုင်ဦးနှင့် ပတ်သက်သည့် မခံချင်စိတ်များ၊ နာကျင်မှုများသည် ခုတော့လည်း ကျဲပါးကွယ်ပျောက်သွားသလို။ တစ်ခဏအတွင်းမှာပင် ချက်ချင်းကြီး ပြောင်းလဲသွားကာ ရင်နှီးမိသွားသော နွယ့်ကိုယ်နွယ်လည်း အံ့ဩတာပင်။

အပြန်လမ်းကျတော့ နွယ်နှင့်မောင်က Steven နှင့် မိုးကျော်သူကို လိုက်ပို့ပေးသည်။ သူတို့မရှိတော့မှ မောင်က. . .

"နွယ်. . . နင်စိတ်ပေါ့သွားပြီ မဟုတ်လား"

"အင်း. . . ဟုတ်တယ်"

"ဒါဆို နင်ဖြစ်ခဲ့တာတွေကို. . . သူများဖြစ်ခဲ့သလို ပြန်ပြောနိုင်လောက်ရောပေါ့"

နွယ်က စိမ့်နေအောင်ပြုံး၏။ နွယ်ပြုံးပုံက ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် အသက်ပါလွန်းနေလေသည်။

"ဒီတိုင်းလည်း ငါပြောနိုင်တယ်မောင်. . . မပြောချင်တာပါ။ လူတစ်ယောက်ဟာ သူ့ရဲ့အရှုံးတွေကို ဘာအင်အားနဲ့ ချပြချင်မှာတဲ့လဲ"

"နင်ရှုံးတာပဲလား"

"ရှုံးတာပေါ့"

"အပြင်မှာတော့ မြစ်မခနွယ်ဟာ ရေစီးသန်တဲ့လူသားစားမြစ်. . . တဲ့"

"ဟား. . . ဟား. . . ဟား"

နွယ် မိန်းမ မဆန်စွာ ခေါင်းမော့ရယ်မောလေသည်။ ပြီးမှ. . .





www.burmeseclassic.com

www.burmeseclassic.com

"နင်သိလား. . . မောင်"

"ဘာလဲ"

"ယောက်ျားတွေဟာ. . . သိပ်အတ္တကြီးတယ်တဲ့"

မောင်က နားလည်စွာရယ်၏။

"ငါလည်း ယောက်ျားဆိုတာတော့. . . နင် မေ့မသွားနဲ့နော်"

"မမေ့ပါဘူးမောင်. . . အဲဒီ အတ္တရှိတဲ့ယောက်ျားတွေထဲမှာ နင်လည်းပါမှာပဲ. . . တစ်ခုပဲ"

"ဘာ တစ်ခုပဲလဲ"

"အပြင်းအပျော့ကွာတာ. . . နင့်မှာက ပရစိတ်ရှိနေတယ်၊ တိတိကျကျပြောရရင် များနေတယ်၊ ဒီတော့ အတ္တက အချိုးနည်းသွားတယ်၊ ဒါပါပဲ"

မောင်. . . နွယ့်ကို သဘောကျစွာကြည့်ရင်းရယ်သည်။ ဒီအဖေ၊ အမေက မွေးစားလိုက်သဖြင့် မောင့်တွင် မောင်နှမလေးယောက်ဖြစ်ခဲ့ရသည်။ ရှုမဝသွယ်၊ နှင်းမရနွယ်နှင့် မြစ်မခနွယ်တို့ သုံးယောက်တွင် မောင်နှင့် နွယ်က ရွယ်တူမို့ နားလည်မှုပိုသည်လား မပြောတတ်။ ပိုတွဲဖြစ်ကြသည်။ လှပလွန်းသော၊ ရိုးသားလွန်းသော ကံမကောင်းစွာ နာမည်ပျက်ပါရှိနေသော မြစ်မခနွယ်ကို နားအလည်ဆုံးသူကိုပြပါဆိုလျှင် 'မောင်'တစ်ယောက်သာရှိလိမ့်မည်။ မောင်နှင့်နွယ်သည် မွေးစားမောင်နှမ,မက အဖေတူ အမေကွဲ မောင်နှမအရင်းလောက် ဖြစ်နိုင်သည်ဟု နွယ် တစ်ထစ်ချ ယုံမှတ်ထားရခြင်းထဲတွင် ထိုအချက်ပါသည်။ မောင်နှင့်နွယ်က အရမ်းကို ဖြူစင်စွာ နားလည်ကြသည်လေ။

"ဟိုး ရှေးအတိတေကတည်းက ယောက်ျားတွေဟာ အသက်





သာခိုချင်တာနဲ့ သူတို့ကိုယ်သူတို့ အိမ်ဦးနတ် လုပ်ပစ်လိုက်ကြတာ၊ သာရာမှန်သမျှက သူတို့ဘက်ကချည်းပဲ၊ နီတိတွေ၊ ကျမ်းဂန်တွေ၊ ဥပဒေသတွေ ချမှတ်ကြတာကလည်း ယောက်ျားတွေချည်းပဲဆိုတော့ ဘယ်လိုလုပ် တရားပါတော့မလဲ၊ ခုကိစ္စမှာလည်း ဒီလိုပဲ၊ သူတို့ဟာ သူတို့လုပ်ချင်ရာလုပ်၊ ပြောချင်ရာပြော၊ ပြတ်သွားတော့ မြစ်မခနွယ်က အသည်းမာသတဲ့၊ လူသားစားမြစ်တဲ့ သိပ်ရယ်ရတာပဲ၊ အဲဒီမြစ်ကို လှိုင်းထန်အောင်လုပ်တဲ့ 'လေ' မှာကော အပြစ်မရှိတော့ဘူးတဲ့လား၊ အဲဒီမြစ်ထဲကို ပရမ်းပတာနစ်အောင် ခုန်ချခဲ့တဲ့သူကကော အပြစ်မရှိတော့ဘူးတဲ့လား။ သူတို့အပြစ်နဲ့ သူတို့ခံသွားရတယ်လို့ကော တစ်ခါမှ တစ်ယောက်မှ မတွေးကြတော့ဘူးတဲ့လား"

မောင်. . . ခေါင်းခါလိုက်သည်။

"ငါ တွေးပါတယ်"

"ဒါက. . . နင်ကိုး"

"နင်က. . . တခြား ဘယ်သူ့ကို တွေးစေချင်သေးလို့လဲ. . . လောကကြီးမှာ ကိုယ့်ကိုယ်ကိုပဲ ပြင်လို့ရတာလေ၊ သူများကို ပြင်လို့မရဘူး"

"ငါ သိပါတယ်"

"ကဲ. . . သိရင်. . . နင်နဲ့ငါနဲ့ နင်ကြိုက်တဲ့ Feel မြန်မာထမင်းဆိုင်မှာ ညစာသွားစားရင်း စကားပြောရအောင်. . . ရှင်းမှာကတော့ ကိုယ်စားကိုယ်ရှင်းစနစ်ပဲ. . . ငါလည်း ပြတ်လပ်နေတယ်"

"အေး. . . ကောင်းတယ်. . . ငါရောပဲ"

သူတို့ကားလေး ပြည်ထောင်စုရိပ်သာလမ်းဘက် မောင်း



www.burmeseclassic.com

www.burmeseclassic.com

ထွက်လာချိန်မှာ နွယ်တစ်ယောက် မဆီမဆိုင် စတီဗင်ဆိုသော ပုဂ္ဂိုလ်လေးကို သွားသတိရမိသေးသည်။ သူကတော့ နွယ်နှင့် သွေးမတော်သားမစပ်မို့ နွယ့်ကို နားလည်ပေးနိုင်မည့်သူ မဖြစ်နိုင်ပေ။ ခင်မင်နှစ်လိုဖွယ်ကောင်းတာကတော့ သေချာလေသည်။

⌘ ⌘ ⌘





## အခန်း (၃)

ဝင်းနိုင်ဦး. . . နွယ့်ကို ချဉ်းကပ်ကာစတုန်းကတော့ အရပ်ကျပါ လူဝိုင်းပါနှင့်ဖြစ်သည်။ မိဘတွေခေါ်လာပြီး တစ်ခါတည်း တန်းနားမဖောက်တာကလွဲလျှင် နည်းပေါင်းစုံသုံးသည်။ ထူးခြားတာက သူ့နည်းပေါင်းစုံသည် တခြားတစ်စုံတစ်ယောက်မှ တစ်ဆင့်တွေချည်းသာဖြစ်၏။ ကိုယ်တိုင် ခဲရာခဲဆစ် ကြိုးပမ်းသောနည်း တစ်နည်းမှမပါ။

"မိနွယ်. . . ဝင်းနိုင်ဦးဆိုတာ သိလား"

မမကြီးရှုမဝက မေးလာတော့ နွယ် ခပ်လေးလေးခေါင်းညိတ်ပြမိသည်။

"သူက. . . ငါ့အလုပ်ရှင်. . . ဒေါ်ခင်ဝင်းသီရဲ့တူတော်တယ်တဲ့"

"ဟုတ်လား"

"အဲဒါ. . . သူတို့က နားပူတိုက်လို့တဲ့. . . ငါ့နားလည်းပူလှပြီ


www.burmeseclassic.com

www.burmeseclassic.com

မိနွယ်"

"အဲဒါနွယ်က. . . ဘာလုပ်ရမှာလဲ"

"ဟင်. . . နှင်တစ်ခုခု ပြုတ်သွားလိုက်ပေါ့"

"ပြုတ်သွားရအောင်. . . သူကိုယ်တိုင်ဖြင့် ဘာမှလာမပြောဘဲနဲ့ နွယ်က ဘယ်လိုငြင်းမလဲ"

"ဟင်. . . သူက မပြောရသေးဘူး ဟုတ်လား"

"ဟုတ်တယ်"

"ဖြစ်ရတယ်. . . ငါ. . . မမသီကို ပြန်ပြောဦးမှ. . ."

မမကြီးရှုမဝနှင့် ဇာတ်လမ်းက ဒီမျှနှင့် ပြတ်ဦးမှာမဟုတ်။ ခဏတော့ စကားပေး စကားယူနှင့် အချိန်လင့်သွားမှာ သေချာသည်။ နောက်တစ်ယောက်က နွယ့်အစ်ကိုဝမ်းကွဲ ကောင်းခန့်ဇော်။ ဒီအစ်ကိုနှင့် နွယ်က အကြောကိုမတည့်။ တည့်စရာ အကြောင်းအလမ်းကလည်းမရှိ။ ကောင်းခန့်ဇော်က မိသားစုထဲမှာ ဩဇာသီး။ နွယ်က အားလုံးထဲမှာ 'ဝိုလ်'။ ဒီတော့ ဘယ်လိုမှ အဆင်မပြေ။ တစ်နေ့. . .

"မိနွယ်"

"ဘာလဲ. . . ကိုခန့်"

"နှင့်မှာ. . . ရည်းစားရှိလား"

"ခုလား"

"အေးလေ. . . ခုပေါ့"

"ခုတော့. . . မရှိဘူး"

"မရှိရင် ဒီစာလေး နှင်ယူထားလိုက်. . . ငါ့ကို ပေးခိုင်းထားတာကြာပြီ၊ ငါက မအားတာရယ်၊ နင့်မှာ ရည်းစားရှိတယ်ထင်တာ





ရယ်ကြောင့် မပေးဖြစ်တာ"

"ဘုရား. . . ဘုရား. . . မြတ်စွာဘုရား"

နွယ့်. . . တမင်တကာပင် ရင်ဘတ်ဖိကာ ဘုရားတ,ပေးလိုက်၏။ ဘယ်နှယ့်. . .

ညီမတစ်ယောက်ကိုပေးသည့် ရည်းစားစာကို အစ်ကိုလုပ်သူက တခုတ်တရကို အတွန့်အတိုမရှိ ယူလာပေးသည်တဲ့လေ။ နွယ်. . . ဖျက်ခနဲဆွဲယူကာ ကောင်းခန့်ဇော်ရှေ့မှာတင် gas lighter အပြာရောင်ကလေးနှင့် မီးရှို့ပြာချလိုက်သည်။

"ဟာ. . . မိနွယ်. . . နင်. . . ဘယ်လိုလုပ်လိုက်တာလဲ"

"မြင်တဲ့အတိုင်းပဲ"

"ဒါကြောင့် နင့်ကိုလူတွေက ပြောတာ"

"ဘာပြောလဲ"

"ဘီလူးမ. . . တဲ့"

"ဟားဟား. . . ဘီလူးဆိုလည်း ဘာလို့စာလာပေးနေမလဲ"

"ငါက. . . ဝတ္တရားအရနေဘ်"

"ညီမတစ်ယောက်ကိုပေးတဲ့ ရည်းစားစာကို ယူလာပေးတာ ဝတ္တရားလား"

"ဟ. . . ဝတ္တရားပေါ့. . . ဝင်းနိုင်ဦးလိုလူကို နှင်နဲ့သင့်တော်မယ်ထင်လို့ ငါက ယူလာတာပေါ့. . . မဟုတ်ရင် ယူမလား၊ ဒီကောင်က အသောက်အစားကင်းတယ်၊ စီးပွားရေးလုပ်တာ တော်တယ်၊ စာရိတ္တလည်း ကောင်းတယ်၊ နင့်လို ရှုပ်တယ်တောင်. . . နာမည်မပျက်ဘူး"

နွယ် စိတ်တိုသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"နွယ်က ရှုပ်တာမဟုတ်ဘူး၊ အရှုပ်ခံရတာ. . ."

"အေးလေ ဘယ်လိုပဲဖြစ်ဖြစ်. . . ခုလို လူကောင်း သူကောင်းနဲ့တည်တည်တံ့တံ့. . ."

"တော်တော်. . . တော်တော့. . . နွယ်စိတ်မဝင်စားဘူး"

ကောင်းခန့်ဇော်နှင့် နွယ်က အကြောသိပ်မတည့်၍ ဒီလောက်ဆို ဇာတ်လမ်းကပြတ်သည်။ ဟိုကလည်း မဆက်၊ နွယ်ကလည်း မဆက်တော့။ ပြန်ဆက်လာတာက မမရှုမဝသွယ်ထံမှ ဖြစ်သည်။ ဒေါ်ခင်ဝင်းသီကိုယ်၌က သူ့အလှူတွေဘာတွေကို နွယ့်ကိုပါ တကူးတကကြီး အတင်းကာရောတွေ ဖိတ်ကာ ဝင်းနိုင်ဦးနှင့် မတွေ့တွေ့အောင်၊ မရင်းနှီးရင်းနှီးအောင် ဖန်တီးပေးသည်။

ဝင်းနိုင်ဦးပုံစံက သာမန်ထက်တော့ ပိုပါသည်။ သမီးရှင်တွေ စိတ်ဝင်စားလောက်သောသူများထဲတွင် ဒုတိယတန်းစားလောက်ကပါနိုင်သည့်သူမျိုးဖြစ်သည်။ ခက်တာက နွယ်က သမီးရှင်မဟုတ်။ သမီးကိုယ်၌ဖြစ်နေလေသည်။ နောက် သူ့လို အရမ်းကြီး ယဉ်ကျေးကျိုးနွံဟန်၊ လူမှုရေးသိပ်ကောင်းဟန်ပေါက်နေသောသူမျိုးကို နွယ်ကလည်း အလိုက်အထိုက် ဆက်ဆံရသည်။ လောကတွင် အလိုက်အထိုက်ဟူသော ဝေါဟာရသည် ရေးရပြောရ လွယ်သလောက် အတော့်ကို ခက်ခဲပင်ပန်းသောကိစ္စဖြစ်တာကိုတော့ ကြုံဖူးသူတိုင်း သိကြပေလိမ့်မည်။ ရေလိုက်ငါးလိုက်ဟုဆိုရအောင် ရေရှိနိုင်သောနေရာတိုင်း ငါးရှိတာမှမဟုတ်တာ။

"နွယ့်ကျောင်းကို. . . ကျွန်တော် လာလည်လို့ရလား"

"ရပါတယ်. . . နွယ် အတန်းအားရင်ပေါ့"





"နွယ် အားတဲ့အချိန်တွေ သိရအောင် အချိန်ဇယားလေး ပေးထားပါလား"

စိတ်ထဲက 'ငတုံး' ဟု ကြိတ်ထောပနာ ပြုလိုက်မိသော်လည်း နှုတ်ကတော့. . .

"အချိန်ဇယားဟုတ်လား. . . နွယ့်ဆီမှာတောင် မရှိဘူး၊ နွယ်ရောက်တဲ့အချိန် စာသင်ရင် lecture လိုက်တယ်၊ သူငယ်ချင်းတွေက tutorial ရှိကြောင်း သတိပေးရင် စာကြည့်တယ်၊ practical ရှိတဲ့နေ့ဆိုရင် မောင်က. . . စောင့်ခေါ်ရတယ်"

"ဗျာ. . . ဘယ်သူ"

ထိုသူပြာယာခတ်သွားပုံ တစ်ချက်ပေါ်သွားသော်လည်း အချိန်မီသေသပ်စွာ ဖုံးဖိပစ်လိုက်ပုံက ချီးကျူးချင်စရာ။ နွယ်ကလည်း ခပ်ပေ့ပေ့ပင်။

"မောင်လေ. . . မောင်"

အခုပဲ. . . အဖေလုပ်သူက မောင့်ကိုမွေးစားခဲ့ကာ မောင်မောင်ဆိုသော ခပ်တုံးတုံးနာမည်ကိုပေးပြီး မေမေကအစ 'မောင်'ဟု အဖျားဆွတ်ခေါ်ခဲ့ကြတာကို အကျေနပ်ကြီး ကျေနပ်နေမိတော့သည်။

"မောင်ဆိုတာ. . . နွယ့်ရဲ့. . . ချစ်သူလား"

"အာ. . . မဟုတ်ပါဘူး၊ နွယ့်မောင်ဝမ်းကွဲပါ"

နွယ်က ငရဲအိုးတွေကြီးမှာစိုးလို့ သေသေချာချာဝန်ခံသော်လည်း ထိုပုဂ္ဂိုလ်က သိပ်မယုံချင်တော့။ ဒါကိုပင် နွယ်က ကြိတ်ပျော်နေမိသေးသည်။ မယုံတော့ တစ်ရန်အေး၊ တစ်တောရှင်းတာပေါ့ ဟု တွေးထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

"သြော်. . ."

သူ့ သြော်သံက သိပ်အသက်မပါ။ ဒါကိုရိပ်မိသော ဒေါ်ခင်ဝင်းသီက ဝင်ပြော၏။

"နိုင်နိုင်ကလည်း မသိဘူးလား. . . အန်တီပြောဖူးပါတယ်၊ ရှုမဝတို့အဖေက မွေးစားထားတဲ့သားလေ. . . မွေးစားသား ဆိုပေမယ့် သွေးမတော်သားမစပ်လည်း မဟုတ်ဘူး၊ သူ့တူအရင်းကို ပြန်မွေးစားထားတာမို့ နွယ်တို့နဲ့က အရင်းဆိုလည်း ဟုတ်တာပဲ၊ ပြီးတော့ သူတို့က ငယ်ငယ်တည်းက 'မောင်'လို့ အဖျားဆွတ်ခေါ်တာ အကျင့်ပါနေကြတာလေ. . . နော်. . . ရှုမဝ"

"ဟုတ်တယ်. . . ဟုတ်တယ်၊ မောင်က ရှုမဝတို့မောင်နှမထဲမှာတော့ အငယ်ဆုံးပဲလေ၊ အငယ်ဆုံးသာပြောတာပါ။ မောင့်ခမျာ နွယ့်လောက်တောင် ဆိုးခွင့်မရဘူး"

"သြော်"

ဒီတစ်ခါ 'သြော်' က နည်းနည်းအသက်ပါလာသည်။ မျက်လုံးတွေက ပြန်တောက်လာသည်။ နွယ်ကတော့ သက်မတစ်ချက်ကို မသိမသာချရင်း. . . စိတ်တွေရှုပ်နေမိသည်။ နိဂုံးချုပ်ကြတော့ မောင်ကလွဲရင် ဝင်းနိုင်ဦးနှင့် တစ်မိသားစုလုံးက သဘောတူကြသည်။ ဒီလောက်ကြီး ကြွေးမြှံမဲ့ မဟုတ်သော်လည်း အားနာရမတတ် ဖေဖေနှင့် မေမေတို့လိုသမျှ အရိပ်ပင်မပြရသေး၊ အကောင်လိုက်ရောက်လာတတ်သောသူမျိုးကို ဘယ်မိဘက ကိုယ့်သမီးနှင့် စိတ်မချ ရှိပါတော့မလဲ။

"သမီး စဉ်းစားချင်. . . စဉ်းစားသင့်ပါတယ်"

ဖေဖေကတော့ ယောကျ်ားပီသသော စကားကိုသာဆို၏။





မေမေကလည်း အဖေ့လေကို ချင့်တွက်ကာ. . .

"ကောင်လေးက မဆိုးဘူးဆိုတာထက်ကို တော်ပါတယ်. . . သမီးစဉ်းစားတဲ့အခါ ဦးစားပေး စဉ်းစားပေါ့"

မမကြီးရှုမဝသွယ်ကတော့ အဆိုးဆုံး။

"အမယ်လေး မိနွယ်. . . မမသိနဲ့ ငါနဲ့ "မျက်နှာမပျက်စေရစေနဲ့နော်. . . ဝင်းနိုင်ဦးက နင့်ကို အသေရရ အရှင်ရရလိုချင်တာ၊ သူ့တူဘဝမှာ ဒီလိုဖြစ်တဲ့ မိန်းကလေးဆိုတာ မရှိဘူးတဲ့. . . ပြီးတော့ အဖက်ဖက်က ပြောစရာမလိုဘူး"

"ရပြီ မမကြီး. . . နွယ်. . . တော်တော်နားလည်နေပြီ"

နွယ့်လေသံက နည်းနည်း ဂျစ်တစ်တစ်ဖြစ်နေတာမို့ မမကြီးက မျက်စောင်းထိုးသည်။ ဒါတောင် 'ငါ့မျက်နှာ အိုးမည်းမသုတ်နဲ့' လို့ ပြောဖြစ်အောင် ပြောသွားသေးသည်။ သူ့မျက်နှာကို အိုးမည်းမသုတ်ဘဲ ကိုယ့်မျက်နှာကိုယ် အိုးမည်းသုတ်ရတော့မှာလားဟု စိတ်အချဉ်ပေါက်စွာ တွေးမိသေးသည်။

မမနှင်းမရ ကတော့ အေးဆေးသူပီပီ နွယ့်ကိုဘာမှ မတိုက်တွန်း၊ အားမပေး။ နွယ့်ကို ယုံသူများထဲတွင် မမနှင်းမရလည်းပါသည်။ တစ်ခါတလေ စိတ်ကူးရလျှင် 'မိနွယ်လေးက ကံကောင်းရှာတာ သူ့မှာ ချုပ်ချယ်တဲ့စိတ် မရှိရှာဘူး' ဟု ပြောတတ်သည်။ နွယ့်ကို နားအလည်ဆုံးနှင့် အထောက်ခံဆုံးက 'မောင်'။

နောက်ဆုံးကျတော့ မဲလည်းများနေပြီး သင့်တော်တယ်လည်းဆင်သည့် ဝင်းနိုင်ဦးကို နွယ်ဦးနှောက်နဲ့ လက်ခံပစ်လိုက်တော့သည်။ ထိုစဉ်က မောင်ကတော့ မေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

"နင်. . . သူ့ကို ချစ်လို့လား"

"ချစ်လား. . . ဟုတ်လား. . . ချစ်တယ်ဆိုတာဘာလဲ . . . မောင်"

"နင်မချစ်ဘဲ လက်ခံလိုက်တာလား"

"အင်းလေ. . . တစ်ခါတလေကျရင် ဘဝဟာ ခပ်တုံးတုံး မိန်းမတစ်ယောက်လို ဈေးတွက်တွက်ကြည့်ရင် တွက်ချေကိုက်မလား လို့. . . ငါ့အရင်က ရင်ခုန်ခဲ့ဖူးသလိုလိုနဲ့ တကယ့်တကယ်ကျ ဟုတ်မှ မဟုတ်တာ ရင်မခုန်မယ့် အတူတူတော့ဟာ. . ."

မောင်က နွယ့်ကို တအံ့တသြကြည့်၏။

"နင်တစ်နေ့. . . တကယ်ချစ်တဲ့သူ တွေ့လာရင်ကော"

"တကယ်ချစ်တဲ့သူ. . . ဟုတ်လားမောင်"

"အင်း. . . ငါအတည်ပြောနေတာနွယ်. . . နင်မလှောင်နဲ့"

"မလှောင်ပါဘူး"

"လောကမှာ မထင်မှတ်တာတွေ ဖြစ်တတ်တယ် နွယ်. . . တစ်နေ့ကျမှ နင်ခံစားရမှာစိုးလို့"

နွယ်. . . ခဏတိတ်ဆိတ်စွာ စဉ်းစားမိသည်။ ပြီးမှ. . .

"မြစ်မခနွယ်ဆိုတဲ့ ငါ့မှာ. . . ခံစားချက်ရှိတယ်လို့ကော နင် ထင်လို့လား"

"နင်မှ မဟုတ်ဘူး နွယ်. . . ဘုရားသခင်ဖန်ဆင်းထားတဲ့ လူတိုင်းမှာ ခံစားချက်ဆိုတာရှိတယ်"

"ဒါဆို. . . ငါ့အရင့်အရင် ရည်းစားတွေနဲ့က ခံစားခဲ့ရတာ လား"





"ဒါက နင်မှသေချာသိမှာလေ. . . ဒါပေမယ့် ငါ့အမြင်တော့ နင်ထင်ယောင်ထင်မှားမှုတွေနဲ့ လုံးထွေးနေခဲ့တာလို့ ထင်တယ်"

နွယ် တစ်ချက်ပြုံးမိ၏။

"နင်. . . ဘာကိုကြည့်ပြီး ပြောတာလဲ"

"နင်ကျော်လွှားနိုင်ခဲ့တဲ့ဖြစ်စဉ်တွေကို ကြည့်ပြီးပြောတာ"

နွယ်. . . သဘောကျစွာ ခေါင်းညိတ်မိသည်။ တကယ်လည်း အရှုံးခံစားခဲ့ရသည်မှ မရှိဘဲ။ မခံချင်စိတ်နဲ့ နာကျင်မှုတချို့လောက်သာ နွယ့်မှာရှိမည်ဟု မောင်က တစ်ထစ်ချတွက်ခဲ့သည်။ ဒါလည်း မှန် သင့်သလောက် မှန်ခဲ့တာပဲ. . .။

အတွေးကိုယ်စီနှင့် စားသောက်နေကြပြီးမှ မောင်က. . . မေး၏။

"ကဲ. . . ပြောပါဦး"

"ပြောရရင်တော့. . . တရားခံတွေထဲမှာ နင်လည်းပါတယ်"

မောင်. . . မျက်လုံးပြူးပြူးကာ ထမင်းနင်ဟန်ပြု၏။ ပြီးမှ တဟားဟားရယ်ကာ 'မရောင်ရာ ဆီလူး' လို့ ရေရွတ်သည်။

"အေး. . . ရောင်တဲ့နေရာကို ပြောမယ်လေ"

"ပြော"

"နင်က. . . ဖေဖေ့တူအရင်း မဟုတ်နိုင်တာ သူ ရှာဖွေတွေ့ ရှိသွားတယ်"

"ဟာ. . ."

မောင်. . . ယူကြုံးမရသလို သတိလက်လွတ်ထအော်သည်။ နွယ်က ဆက်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com


"သူမသိနိုင်တာက. . . နင်နဲ့ငါဟာ မောင်နှမအရင်း ဆိုတာပဲ"

နွယ်. . . မျက်ရည်လေးဝိုင်းကာ ပြောတော့ မောင်မခံစားနိုင်၊ ဖေဖေ့ကို ဘယ်လိုအင်အားနဲ့မေးပြီး မေမေကို ဘယ်လိုရင်ဆိုင်နိုင်ကြမှာမို့လဲ။ ဒါက နွယ်နှင့်မောင် နှစ်ယောက်တည်းသာ တစ်စုံတစ်ခုသော ခိုင်မာသည့်အကြောင်းအရာကြောင့် (ဒါလည်း မောင့်ထံမှပဲ သိရတာဖြစ်သည်)သာ နွယ်လည်း လေးနက်ခိုင်မာစွာ ယုံကြည်ထားခဲ့သော အချက် ဖြစ်သည်။

"ဒါ. . . ငါရှင်းမယ်"

"မပြီးသေးဘူး. . . မောင်"

"ဘာကျန်သေးလဲ"

"အရင်က ဆေးစွဲနေလို့ ငါဖြတ်ခဲ့တဲ့ ကောင်းထက်ဆိုတဲ့ကောင်က သူညီတစ်ဝမ်းကွဲတဲ့၊ သူညီက နဂိုတည်းက ဆေးစွဲနေတာ၊ ဆေးစွဲလို့ ငါကဖြတ်ခဲ့တာ၊ ဒါကို ငါကဖြတ်လို့ သူညီဆေးစွဲပြီး ဘဝဆုံးပါးရတယ်လို့ စွပ်စွဲတယ်၊ ပြီးတော့ နင်နဲ့ ငါ့ကိုပေးစားတယ်၊ ဒါနဲ့ပဲ ငါကပဲစ,ပြီး လမ်းခွဲပစ်လိုက်တာ၊ ဘာလုပ်မှာလဲမောင်. . . ဒီသံသယတွေနဲ့ ငါနဲ့ ဘယ်လိုလက်တွဲမလဲ၊ ငါကစ,ဖြတ်လိုက်တဲ့ အတွက် ငါ့အလွန်ဖြစ်သွားတယ်၊ ဒေါ်ခင်ဝင်းသီကအစ ငါ့ကို ကလီရှေးဖြစ်နေတဲ့ စကားလုံးတွေနဲ့ စွပ်စွဲတယ်"

"ဘာလဲ. . . အသည်းစားဘီလူးလား"

"ဟုတ်တယ်"

ပြောပြီး နွယ်က မရယ်ချင်ပါဘဲ ရယ်နေသေးသည်။



"ဒါကို. . . နင်က ခံစားရနေတာလား"

"နိုး. . . နိုး. . . ငါ့နာမည် ထပ်ပျက်သွားရတာကို ငါ့ကိုယ် ငါ နာကျည်းနေတာ. . . ပြီးတော့ အဲဒီလူနှစ်ဦး ပေါင်းစပ်မှုဆိုတဲ့ အိမ်ထောင်တွေ၊ အချစ်တွေ၊ အားလုံးကိုလည်း ငါသံသယဝင်နေပြီ၊ စိတ်လည်း ပျက်တယ်ဟာ. . ."

မောင်ကတော့ နွယ့်ကိုနားလည်စွာ ခေါင်းတညိတ်ညိတ်နှင့် အဝေးကိုငေးရီကာ တစ်စုံတစ်ခုကို စဉ်းစားနေသလိုပင်။ သူဘာကို စဉ်းစားပြီး ဘာအဖြေတွေကို ရနိုင်မယ်ဆိုတာကို သူဘာသာပင် သိလိမ့်မည် မဟုတ်။

⌘ ⌘ ⌘


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"လောကကြီးက တကယ့်ကို ဖြစ်လွယ်ပျက်လွယ်ပဲ. . . သိလား"

"အဲဒီသဘောကိုသိရင် ဖြစ်-ပျက်ကိုပဲ ရှုပေါ့ ကလေးမရယ်"

နွယ်က မနေ့ကမှဝယ်လာပြီး ဒီနေ့ပျက်သွားသော T.V game အသေးစားလေးကိုကြည့်ကာ ရေရွတ်တော့၊ နွယ့်ဆို ဘယ်တော့မှ စကားကောင်း မပြောသော်လည်း နွယ့်ကို နားလည်ခင်မင်သော မိုးကျော်သူက တရားချ၏။ ဟောကင်းကတော့ ဘာမှမပြော။ နွယ့်လက်ထဲမှ game စက်ကလေးကို လှမ်းတောင်း၏။

"ပျက်သွားပါပြီဆို. . ."

"အင်းလေ. . . ပျက်သွားတာမို့ တောင်းတာ"

"ဘာလုပ်မလို့လဲ"

"ပြင်ပေးမယ်လေ"

ဟောကင်းစကားကြောင့် နွယ်. . . မျက်လုံးလေး ပြူးသွားရသည်။

"တကယ်လား"

"တကယ်ပါ. . . ပေး"

ပြောပြောဆိုဆို အိမ်ရှင်ဖြစ်သော မိုးကျော်သူကိုပါ တစ်ဆက်တည်း screw driver, meter စသဖြင့် တန်းစီတောင်းသည်။ မိုးကျော်သူကလည်း စက်မှုတက္ကသိုလ်ဆင်းဆိုတော့ အကုန်အပြည့်အစုံရှိသည်။

ဟောကင်းက စက်ကလေးကို screw driver နှင့်ဖွင့်၊ ဟိုထောက်၊ ဒီထောက်၊ ဟိုဝိုင်ယာကြည့်၊ ဒီဝိုင်ယာကြည့်။ နွယ်ပင် ခေါင်းရှုပ်လာသည်။ ထို့ကြောင့် ချိန်းထားပြီး ခုထိ ရောက်မလာနိုင်သေးသော မောင့်ကို ဝရံတာထွက်မျှော်လိုက်၏။

သိပ်မကြာလိုက်။ မောင်. . . ရောက်လာ၏။

"မောင်. . . နင်ဘယ်တွေ လျှောက်သွားနေတာလဲ"

"ကျောင်းက သူငယ်ချင်းတစ်ယောက်ရဲ့. . . အလှူလေ"

"ငါလည်း. . . မသိရပါလား"

"နင်နဲ့ မသိလို့ပေါ့ဟ"

မောင်က နေရာတကာမပါနဲ့ ဟူသော အကြည့်ကိုပင် နွယ်က နားလည်လျက်က မခံချိမခံသာ ဖြစ်ချင်နေမိသေးသည်။ မောင်ရောက်လာတော့ ဟောကင်းက လှမ်းအော်၏။

"လာ. . . မောင်မောင်. . . ငါ. . . နွယ့်စက်ကလေး ပြင်ပေးနေတာ"





www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့မလား"

"ပြီးတော့မှာပါ. . . ဒီနေရာလေးတစ်ချက် ခဲတို့ရုံပဲ. . . ငါ gun ပူအောင်စောင့်နေတာ"

"အေး. . . လုပ်လုပ်"

မောင်နှင့် ဟောကင်းက ခုတလော တကုတ်ကုတ်နှင့် ဘာတွေကြိတ်ကြံနေကြမှန်း မသိ။

မိုးကျော်သူက သူတို့ဘာလုပ်နေသည်ဆိုတာ သိပုံရသော်လည်း စိတ်ဝင်စားပုံမရ။ စပ်စုချင်သောနွယ့်ကိုကျတော့ မောင်က ဘာမှမပြော။ နွယ်ကလည်း မောင်ကအငယ်။ နွယ့်ကို မောင်ကပဲ အသိပေးသင့်သည်။ နွယ်က မေးမှပြောရမှာကို မကြိုက်သဖြင့် ဘာမှမမေးမိ။

ခဏနေတော့ နွယ့် gameစက်ကလေး အသံကွိကွိကွကွနှင့် ပြန်ကောင်းလာသည်။ မိုးကျော်သူကတော့ 'ဖြစ်ပျက်. . . ပျက်ဖြစ်ဆိုတာ အဲဒါပဲ. . .'ဟု ရေရွတ်နေသေး၏။ ဟောကင်းကတော့ စက်ကလေးပြန်ကောင်းသွား၍ ပျော်သွားသောနွယ့်ကို ကြည့်ကာ. . .

"ကလေးကျနေတာပဲ". . . တဲ့။

"ကလေးစိတ်မကုန်လို့ game ကစားနေတယ်လို့ ပြောချင်တာလား၊ ဒါက stress ကိုဖြေတဲ့နည်းတစ်နည်းပဲ. . ."

နွယ့်ချေပချက်ကို ဟောကင်းက ခေါင်းခါ၏။

"ကလေးတစ်ယောက်လိုပဲ. . . လို့ ပြောတာပါ"

သူ့အသံက တကယ့်ကို လူကြီးတစ်ယောက်လို လေးလေးနက်နက် တည်ငြိမ်နေတာမို့ နွယ်. . . မျက်လုံးပင် မသိမသာ ဝိုင်းသွားရသေးသည်။ နွယ် ဘာမှဆက်မပြောတော့ဘဲ gameကို ငုံ့ဆော့နေရင်းမှ စဉ်းစားမိသည်။ တကယ်တော့ နွယ်ဆိုသော. . . မြစ်မခနွယ်သည် ကလေးတစ်ယောက်လိုလည်း အပြစ်ကင်းစင်မနေပါ။ ပိုဆိုးတာက နာမည်ပျက်ပင် ရှိချင်နေသေးသည်။ ပြီးတော့ နွယ့်အလှက ကြည်ဝင်သော်လည်း အရမ်းကြီး အပြစ်ကင်းစင်ဟန် ပေါက်မနေတာကတော့ သေချာသည်။ ဒါကို ဟောကင်းက ဘာလို့ ကလေးတစ်ယောက်လို မြင်တာလဲ 'အသက်ကွာလို့လား'။

နွယ့်နှင့်မောင်က ခုမှ နောက်ဆုံးနှစ် ကျောင်းတက်တုန်း။ ဟောကင်းနှင့် မိုးကျော်သူက. . . မောင်နှင့်ရွယ်တူလို့သာ ပေါင်းနေသည်။ မိုးကျော်သူက B.E ဘွဲ့ကို စက်မှုနှင့်ရပြီးသား။ ဟောကင်းကတော့ ရိုးရိုးရူပဗေဒဘွဲ့နှင့် ဘွဲ့လွန်အသုံးချရူပဗေဒဒီပလိုမာကိုသာ ရသေးသူ။ သို့သော်. . . သူ့အားသာချက်က self study ကောင်းလွန်းခြင်းပင်ဖြစ်သည်။ အသက်အားဖြင့်လည်း သူတို့က နွယ်တို့ထက် အနည်းဆုံး ၄-၅ နှစ်ကြီးမှာပင်။ နွယ်နှင့်မောင်က ရွယ်တူလို ဆက်ဆံနေတာကို သူတို့ကလည်း လက်ခံထားသဖြင့် အဆင်တော့ပြေသည်။

တကယ်တမ်းတော့ နွယ်လည်း. . . ကလေးတစ်ယောက်လို အပြစ်ကင်းကင်းပျော်ရွှင်ချင်သည်ပဲပေါ့။ ခုတော့. . . နွယ့်ဘဝမှာက နွယ်လုပ်ယူတာ မဟုတ်ဘဲ၊ နွယ့်ကို လာရှုပ်သောအရှုပ်များကြောင့် နွယ်. . . ရှုပ်နေရသည်။

ခဏနေကျတော့. . . မောင်နှင့်ဟောကင်းက ခြံထဲဆင်းကာ ဘာတွေမှန်းမသိ ပြောကြပြန်သည်။ မိုးကျော်သူက. . . ပျင်းလာဟန်ဖြင့် မေး၏။

"မိနွယ်"

www.burmeseclassic.com

"ဟင်"

"နင်. . . မပျင်းဘူးလား"

"ပျင်းတာပေါ့. . . ပျင်းလို့ဆော့နေတာ"

"မဟုတ်ဘူးလေ. . . နင့်ကိုက. . . တခြားပေါင်းရမယ့်သူ မရှိတော့လို့ ဒီမောင်နဲ့ပဲ အပေါင်းအသင်း လုပ်နေတာလား"

နွယ်. . . ခေါင်းကို အသာညိတ်ပြလိုက်၏။

"နင်ကလည်း. . . အပေါင်းအသင်း မဆန်လိုက်တာ"

"အပေါင်းအသင်းမဆန့်တာ မဟုတ်ဘူး၊ ဆန့်ခွင့်မရတာ"

"နင့်ဟာက. . . အဆန်း"

"မဆန်းပါဘူး. . . နွယ့်အကြောင်းတချို့လည်း မိုးကျော်သူ ကြားရင်ကြားဖူးမှာပေါ့"

မိုးကျော်သူက စိတ်မသက်မသာဟန်ဖြင့် ခေါင်းညိတ်၏။ နွယ် ဆက်ပြောသည်။

"နွယ့်ကို ရှုပ်တယ်ဆိုတော့. . . နွယ့်ကို ချဉ်းကပ်ချင်သူတွေ ကပဲ. . . နွယ့်နားလာတယ်၊ နွယ့်ကို တကယ်ခင်ချင်တဲ့သူ နွယ်မတွေ့ သေးဘူး၊ မိန်းကလေးတွေကျပြန်တော့လည်း နွယ်နဲ့တွဲရင်ပဲ သူတို့ သိက္ခာ ကျတော့မှာလိုလိုနဲ့. . . ပြီးတော့. . . နွယ်ကိုယ်တိုင်က. . . လူတွေကို သိပ်အရောတဝင် မနေတတ်ခဲ့ဘူး. . . ဒါကြောင့် နွယ့်မှာ မောင်ကလွဲ ရင် အပေါင်းအသင်း မရှိဘူး"

"ကျောင်းမှာကော. . . မောင်နဲ့ နွယ်ကို မောင်နှမမှန်း သိကြ လား"

"သိတဲ့သူကသိတယ်. . . မသိတဲ့သူကကျတော့လည်း တစ်မျိုး





ပြောတယ်. . . တတ်နိုင်ပါဘူး၊ လူတွေကို ဘယ်လိုလိုက်ရှင်းနေမှာလဲ"

"ဟုတ်တယ်. . . မရှင်းနဲ့. . . ငါလည်းမရှင်းဘူး"

နွယ်အံ့ဩသွားရ၏။ မိုးကျော်သူကရော. . . သူ့လိုပဲမို့လား ဘာကိုဆိုလိုတာလဲဟု တွေးမိ၏။

"မိုးကျော်သူက ဘာဖြစ်လို့လဲဟင်. . . နွယ့်လိုပဲလား"

"နွယ့်လို. . . မဟုတ်ပါဘူး"

"ဒါဆို. . . ငါလည်း မရှင်းဘူးဆိုတာက"

"ဟီးဟီး. . . လူတွေကို နင်လည်းလိုက်မရှင်းနဲ့၊ ငါလည်း မရှင်း ဘူးလို့ပြောတာ. . . ငါဘာရှင်းတာ နင်တွေ့ဖူးလဲ. . . လက်ဖက်ရည်ဖိုး တောင် တစ်ခါမှမရှင်းဘူး. . . အဲဒီလိုနေတာ"

နွယ်. . . ရယ်မိ၏။ ဟုတ်တော့ဟုတ်သည်။ နွယ်တို့သိတာပဲ လနှင့်ချီနေပြီ။ ဆုံတာလည်း ခဏခဏ။ လက်ဖက်ရည်ဆိုင်ထိုင်တိုင်း ရှင်းတာက. . . မောင်၊ ဟောကင်းနှင့် နွယ်သာ။ သူကတော့ တစ်ခါမှ မရှင်း။ ကပ်စေးနဲပုံလည်း မရပါဘဲနှင့်. . .။

ခဏနေတော့မှ မိုးကျော်သူက. . . မျက်နှာပိုးသပ်ကာ စကား ပြော၏။

"ငါ အလကားနောက်တာပါ. . . အမှန်က မရှင်းရခင်တည်း က. . . မရှင်းရအောင်နေထားတာ ပိုမကောင်းဘူးလား မိနွယ်"

"နွယ်လည်းနေတာပါပဲ. . . ဒါပေမယ့်. . . နွယ့်အပြစ်မရှိဘူး လို့ မဆိုချင်ပါဘူး. . . ရည်းစားထားမိတာကိုက နွယ့်အပြစ်ပဲလေ. . . နွယ်က. . . ယုံလွယ်တယ်. . . ပြီးတော့ ကိုယ့်ကိုယ်ကို မရေရာခင်မှာ ဆုံးဖြတ်ချက်စောတတ်တယ်. . . အဲဒီကနေမှ. . . ကံကပါ မကောင်း

www.burmeseclassic.com

တော့ မြစ်မခနွယ်ဆိုရင် လူတွေပြောစရာဖြစ်သွားရတော့တယ်"

"ခုကော. . ."

"ခုတော့. . . ရှင်းနေတာကြာပြီ၊ နွယ်. . . ဘယ်တော့မှလည်း ရည်းစားမထားတော့ဘူး၊ ဘယ်တော့မှလည်း အိမ်ထောင်မပြုတော့ဘူးလို့ ဆုံးဖြတ်ထားတယ်"

"နင် တကယ်ချစ်တဲ့သူနဲ့. . . တွေ့ရင်ကော"

နွယ်ပြုံးလိုက်မိ၏။ လာပြန်ပြီတစ်ယောက်။

"မောင့်သူငယ်ချင်းလို့ မပြောရဘူး၊ မေးခွန်းက တူတယ်"

"ဖြေပါ"

"ဖြေမှာပါ. . . မဖြေခင် ပြန်မေးချင်တာလည်းရှိတယ်"

"ဘာလဲ"

"တကယ်ချစ်တယ်ဆိုတာကော ရှိသေးလို့လား. . . အချစ်ဆိုတာကကော ရှိလို့လား"

မိုကျော်သူက. . . မဲ့တဲ့တဲ့ပြုံး၏။ ပြီးမှ. . .

"အချစ်"ဆိုတာ ငါတို့မသိရင်သာရှိမယ်. . . ရှိတာတော့ သေချာတယ်လို့ ငါယုံတယ်"

"မသိဘဲနဲ့. . . ရှိတာယုံလို့ရလား"

"ရတယ်. . . ငါတို့ အနုမြူဗုံးဒဏ် မခံစားရဖူးဘူး၊ ဒါပေမယ့် အနုမြူဗုံးဆိုတာ ရှိတာတော့. . . သေချာသလိုပဲလေ"

"ကဲ. . . ထားပါတော့. . . သေချာတာကတော့. . . ရှိမှန်းသိလိုက်တာနဲ့ ပေါက်ကွဲပြီးပြီ မဟုတ်လား"

နွယ့်စကားကို မိုးကျော်သူက ခေါင်းခါ၏။





"နိုး. . . မဟုတ်ဘူး၊ လုပ်တဲ့လူပေါ်မှာလည်း တည်သေးတယ် မဖောက်ခွဲမိရင် မပေါက်ဘူးပေါ့. . . မိနွယ်"

"နွယ်က မခွဲဘဲ. . . သူများကခွဲလို့ ကွဲသွားတာမျိုးကော"

"ရှိနိုင်တာပဲ"

"ဒါဆို ကံရားလား"

"ငါတို့ဗုဒ္ဓဘာသာမှာ ကံမပါရင်. . . ဘာမှမဖြစ်ဘူး မိနွယ်"

"ဒါဆို. . . ခု နွယ်ဖြစ်နေတာ ကံတရားလား"

"နင်ဖြစ်တာကတော့. . . ကံလည်းပါမှာပဲ. . . နင့်ဟာနင် လုပ်မှုတာလည်းပါမှာပဲ၊ ဆိုလိုတာက နင့်ဟာနင်တောင် မသိလိုက်ခင် လုပ်မိသွားတာမျိုး၊ စောစောက နင်ပြောခဲ့သလို ဘာကိုမှ သေချာမဆုံးဖြတ်နိုင်ခင်. . . အဖြေထုတ်လိုက်မိတာမျိုးလေ. . ."

နွယ်. . . ခေါင်းညိတ်ထောက်ခံမိသည်။

"ဒါပေမယ့်. . . ဒီ image ကြောင့် နင့်မှာ အပေါင်းအသင်း မရှိတာမျိုးကတော့ မကောင်းဘူး"

"ရပါတယ်. . . ခု. . . ဒီမှာ. . . နှစ်ယောက်တောင်ရှိတာ တော်ပြီပေါ့၊ လောကမှာ. . . ကိုယ့်ကိုမုန်းတဲ့သူ ဘယ်လောက်များများ ချစ်တဲ့မိတ်ဆွေ တစ်ယောက်နှစ်ယောက်ရှိရင် လုံလောက်ပါတယ်"

"ဟားဟား. . . တယ်ဆိုတဲ့စာပါလား၊ မောင်ချောနွယ်ထက်တောင် သတ္တိရှိတယ်ပေါ့၊ ဟိုက. . . ဘောလုံးတစ်သင်းစာတဲ့"

"၁၂ ယောက်ပေါ့ဟုတ်လား. . . ဒါနဲ့ မောင်ချောနွယ်ဆိုတာ ဘယ်သူလဲ"

မိုးကျော်သူ မျက်နှာရှုံ့မဲ့သွားသည်. . .။ဘောလုံးတစ်သင်း



www.burmeseclassic.com

www.burmeseclassic.com

စာကို ၁၂ ယောက်လို့ ပြောတာကော၊ မောင်ချောနွယ်ဆိုတာ ဘယ်သူလဲဟု မေးတာရောကြောင့်ဖြစ်သည်။

"နင့်ဘကြီး"

"အံမယ်. . . နွယ့်ကို မရွဲ့ပါနဲ့. . . နွယ်က ရိုးရိုးသားသား မသိလို့ မေးတာ. . . သူ့နာမည်မှာလည်း 'နွယ်'ပါတယ်လေ. . . သိချင်လို့ပါ"

"ကဗျာဆရာဟ၊ ကဗျာဆရာ. . . ဟိုကကြားရင် နင့်ကို ကုပ်ပိုး လာချိုးမှာပဲ"

"ဘာလို့လဲ"

"နင်တို့လို လူတွေကိုစိတ်ပျက်လို့တဲ့. . . သေပြီ"

"ဟယ်. . . ဟုတ်လား"

ထိုစဉ်မှာပဲ. . . မောင်နှင့် ဟောကင်းက ပြန်ရောက်လာသည်။ မောင်က. . .

"လာ. . . တစ်ခုခု သွားစားရအောင်"

"မလိုက်ဘူး. . . မိုးကျော်သူကျွေးမှ. . . သူရှင်းမယ်ဆိုမှ လိုက်မယ်"

နွယ်က ခပ်တည်တည်နှင့်ရစ်တော့ မိုးကျော်သူ အသံမထွက် သူ့အင်္ကျီအိတ်ကပ်ကို နှိုက်လိုက်တော့. . . ပြားကပ်ကပ် အိတ်ကပ်ထဲမှ ကျပ်စေ့တစ်စေ့ ထွက်လာသည်။

"ရော့. . . ဒါအကုန်ပဲ. . . ဒါအကုန်သုံးပစ်လိုက် သိလား နွယ်၊ စိတ်ရှိလက်ရှိသာစား၊ ဒီငွေကုန်လို့. . . ငါဘာမှဖြစ်မသွားဘူး"

နွယ့်မှာ. . . ငိုရခက် ရယ်ရခက်နှင့်။ ဟောကင်းကတော့





မိုးကျော်သူချပေးသော ကျပ်စေ့ကို ကောက်ကိုင်ကာ လှည့်ပတ်ကြည့်ရင်း. . .

"ဟောကင်း. . . ဒါ. . . ဟိုနေ့က မင်းတူလေး စုဘူးထဲမှာပစ်ထားတယ်ဆိုတဲ့ ကျပ်စေ့မဟုတ်လား"

"ဟုတ်တယ်"

အားလုံးဝိုင်းရယ်မိ၏။ သူ့တူမှာက စုဘူးလေးရှိသည်။ ထိုစုဘူးကလေးကိုဖောက်တော့ အဖွားလုပ်သူက ဘယ်တုန်းက ကောက်ထည့်ထားမှန်းမသိသော ကျပ်စေ့ကိုကြည့်ပြီး ချန်ထားပစ်ခဲ့၍ဖြစ်သည်။ ဒါကို မိုးကျော်သူက ကောက်လာခြင်းဖြစ်၏။

"ရှင်းမလား. . . မရှင်းဘူးလား"

"ဟ. . . လောကမှာက ရှင်းတိုင်းကောင်းတာမှ မဟုတ်တာ"

"ခုရှင်း"

"ငါရှင်းတော့ နင်လက်ခံလား"

"ဟုတ်မှ မဟုတ်တာ"

"အေး. . . မှတ်ထား၊ အဲဒီလိုပဲ လောကမှာ ရှင်းတိုင်းလည်း ကောင်းတာမဟုတ်ဘူး. . . ဒီလောက်ပြောနေတာ နားမလည်နိုင်ဘူး"

နွယ်နှင့် မိုးကျော်သူ ဘာတွေဖြစ်နေ ပြောနေကြမှန်း မောင်တို့မသိ။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ. . . ခေါင်းခါနေကြသည်။ ဘယ်သူတွေဘာဖြစ်ဖြစ်၊ မိုးကျော်သူကတော့ သူ့ထုံးစံကို အပျက်မခံပါ။ သစ္စာတည်စွာ စောင့်ထိန်းသွားသဖြင့် ထိုညနေက မောင်ကျွေးသောညစာကိုပါ နွယ်က ကတိသစ္စာတည်စွာ ဝတ်ခဲ့ရလေတော့သည်။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ထိုနေ့က. . . နွယ်တစ်ယောက်တည်း အတန်းထဲမှာ စာကူးနေတုန်း ရှေ့ကိုအရိပ်တစ်ခု ကျလာသဖြင့် မော့ကြည့်မိသည်။

"နွယ်"

နွယ်. . . စိတ်ပျက်ညစ်ညူးစွာ. . . ဘောလ်ပင်ကို ပစ်ချလိုက်မိ၏။

"ဘာကိစ္စလဲ. . . ဘာလာလုပ်တာလဲ"

"နွယ့်ကို သတိရလို့. . ."

တကယ့်ကို ဟာသမြောက်သော ပျက်လုံးတစ်ခုကို ကြားလိုက်ရသူပမာ. . . နွယ်. . . ကြန္ဒြေပင်မငဲ့ဘဲ အော်ရယ်ပစ်လိုက်သည်၊ ဟုတ်တယ်လေ. . . နွယ့်ကို မချစ်နိုင်တော့လို့ပါ. . . ဆိုပြီးအကြောင်းပြချက်များစွာနှင့် နွယ့်ကို အဆက်ဖြတ်ခဲ့သူ. . . နွယ့် တတိယမြောက်ရည်းစား





ဟောင်း ဖြစ်နေသည်လေ။ ထိုစဉ်ကလည်း နွယ်. . . ဆောက်တည်ရာမဲ့စွာ ဘာမှားခဲ့မိလို့လဲဟု ရက်ပေါင်းများစွာ စိတ်ပျက်ညစ်ညူးခဲ့ရဖူးသည်။

"မရယ်ပါနဲ့နွယ်. . . ကိုယ်. . . နွယ့်ကို မချစ်နိုင်တော့ဘူးထင်ခဲ့တာ. . . ခုမှပဲ နွယ့်ကို မေ့မရတာ သိလာရတယ်"

"ရှင်. . . စာရေးဆရာပီသတယ်. . . ကိုစွမ်းသော်"

"ကျွန်တော် တကယ်ပြောတာပါ"

ကိုယ်တွေရော၊ ကျွန်တော်တွေရောနှင့် နာမ်စားတွေကိုပင် ကပေါက်တိကပေါက်ချာ ပြောနေသူက. . . စာရေးဆရာဖြစ်ချင်သေးသတဲ့။ ထိုသူက ဝတ္ထုတိုတွေ၊ ကဗျာတွေရေးသည်ဟု နွယ်ကြားဖူးထားသည်။ နွယ်ကတော့ တစ်ခါမှ မဖတ်ဖူးခဲ့။ နွယ့်ကို စာဖတ်ဝါသနာမပါသူဟု ထိုသူက နားလည်ထားပုံရသည်။

"ကျွန်မကြားဖူးတာကတော့. . . ဆင်စွယ်ဆိုတာ ထွက်ပြီးရင် ပြန်မဝင်တတ်ဘူးတဲ့. . . ရှင်က ယောကျ်ားမဟုတ်သလိုဘဲ. . . စပြတ်သားခဲ့တုန်းကလည်း ရှင်ပဲလေ"

"ဒါလည်း. . . ဟုတ်ပါတယ်. . . ကိုယ်မှားခဲ့ပါတယ်"

"မှားလို့ အမှန်ပြင်ချင်တယ်ပေါ့"

"ဟုတ်တယ်"

သေပစ်လိုက်ပါလား. . . ဟု စိတ်ထဲက အသံတိတ် ဆဲရေးပစ်လိုက်ပြီး မျက်နှာကိုလည်း အားမစိုက်လိုက်ရပါဘဲ. . အစွမ်းကုန် မဲ့မိသွား၏။

"ရှင်က ပြင်ချင်ပေမယ့် ကျွန်မက မပြင်ချင်ဘူး. . . ပြီးတော့


www.burmeseclassic.com

www.burmeseclassic.com

ရှင်က ခုမှ မှားတယ်ထင်ပေမယ့်. . . ကျွန်မက ခုမှ မှန်တယ်လို့မြင်တယ်၊ ကျွန်မ အခု အရမ်းလွတ်လပ်ငြိမ်းချမ်းနေတယ်"

ထိုသူ. . . ခေါင်းကို တမင်တကာငုံ့ထားရင်းက ရှေ့ကခုံတန်းမှာ လေးတိလေးကန်ဟန်ဖြင့် ဝင်ထိုင်၏။

"ပြောတော့နွယ်. . . ပြောတော့. . . ကိုယ်က မှားခဲ့တဲ့သူကို"

စိတ်ပျက်စရာ။ ရေးဖို့ပြင်ထားသည့်ဝတ္ထုထဲမှ စာသားလား၊ ရုပ်ရှင်တွေထဲမှာ. . . မင်းသားတွေ ဟန်ပါပါ ပြောနေကျစကားလား မသိသော်လည်း ကလီရှေးဖြစ်နေတဲ့ သေချာသည့်စကားလုံးကို လာရွတ်ပြနေသည်။

"မမှားဘူးလို့. . . ကျွန်မ ပြောနေတယ်လေ"

"ကိုယ့်ကို. . . အရမ်းနာကျည်းနေလား. . . နွယ်"

ခွီးခနဲ. . . မရယ်မိအောင် ထိန်းလိုက်ရသည်။ ဒီလူ စာရေးတာ မအောင်မြင်၍ မင်းသားလိုင်းဘက် ကူးချင်သွားတာလားမသိဟုပင် တွေးလိုက်မိ၏။ သို့သော် နွယ့်စိတ်ကလည်း ဗူးဆိုမှ ခဝဲလည်းလာမသီးစေချင်။ ခဝဲသီးဆိုတာက ခြောက်သွား၊ ကြာသွားလျှင် သပွတ်အူနှင့်နင်လားငါလား မဟုတ်လား။

"ရှင်ပြန်မလား. . . ကျွန်မ ထပြန်ရမလား ကိုစွမ်းသော်"

ထိုသူ. . . နွယ့်ထံမှ တင်းထန်မာကျောသောလေသံကြောင့် တစ်ချက်တော့ ကြောင်သွားသေးသည်။ ကြောင်မှာပေါ့ နွယ့်ကို သူ. . . ဒီလိုပုံမျိုးမှ တစ်ခါမှ ရင်မဆိုင်ခဲ့ရဖူးတာ။ နွယ်ဆိုတာက အရင်က. . . သူ့ရှေ့က ယမင်းရုပ်ကလေးလေ။ သူအလှကြည့်တာကို ငြိမ်သက်စွာခံယူမည်။ အလိုမကျလျှင် ချစ်စဖွယ်ငြူစူပြမည်။ ယုတ်စွအဆုံး သူထား





ခဲ့တုန်းကတောင် ဆွံ့အသူတစ်ယောက်ပမာ. . . ငြိမ်သက်ကျန်ခဲ့သေးသည် မဟုတ်လား။

"ဩော်. . . နွယ် ခုထိ ခံစားနေရတုန်းကိုး၊ နာကျည်းနေတုန်းကို"

ဒီတစ်ခါတော့. . . နွယ်မထိန်းနိုင်တော့။

"သေပစ်လိုက်ပါလား. . . ကိုစွမ်းသော်"

"တကယ်သေချင်တာပါ နွယ်. . . ကိုယ့်အမှားတွေကို သိကတည်းက သေချင်နေခဲ့တာ"

နွယ်. . . ပြုံးမိ၏။ နွယ်ကတော့ သူ့အမှားခံရတာတောင် မသေချင်ခဲ့ဖူးတာ သေချာသည်။ ခက်တာက. . . နွယ့်မှာ ယုံကြည်တတ်သော စိတ်ကလေး တစ်စက်တလေတောင် မကျန်တော့ခြင်းပင် ဖြစ်၏။

နွယ်. . . အိတ်ထဲတွင် အမြဲဆောင်ထားတတ်သော ငါးလက်မခန့်ရှိမည့် မြိုနေသော ဓားမြှောင်လှလှလေးကိုထုတ်ကာ စားပွဲပေါ် စိုက်ချပေးလိုက်သည်။

"ရော့. . . ရှင့်အတွက်လက်ဆောင်. . . လုပ်ချင်ရာလုပ်လို့ရတယ်. . . တစ်ခုပဲ. . . ဒီနားမှာ ရှင်သေရင် ကျွန်မသွားမယ်. . . ဒါမှမဟုတ်. . . တခြားသွားသေ"

စွမ်းသော်ဆိုသောသူ. . . ကြက်သေသေသွားသည်။ ပြီး. . . နွယ့်ကို တစ်ခါမှ မမြင်ဘူးသူတစ်ယောက်လိုကြည့်သည်။ ရုတ်တရက်ကြည့်တော့ နွယ်. . . ရိုင်းသည်ပေါ့။ နွယ့်မှာ ရိုင်းခွင့် ဒီထက်မက ရှိတာကို နွယ်ပဲသိသည်။

"နွယ်. . . ဘယ်လိုဖြစ်သွားတာလဲ. . . အရင်က နွယ်. . .


www.burmeseclassic.com

www.burmeseclassic.com



အဲလို မဟုတ်ပါဘူး"

"အခုဒီတိုင်းပဲ. . . ရှင်သွားမလား. . . မသွားဘူးလားပဲ ပြော"

"သွားပါမယ်. . . နွယ် အရမ်းစိတ်ရှုပ်လာရင် သွားပါမယ်။ တစ်ခုပဲ. . ."

"တော်တော့. . ."

အရေးထဲ. . . တစ်ခုပဲ ထပ်လုပ်နေသေး၍ နွယ်အော်ထည့်လိုက်မိသည်။ ထိုစဉ်. . .

"ဘာဖြစ်တာလဲ. . . နွယ်"

ဟူသော အသံနှင့်အတူ ဟောကင်းကို တွေ့လိုက်ရသည်။ ဟောကင်းနောက်မှာက မောင်. . . မောင့်ကို ကောင်းကောင်းသိနေသော စွမ်းသော်၊ စက္ကန့်ပင်မဆိုင်းဘဲ. . . လစ်တော့သည်။

"အလကား. . . လာရှုပ်နေတာ"

နွယ်. . . မကျေမချမ်းပြောတော့၊ မောင်က. . . သက်ပြင်းတစ်ချက်ချကာ ခေါင်းရမ်း၏။ ပြီးမှ. . .

"ဒီကောင်က. . . ဘာပြန်ဖောနွယ်နေတာလဲ"

နွယ်. . . မျက်နှာလှလှကလေးကို အစွမ်းကုန် မဲ့ပစ်လိုက်သည်။ ပြီးမှ. . . နွယ့်ကို. . . မဲ့လည်းလှတာပဲဟု ယောကျ်ားမဆန်စွာ ချွဲပြစ်ပြစ်ပြောခဲ့ဖူးသော စွမ်းသော်၏စကားကို သတိရကာ ပြုံးချင်သွားရသေး၏။

"ဟင်. . . မျက်နှာကိုက စပရိန်မျက်ခွက်နဲ့ မေးနေတယ်လေ"

မောင်က. . . နွယ့်ကို မျက်လုံးပြူးနှင့်အော်၏။

"အဲဒီကောင်က. . . သတိရလို့တဲ့ဟ္မော့. . . ခုမှနောင်တရတယ်ဆိုပဲ"

"ဒီဓားက. . ."

"သေချင်တယ်ဆိုလို့. . . ထုတ်ပေးထားတာ"

"နင်. . . ထင်ရာလျှောက်လုပ်မနေနဲ့. . . ဟိုကရှုံးပြီး တကယ်လုပ်သွားရင် နင်ပဲဒုက္ခရောက်မှာ"

"ဘာဆိုင်လဲ"

"ဆိုင်တာပေါ့. . . ဓားကနင့်ဓား. . . နင့်လက်ဗွေရာ ပါသွားပြီလေ"

ဟုတ်တုတ်တုတ်ဖြစ်နေတာမို့၊ နွယ် လျှာကလေးထုတ်ကာ ငြိမ်သွားရ၏။ ဟောကင်းကတော့ ပထမဆုံး 'ဘာဖြစ်တာလဲနွယ်' ဟူသော စကားတစ်ခွန်းကလွဲလျှင် ဘာမှမပြောဘဲ မောင်နှမနှစ်ယောက် ရန်ဖြစ်တာကို နားထောင်နေ၏။ ပြီးမှ. . .

"ကဲပါ. . . လာ. . . ငါတို့. . . နွယ့်ကိုလာခေါ်တာ သွားရအောင်"

"ဘာလုပ်မလို့လဲဟင်"

"မုန့်ကျွေးမလို့"

ဟောကင်းက ကလေးတစ်ယောက်ကို နှစ်သိမ့်သလို ပြော၏။

"တကယ်လား"

"တကယ်ပါ. . . လာ. . . သွားရအောင်"

မောင်က နွယ့်ကို ကျောင်းမတက်တောင် လာကြိုနေကျ။ ဒီနေ့ တစ်ချိန်တက်ပြီးကတည်းက မောင်ပျောက်သွားတာ ခုပြန်လာကြိုတော့ ဟောကင်းပါလာသည်မို့. . . ဟောကင်းဆီ သွားတာပဲဖြစ်မည်ဟု တွေး





ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com



လိုက်မိသည်။

တကယ်ပင်. . . ဟောကင်းက နွယ်တို့မောင်နှမကို ညစာကျွေးသည်။

"ဘာအတွက် ကျွေးတာလဲ"

"သူရေးတဲ့ programme တစ်ခုစွံသွားပြီလေ. . . ထောနေတယ်. . . ဘာလိုချင်သေးလဲပြော"

မောင်က ဝင်ဖြေ၏။ ဟောကင်းကတော့ ပြုံးသာနေသည်။

"ဟောကင်းက programming လည်းရတယ်လား"

"အစုံရတယ်"

"ဒါဆို multimedia တစ်ခုထောင်ရအောင်"

"သုနားတယ်. . . နောက်ကျသွားပြီ. . ."

မောင်က. . . နှာခေါင်းရှုံ့ကာ စ၏။

"ဟင်. . . ဟုတ်လား. . . ဒါဆို. . . မောင်တို့လုပ်နေတာ"

"ဟုတ်ပ. . . multimedia တစ်ခုထောင်ဖို့လုပ်နေတာ"

"ဘာအမိကလဲ"

"computer, electronic parts တွေရောင်း၊ ဝယ်၊ ပြင် programme ရေး၊ ဒီဇိုင်းထုတ်၊ အကုန်ပေါ့"

"ဒါတွေအားလုံး ဟောကင်းလုပ်မှာလား"

"ငါနဲ့ ဟောကင်း"

မောင်က ဂုဏ်ယူဝံ့ကြွားစွာဖြေ၏။ မောင်ကိုယ်တိုင်က computer ကို ကျွမ်းကျင်ကာ graphic design ကိုရော၊ web page design ကိုကော ကျွမ်းကျွမ်းကျင်ကျင် ရေးနိုင်သူဖြစ်သည်။





"ငါလည်း. . . ပါမယ်လေ"

"နင်က ဘာတတ်နိုင်လို့လဲ"

"အံမယ်. . . အားလုံးရဲ့အမိကတာဝန်ကို ငါယူမှာ"

"ဘာတာဝန်လဲ"

"casher and accountant"

မောင်ကရယ်၏။ ဟောကင်းက မရယ်။ ထောက်ခံသည်။

"ဟုတ်တယ်. . . ဒါလည်းလိုတာပဲ. . . နွယ်လုပ်တော့ ပိုစိတ်ချရတာပေ့ါ. . . နွယ်က. . . Computerize accounting ကိုရလား"

"ဟင့်အင်း. . . သင်ရမှာ"

"သင်ရမှာဆို သင်တန်းတက်မနေနဲ့. . . သင်ပေးမယ်"

"ဟင်. . . ဟောကင်းက account လည်း နားလည်တာပဲလား"

"နားလည်တယ်. . . ဖေဖေက audit လေ၊ ဖေဖေ့ကို တော်တော်များများ ကူခဲ့ရဖူးတယ်. . . ကိုယ်. . . ဒီဘီးပေါ်ရောက်ကာစကာလတွေက. . . ဖေဖေ့အလုပ်တွေသာ မကူခဲ့ရရင် တော်တော်. . . depression ရလောက်တယ်"

နွယ်. . . ထိုအခါကျမှ. . . မောင်ပြောခဲ့ဖူးသော သူက microchips အသစ်နဲ့လူသား. . . အရမ်းတော်တယ်' ဆိုသော စကားကို ပြန်သတိရမိသည်။ ထိုစကားနှင့်အတူ 'သူက မိန်းကလေးတွေကို စိတ်မဝင်စားဘူး' ဟူသောစကားကိုပါ. . . ဖျပ်ခနဲ သတိရလိုက်မိကာ. . . ဆီမဆိုင်ပါပဲ. . . ရင်ခုန်ချင်သွားရတာမို့ ကိုယ့်ကိုယ်ကို မကျေနပ်ချင်။

သူက မိန်းကလေးတွေကို စိတ်မဝင်စားတာ သေချာနိုင်သော်



www.burmeseclassic.com

www.burmeseclassic.com

လည်း မိန်းကလေးတွေက သူ့ကိုစိတ်မဝင်စားဘဲ နေမှာမဟုတ်။ ဟော ကင်းပုံစံက ဘီးတပ်ကုလားထိုင်ပေါ် ရောက်နေတာကလွဲလျှင် မိန်း ကလေးတွေ စိတ်ဝင်စားနိုင်သောရုပ်မျိုး။ ဘီးတပ်ကုလားထိုင်ကို တွန်း နေရတာ မကြာသေးလို့ဘဲလား၊ သူများတွန်းပေးတာပဲများလို့လား မသိ။ body structure ကလည်း အချိုးသော မစွမ်းမသန်များနှင့်မတူ။ နွယ်ကလည်း မလိုအပ်ဘူးလို့ ထင်တာရော. . . မေးရမှာ အားနာတာ ရောကြောင့် ဟောကင်းကို ဘယ်လိုဖြစ်လို့ ဒီဘဝရောက်ရတာလဲဟု တစ်ခါမျှ မမေးဖူးခဲ့။

ဟောကင်းက သူ့အကြောင်းတွေးကာ သူ့ကိုကြည့်ပြီး သူပြော တာ နားထောင်ဟန်ရှိသောနွယ့်ကို စိတ်ဝင်တစားစကားတွေ ပြောနေ သည်။ ပြီးမှ. . . နွယ့်ပုံစံက စိတ်နှင့်လူနှင့် ကပ်ပုံမရတာကို ရိပ်မိသွား ဟန်ဖြင့်. . . နွယ့်မျက်ဝန်းတွေကို သေချာကြည့်ကာမေး၏။

"ဘာတွေ တွေးနေတာလဲ"

"ဟင်. . . ဘာတွေးလို့လဲ. . နားထောင်နေတာလေ"

နွယ် အလန့်တကြားဖြေမိ၏။

"မညာပါနဲ့"

ဟောကင်းစကားကြောင့် နွယ်. . . အရှက်ပြေရယ်မော လိုက်ရင်း. . .

" psychology ပါ နားလည်တယ်လား. . . ဒါမှမဟုတ် six sense ရနေတာလား"

"တစ်ခုမှ မဟုတ်ပါဘူး. . . မျက်နှာကို ဖတ်တတ်တာ"

ဟောကင်း၏စကားကြောင့် မောင်က ခပ်ဟဟရယ်ကာ





ဟောကင်းကို အထူးအဆန်းကြည့်၏။

" microchips အသစ်ထည့်ထားမိသလား. . . ဟောကင်း"

မောင့်စကားက အဓိပ္ပာယ်များစွာပါဝင်နေတာမို့ ဟောကင်း က ရှက်ရယ်ရယ်သည်။ ပြီးမှ. . .

"မဟုတ်ပါဘူး. . . နွယ်ဟာ ငါ့အတွက် သူစိမ်းမှ မဟုတ်တာ"

"သြော်. . . ဒါကြောင့်ပေါ့"

မောင်က နှစ်ဖက်လုံး မျက်နှာထားရ ခက်ကုန်မှာစိုးသဖြင့် စကားကို လျှောချလိုက်သည်။ ထိုအခါကျမှ ဟောကင်းက စကားကို လွှဲကာ ညကကြည့်ခဲ့ရသော ရုပ်ရှင်ကားထဲမှ special effect တွေ အကြောင်းကို ပြောနေသည်။ အာရုံကိုမလွှဲပစ်လိုက်နိုင်တာက မြစ် မခနွယ်သာဖြစ်၏။

တကယ်တော့ လူတစ်ယောက်ရဲ့မျက်နှာကို ဖတ်တတ်တယ် ဆိုတာ ပညာရပ်တစ်ခု မဟုတ်နိုင်။ ခံစားချက်တစ်ခုသာ ဖြစ်သည်ဟု သူမထင်သည်။ သို့သော် ရင်းနှီးလွန်းသော လူအချင်းချင်းတွင် ထိုခံစား ချက်ရှိနေနိုင်၊ မရှိနေနိုင်ကို သူမ မသိ။ ထိုခံစားချက်ဆိုတာ အတွေ့ အကြုံနှင့်ကော ဆိုင်သလား။ အလိုလို ဖြစ်တည်လာတာလား။ ဘာမှန်း မသိသောမေးခွန်းများစွာနှင့် နပန်းလုံးကာ မြစ်မခနွယ် မောဟိုက် နွမ်းလျသွားရသည်။

ဘာလဲ. . . ဘာလဲကွယ်. . .။ သံယောဇဉ်ဆိုတာဘာလဲ။ မြစ်မခနွယ်၏ဆုံးဖြတ်ချက်တွေကို ယိုင်လဲသွားစေမယ့်အရာလား။ သူမ မသိသေးပါ။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

နောက်တစ်ပတ်ခန့်နေတော့ နွယ့် discman လေး ပျက်သွားသည်။ ဘာဖြစ်သွားမှန်းမသိဘဲ အလိုလိုနေရင်း ဖွင့်မရခြင်းမို့ နွယ်. . . ဟောကင်းဆီ အားကိုးတကြီး ပြေးသွားရတော့သည်။

"ဟင်. . . နွယ်"

သူက. . . နွယ့်ကို တစ်ယောက်တည်း သူ့ဆီလာတာ မြင်တော့ တအံ့တသြနှင့်။ ဟောကင်းက . . . အိမ်ရှေ့ဝရံတာလေးတွင် ထွက်ကာ စာဖတ်နေခြင်းဖြစ်သည်။ တစ်ထပ်အိမ်မို့ ဝရံတာကလည်း မြေပြင်နှင့် တစ်ပေသာသာ မြင့်မည်ထင်သည်။ သူဖတ်နေသည့် စာအုပ်က A.J. Cronin ၏ ဝတ္ထုစာအုပ်. . .။

"နွယ့် discman လေး. . . ပျက်သွားလို့"

"ဟုတ်လား၊ လာလေ နွယ်. . . အိမ်ထဲဝင်. . . အောက်ပြုတ်





ကျသေးလား"

"မကျပါဘူး"

"သေချာလို့လား နွယ်ရဲ့. . . တစ်ယောက်ယောက်က နွယ်မသိခင်မှာ ပြုတ်ကျအောင် လုပ်မိရင်ကော"

"နွယ့်အခန်းထဲ. . . ဘယ်သူမှ မဝင်ဘူး"

"နွယ်က. . . တံခါးပိတ်ထားလို့လား"

"ဟင့်အင်း. . . သိုင်းကွက်နင်း ဝင်ရမှာစိုးလို့ ဘယ်သူမှ ဝင်မလာတာ"

နွယ်ပြောပြီး ရယ်မိ၏။ နွယ့်မှာ မိန်းကလေးတန်မဲ့ စည်းကမ်းမရှိ၊ စနစ်မရှိတာကိုပင် ခုမှ ရှက်မိချင်သလိုလို ဖြစ်မိရတာ အံ့ဩစရာ ဟောကင်းက ခပ်ဟဟသာရယ်၏။

ပြီး discman ကို ကိရိယာတန်ဆာပလာမျိုးစုံနှင့် စဖွင့်တော့သည်။ ဟောကင်း၏အိမ်ရှေ့လမ်းထောင့်မှ စားပွဲလေးက ပစ္စည်းကိရိယာအစုံအလင်ရှိသည်။ စားပွဲနောက်တစ်လုံးမှာက ကွန်ပျူတာစာအုပ်တွေက စင်နှင့်အပြည့်။ အကုန်လုံးသပ်ရပ်စွာ ဖုန်ကင်းစင်နေသည်။ နွယ်နှင့်တော့ ပြောင်းပြန်။ ဟောကင်းအိမ်မှာက အိမ်ဖော်တော့ ရှိသည်။ သို့သော် ဟောကင်းအမေက ပြောဖူးသည်။ ထိုဧရိယာသည် red zone တဲ့။ ဘယ်သူမှ တော်ရုံခိုင်လုံသော အကြောင်းပြချက် မရှိဘဲ အနားမကပ်ရဲ။ တစ်ခုခုပျောက်လို့ကတော့ ဟောကင်းက သည်းမခံတတ်။ အကုန်သူ့ဖာသာသူ ရှင်းသည်တဲ့။

"နွယ့်ဟာက...IC ကျွတ်သွားတာ"

"ဘာ. . . ဘာဖြစ်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com

" IC ကျွတ်သွားတယ်ဆိုတာ. . . IC ပျက်သွားတာကို ပြောတာ"

"လောင်တာလား"

"လောင်တဲ့ အဆင့်မဟုတ်ဘူး နွယ်ရဲ့. . . ICက လဲရမယ်၊ ဒီမှာ မရှိဘူး၊ ရှားတယ်၊ နွယ် နိုင်ငံခြားက မှာနိုင်ရင် သက်သက်သာသာနဲ့ အလကားနီးပါး ရမယ်ဆိုရင်မှာ၊ မဟုတ်ရင်တော့. . . အသစ်ဝယ်တဲ့ တန်ဖိုးက ပိုသက်သာနေရင် မကောင်းဘူး၊ တော်ကြာ Steven ပြင်ပေးတာတော့ ဟုတ်ပါရဲ့၊ ဆင်ဖိုးထက် ချွန်းဖိုးကြီးတယ် ပြောခံနေရဦးမယ်"

နွယ့် discman လေးကို နှမြောတသစွာ ကြည့်မိသည်။ ဒါ နွယ့်ကို မမကြီးရှုမဝသွယ်က မွေးနေ့လက်ဆောင်အဖြစ် ဝယ်ပေးထားခြင်းဖြစ်သည်။ မမကြီးသိလျှင် နွယ့်ကိုပဲ ဆူမလား၊ စိတ်မကောင်းဘဲဖြစ်မလား မသိ။

"နွယ်. . . နှမြောနေလို့လား"

"အင်း"

"ဘယ်သူ ပေးတာမို့လဲ. . . ဝယ်တာလား"

"ဟင့်အင်း. . . မမကြီးပေးတာ"

"သြော်"

နွယ် ပြင်မရသေးသော discman လေးကို အိတ်ထဲပြန်ကောက်ထည့်ကာ. . .

"လာလေ. . . နွယ် ဟောကင်းကို fish & chips ကျွေးမယ်"

"ဟင်. . . ပြင်လည်း မပြင်ရဘဲနဲ့ ကိုယ့်အကြိုက်ကို ကျွေးဦးမယ်"





"ကျွေးမှာပါ. . . နဂိုတည်းက ကျွေးဖို့ စိတ်ကူးရှိပါတယ်. . . fish & chips ကို ဟောကင်းကြိုက်သလို. . . နွယ်လည်း လိုက်စားရင်း ကြိုက်သွားပြီလေ"

ဟောကင်းက နွယ့်စကားကို ပြုံးရုံသာပြုံး၏။ ပြီးမှ. . .

"မောင်မောင်ကော. . ."တဲ့။

"မသိဘူး၊ မောင်. . . မနက်တည်းက ထွက်သွားတာ"

"ဒါဆိုလည်း သွားရအောင်လေ"

နွယ်. . . ဟောကင်း၏ ဘီးတပ်ကုလားထိုင်လေးကို လိုလိုလားလားတွန်းပေးကာ ကားပေါ်တင်ရင်း ဟောကင်းတို့အိမ်နှင့် သိပ်မဝေးသော ဆိုင်ကလေးသို့ သွားလိုက်ကြသည်။ ထိုဆိုင်က ဥရောပအစားအစာ၊ တရုတ်အစားအစာ အကုန်ရသည်။ ထိုရောက်လျှင် နွယ်က ပထမဆုံးအခေါက်မှလွဲလျှင် ကျန်အခေါက်တွေမှာ ဟောကင်းလိုပဲ fish & chips စားဖြစ်သည်။ မောင်ကလည်း ထိုရောက်လျှင် မပျက်မကွက် ကြေးအိုးသောက်မြဲ။ menu ကို ကြိုက်တာရွေးရင်း အလုပ်ရှုပ်နေတတ်တာက မိုးကျော့သူ။

ဒီတစ်ခေါက်တော့ နွယ်နှင့် ဟောကင်းက fish & chips ကိုသာ မှာကြသည်။

"နွယ်လာလို့ ဟောကင်းစာဖတ်နေတာ. . . ပျက်သွားလား"

"မပျက်ဘူးလို့ မညာပါဘူး၊ ပျက်တာပေါ့. . . ဒါပေမယ့် ရပါတယ်၊ ကျွန်တော်လည်း နွယ့်ကို တွေ့ချင်နေတာ"

နွယ်. . . မျက်လုံးလေးထောင့်ကပ်ကာ မယုံသင်္ကာကြည့်မိသည်။ သို့သော်. . . ဟောကင်းပုံစံက သံခင်းတမန်ခင်းအရ ပြော



www.burmeseclassic.com

www.burmeseclassic.com

နေပုံမပေါက်။

"ဘာလို့လဲ. . . ကိစ္စရှိလို့လား"

"ကိစ္စတော့ မရှိပါဘူး. . . စာမဖတ်ခင်က ဟိုနေ့က နွယ်တို့ကျောင်းမှာ ပြဿနာတက်တာကို သွားသတိရမိလို့ပါ"

"ဩော်. . ."

နွယ်. . . ဩော်မှလွဲ၍ ဘာမှဆက်မပြောနိုင်။ ဟောကင်းကတော့ ဆက်ပြော၏။

"နွယ်"

"ဟုတ်. . ."

"အဲဒီလူက. . . နွယ့်ရည်းစားဟောင်းဆို"

"ဟုတ်တယ်လေ. . . အဲဒီနေ့က မောင်နဲ့တောင် ရန်ဖြစ်ရသေးတာကော"

"သူက သံယောဇဉ်မပြတ်လို့ ပြန်လာတာဆိုတော့. . . နွယ်ကကော ပြတ်သွားပြီလား"

နွယ်. . . ခပ်ဖျော့ဖျော့ရယ်မိ၏။

"ပြတ်တာပေါ့"

ပြတ်သမှ. . . သူ့နောက်မှာတင် ဝင်းနိုင်ဦးအပါအဝင် နှစ်ယောက်ရှိသေးတယ်ဟုတော့ မပြောဖြစ်တော့။ ထိန်ချန်ထားတာ မဟုတ်သော်လည်း မေးမှပြောသင့်သောအရာ မဟုတ်လား။

"သံယောဇဉ်ဆိုတာ. . . အဲလိုဖြတ်လို့ရလားနွယ်"

"သံယောဇဉ်. . . ဟုတ်လား"

"အင်း. . ."





"အင်း. . . သူတို့နဲ့ ရှိခဲ့ဖူးတာက သံယောဇဉ်မဟုတ်နိုင်ဘူး။ ထင်ယောင်ထင်မှားမှုတွေနဲ့ သာယာမှုတွေပဲဖြစ်မယ်. . . ပြီးတော့ အဲဒီသံယောဇဉ်ဆိုတဲ့. . . ဟောကင်းနာမည်တပ်တဲ့ အချစ်ကိုလည်း သူကပဲစဖြတ်ခဲ့တာ"

ဟောကင်းက သူ့သိပ္ပံဆုံးဖြတ်ချက်တွေနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေသော ကိစ္စတွေကို ခုမှလာပြီး မေးမြန်းစုံစမ်းနေသည်။

"အချစ်ဆိုတာကကော ဘာလဲနွယ်"

"သံယောဇဉ် အပြင်းစား"

" ဟားဟား "

ဟောကင်းက ရယ်၏။ ပြီးမှ စကားကိုဆက်သည်။

"ဘယ်ဆိုးလို့လဲ. . . diluted love ဆိုတာကို ဆန့်ကျင်ဘက်ယူလိုက်တာမျိုးလား"

"သိပ်မှန်တာပေါ့. . . saturated friendship လို့တော့ မပြောချင်ပါဘူး"

"ကျွန်တော်မသိဘူး၊ သိလား. . . နွယ်၊ ကျွန်တော်ခုထိ ရည်းစား မထားဖူးသေးဘူး"

နွယ်ယုံချင်ပါသည်။ ထိုအတိုင်းလည်း ဖြစ်စေချင်သည်။ ဟောကင်းကို အချစ်ဆိုသောအရာ၏ ထင်ယောင်လွဲမှားမှုများကြောင့်သော်လည်းကောင်း၊ စစ်မှန်လေးနက်မှုများကြောင့်သော်လည်းကောင်း ခံစားရတတ်သော တစ်ကိုယ်စာ အပူမီးများကို မခံစားရစေချင်ပါ။

"နွယ်ကော. . . ဘယ်အရွယ်ကစပြီး ရည်းစားထားခဲ့လဲ"

"ဆယ်တန်းအောင်ကတည်းက. . ."

www.burmeseclassic.com

"ဘယ်နှစ်ယောက် ရှိခဲ့ဖူးလဲ"

"ငါးယောက်"

"မောင်ကပြောတယ်... နွယ်က ကံမကောင်းဘူးတဲ့"

နွယ်မရယ်ချင့်ရယ်ချင်နှင့် ဟက်ခနဲ တစ်ချက်ရယ်ပစ်လိုက်သည်။ ဒါကို ရှင်က ထောက်ခံချင်လို့လား ကိုဟောကင်းရယ်။

"မောင်က... မောင်နှမချင်းမို့ ပြောတယ်လို့ မထင်ဘူးလား"

"မထင်ပါဘူး... နွယ်က ရိုးသားတာပဲ"

"ဟောကင်းက ဘာကိုကြည့်ပြီး... ပြောတာလဲ"

"မျက်လုံး"

နွယ်... မျက်လုံးပြူးသွားရသည်။ အဲဒီ စိတ်ပြတင်းပေါက်တွေကို နွယ်များ လက်လွတ်စပယ် ဖွင့်ထားမိလို့လား။ ဟောကင်းက ဒါကို ရိပ်မိပုံမရဘဲ ဆက်ပြော၏။

"ဟုတ်တယ်... နွယ့်မျက်လုံးတွေက နွယ်ရိုးသားတာကို ပြတယ်"

"ဒါပဲလား... တခြားရော"

"တခြားပြောရရင်တော့... ရိုးသားတဲ့လူတွေရဲ့ ထုံးစံအတိုင်း ယုံလွယ်တယ်၊ ပြီးတော့ နွယ်က... ဆုံးဖြတ်ချက်လည်း မြန်ပုံရတယ်၊ ဆုံးဖြတ်ချက်မြန်တဲ့လူတွေက အမှားများတတ်တယ်လို့ ကျွန်တော် ကြားဖူးတယ်"

"မဆုံးဖြတ်ရဲလို့... မဆုံးဖြတ်လိုက်ရရင်ကော"

"အဲဒါဆိုရင်တော့... မှားစရာ မရှိတော့သလို မှန်စရာလည်း မရှိတော့ဘူး"





နွယ်တို့ ရယ်ဖြစ်ကြသည်။ ဟောကင်းလိုပဲပေါ့။ ဘာမှ မဆုံးဖြတ်ခဲ့တော့ မှားစရာလည်းမလို၊ မှန်စရာလည်း မလို။ မထူးပါဘူး။ မောင်လည်း ဒီအတိုင်းပဲ။

"မောင်ကတော့... နွယ့်ကို ပြောဖူးတယ်သိလား"

"ဘာလဲ"

"ရည်စားများတဲ့ ယောကျ်ားလေးတွေပဲ သူ့ပတ်ဝန်းကျင်မှာ မြင်ဖူးတာ... တဲ့။ ရည်းစားများတဲ့ မိန်းကလေးဆိုတာ... သူ့ပတ်ဝန်းကျင်မှာ နွယ်ကလွဲရင် မတွေ့ဖူးဘူးဆိုပဲ"

"ကျွန်တော်ကတော့... တွေ့ဖူးတယ်"

"ဟင်... ဟုတ်လား... ဘယ်သူလဲ"

"ကျွန်တော့်ညီမ"

နွယ်... မျက်လုံးဝိုင်းသွားရသည်။ ပြီးတော့... ဒါကြောင့်လည်း နွယ့်ကို နားလည်နိုင်တာပဲ... ဟုလည်း တွေးမိ၏။ နောက်မှ နွယ်တို့တစ်ခါမှ မမြင်ဖူး၊ မကြားဖူးသော သူ့ညီမဆိုတာကို မေးရ၏။

"ဟောကင်းမှာ ညီမရှိတယ်... ဟုတ်လား"

"အင်း"

"နွယ်တို့ မတွေ့ဖူးဘူးပေါ့"

"ဟုတ်တယ်... သူနိုင်ငံခြားထွက်သွားတာ တစ်နှစ်လောက်ရှိတော့မယ်... သူ့နာမည်က Simple လို့ခေါ်တယ်"

"ဩော်... ဒါကြောင့်ကိုး၊ နွယ်က... ဟောကင်းကို မောင်နှမတစ်ယောက်မှ မရှိတဲ့ တစ်ဦးတည်းသောသားလို့ ထင်နေတာ"

"မဟုတ်ဘူး... ကျွန်တော်တို့က မောင်နှမသုံးယောက်ရှိတယ်၊


www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်အစ်ကိုကလည်း နိုင်ငံခြားမှာပဲ. . . ခုတော့ သူတို့ မောင်နှမ နှစ်ယောက်တူတူနေကြတယ်. . . ကျွန်တော်က ဒီမှာအဖေအမေနဲ့ နေတယ်"

စကားအဆုံးမှာ ဟောကင်းပုံစံက သူ့မောင်နှမတွေကို တမ်းတမ်းတတ သတိရလိုက်ဟန်နှင့် ငေးရီသွားတော့သည်။ စားလက်စကိုပဲ ရပ်ပစ်လိုက်တာ တွေ့ရ၏။

"ဆောရီး ဟောကင်း. . . နွယ့်ကြောင့် မောင်နှမတွေကို သတိရသွားပြီထင်တယ်"

ဟောကင်းက မသက်မသာပြုံး၏။

"သတိရတာက ခုမှ မဟုတ်ပါဘူး၊ နွယ်နဲ့စတွေ့တည်းက. . . နွယ်နဲ့မောင့်ကို ကိုယ့်မောင်နှမတွေလို သံယောဇဉ်ဖြစ်မိကတည်းက သတိရတာ၊ ညီမလေးသာရှိရင် သိပ်ပျော်မှာပဲ. . . သူက ဟိုကို မသွားချင်ဘူး"

"ဟင်. . . မသွားချင်ပဲ သွားရတယ်ဟုတ်လား. . . သနားပါတယ်"

"ဟုတ်တယ်. . . မသွားရင် မဖြစ်တော့တဲ့ အခြေအနေမို့ လွှတ်လိုက်ရတာ. . . သူကလည်း သွားလိုက်ရတာ"

ထို မသွားရင်မဖြစ်တော့တဲ့ အခြေအနေဆိုတာကို နွယ်နားမလည်ပါ။ လောကမှာ တခြားတစ်နေရာကို တိမ်းရှောင်သွားရလောက်အောင် ဆိုးတဲ့အကြောင်းအရာတွေ အခြေအနေတွေ ရှိတယ်တဲ့လား။ နွယ်တို့စကားဝိုင်းလေးက ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် ငြိမ်တိတ်သွား၏။ ထို့ကြောင့် နွယ်ကပဲ စားပွဲထိုးကိုခေါ်ကာ bill





ရှင်းပြီး. . .

ဟောကင်း၏ လှည်းကလေးကို ကားဆီ တွန်းလာခဲ့လိုက်သည်။ ကားပေါ်ကို သူ့ဘာသာသူ ကြိုးစားရွှေ့သည်။ နွယ်က လှည်းဘီးလေးကို ခေါက်သိမ်းခဲ့ရုံသာ။ နွယ်တို့ အပြန်လမ်းတစ်လျှောက်မှာလည်း စကားနည်းနေကြသည်။ "မိုးစိမ်းပြီ၊ ခဏလေး ကားလာနေတယ်၊ ထွက်တော့ ရပြီ" ဆိုသောစကားလောက်သာ ပြောဖြစ်ကြ၏။

ဟောကင်းအိမ်ရောက်တော့ သူ့အိမ်မှကောင်မလေးက ကမန်းကတန်း ထွက်လာဖွင့်ကာ လှည်းဘီးလေးကို ပြင်ပေးသဖြင့် နွယ် ဘာမှ မလုပ်ပေးရ။ ကားပေါ်ကအဆင်းမှ ဟောကင်းက. . .

"တစ်ရက်မှ. . . နွယ့်ကို Simple အကြောင်းတွေပြောပြရဦးမယ်၊ နွယ်လည်း ကျွန်တော့်ကို ပြောစရာရှိရင်. . . ပြောနိုင်ပါတယ်"

"ဟုတ်"

နွယ်ပြန်ထွက်လာတော့. . . ကောင်းကင်တွင် မိုးရိပ်တချို့ ယှက်သန်း လိပ်တက်လာသည်။ မိုးလွတ်အောင် အမြန်မောင်းမိလျှင်လည်း အန္တရာယ်များဦးမည်။ မိုးမလွတ်ပြန်တော့လည်း မိုးရေထဲ ကားမောင်းရတာ သိပ်သည်းလာရင် အန္တရာယ်များတာပင်။ လမ်းဘေးမှာလည်း ကားရပ်ထားပြီး မိုးအစဲကို မစောင့်ချင်။ တစ်ခါတစ်ရံတော့ ဆုံးဖြတ်ရခက်သော အခြေအနေများသည် မဖိတ်ခေါ်ဘဲ ဝင်ရောက်တတ်မြဲပင်။ နွယ့်အတွက်တော့ ထုံကျင့်နေခဲ့လေပြီ။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

တကယ်တမ်း Southern Cross Multimedia ကို ဖွင့်ဖြစ်တော့ ဆိုင်မှာ ကျောက်ချထိုင်ရသူက နွယ်။ မောင်က ဝင်လိုက်ထွက်လိုက်နှင့်၊ နွယ်လိုပဲ ဆိုင်မှာ အချိန်များများ ရှိတတ်တာက ဟောကင်း။ နွယ်နှင့်မောင်တို့ စားမေးပွဲအပြီးမှာ လုပ်ဖြစ်တာမို့ အတော်လေးတော့ အချိန်အားသွားတာမို့ အဆင်ပြေသည်။ သို့သော် ကျောင်းသူဘဝကနေ ရုတ်တရက်ကြီး ဘောင်တစ်ခုတည်းရောက်သွားရတာမို့ နွယ်က သိပ်အစာမကျေချင်။ ဖေဖေကတော့ သဘောတွေကျလို့။ မောင်ဟာ နွယ့်အတွက် လမ်းကြောင်းဖွင့်ပေးသူလိုပင် ချီးကျူးနေချင်သေးသည်။

နွယ်နှင့်ဟောကင်း Simple အကြောင်းကိုလည်း အလုပ်တွေရှုပ်နေ၍ စကားမစပ်ဖြစ်တော့။ ပိုဆိုးတာက မောင်ပင်။ ဟောကင်းမှာ Simple ဆိုသော ညီမတစ်ယောက်ရှိနေမှန်း လုံးဝမသိခဲ့ခြင်းပင်။





မိုးကျော်သူကတော့ ဟောကင်းနှင့် ငယ်ပေါင်းမို့ အကုန်သိသည်။ သို့သော် မိုးကျော်သူ၏ ကောင်းသောအချက်တစ်ချက်က မလိုအပ်သောစကားကို မပြောခြင်းပင်။ Simple ဆိုသော ညီမတစ်ယောက်ရှိ. . . နိုင်ငံခြားမှာ ကျောင်းတက်နေပြီဆိုတာရယ်၊ Simple ကလည်း ဟောကင်းလိုပင် ထက်မြက်သူဆိုတာရယ်လောက်ပဲ ပြောပြသည်။

နွယ်တို့ Southern Cross ကလည်း အစပထမဦးမတော့ သိပ်ပြီးအလုပ်မဖြစ်ပေမယ့် နောက်ပိုင်းမှာတော့ မောင်နှင့်နွယ်တို့၏ မိတ်၊ ဖေဖေ့မိတ်၊ မမကြီးတို့မိတ်တွေ ဝင်လာသလို ဟောကင်းနှင့် ဟောကင်းမိဘများ၏မိတ်၊ မိုးကျော်သူ၏မိတ်များလည်း ဝင်လာသည်။ ကွန်ပျူတာ စာစီစာရိုက်၊ Layout Design ကအစ အလုပ်အပ်သူ များလာသဖြင့် D.T.P သမားချည်း သုံးယောက်၊ Designer နှစ်ယောက် ခေါ်ထားရသည်။ Software နှင့် Hardware ပိုင်းကတော့ ဟောကင်းက တာဝန်ယူပြီး အပိုပစ္စည်းတွေ ရောင်းတာဝယ်တာကို မောင်က တာဝန်ယူသည်။ နွယ်မှာက Casher ဆိုသော်လည်း တောက်တိုမယ်ရ အစုံလုပ်ရ၏။ Copier ကူးရသည်။ စာအုပ်ဖောက်ချုပ်ကူးရသည်။ လက်စတစ်လောင်းရသည်။ စက္ကူဝယ်ရသည်။ ထိုအခါမှာ နွယ့်လို တောက်တိုမယ်ရကူသူက မိုးကျော်သူ။

"ခုလိုလုပ်ရလို့ အားမငယ်နဲ့ သိလား. . . မိနွယ်"

"ဟင်. . . ဘာလို့လဲ"

"ဒါ. . . ငါတို့လို စွယ်စုံရပညာရှင်တွေမို့ လိုတဲ့နေရာ ဝင်လုပ်တာ၊ ဟိုပညာရှင်တွေဆို ဒါဆိုဒါပဲ. . . ဟဲဟဲ"

မိုးကျော်သူစကားကြောင့် နွယ်သဘောကျစွာ ရယ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်းထဲမှ ကလေးတွေကလည်း ရယ်ကြသည်။ အလုပ်မှာက အားလုံး မိသားစု မောင်နှမတွေလိုမို့ အလုပ်သမားတွေကလည်း ပျော်ကြ၏။ အထူးသဖြင့် မိုးကျော်သူ၊ သူက ပေါက်ကရအစုံ ပြောတတ်သဖြင့် အားလုံးက သူ့ကိုပဲ မျှော်ကြသည်။ ခက်တာက သူကလည်း ဘယ်တော့မှ မလေးနတ်။ ဖဲဝိုင်းမှာ လေးငါးရက်ဆက်ပြီး ပျောက်ချင်ပျောက်နေတတ်သည်။ ချိန်နဲ့လာလောက်မှ အလုပ်ကိုပြန်လာသည်။ Exercise လာလုပ်တာဆိုပြီး အလုပ်တွေ လာလုပ်တတ်သည်။ မောင်ကတော့ နွယ့်ကိုကျေနပ်နေပုံရသည်။

"ခုမှပဲ. . . စိတ်အေးရတော့တယ်"

"ဘာလဲ"

"နင်. . . အလုပ်ထဲမှာပဲ ခြေငြိမ်နေလို့လေ"

"ဒါ. . . နင့်ကြောင့်လို့များ ထင်လို့လား"

"မထင်ပါဘူး. . . နင်သာလျင် နင့်အရှင်သခင်ပဲ"

"သိရင်ပြီးတာပဲ"

"မဟုတ်ဘူး၊ အားလုံးက အခုမှ နင့်ကိုကြည့်ပြီး အပူလုံးကျသွားကြတာ"

"အားလုံးဆိုတာက. . ."

နွယ်. . . မျက်မှောင်ကြုတ်ကာ မေးမိ၏။

"ဖေဖေ၊ မေမေ၊ မမကြီးတို့ ပြီးတော့. . . ဟောကင်း"

ဟောကင်းပါ ပါလာတာမို့ နွယ်ပြုံးချင်ချင်ဖြစ်သွားရသည်။ သူ့ညီမလေး Simple ကို ပူရသလို ပူတာနေမှာပေါ့။

"ငါ့ကို. . . လိမ္မာလာပြီ ဆိုပြီးတော့ပေါ့"





"မှားနေပြီ. . . နင်က နဂိုတည်းက မမိုက်ပါဘူး၊ မလိမ္မာတာတစ်ခုပဲ"

"ခွေးမောင်. . ."

နွယ်. . . စိတ်တိုစွာဆဲမိ၏။ ပြီး. . . ခုတလော. . . မောင့်ကိုကြည့်ရတာ နွယ့်ကို အရင်လောက် နားလည်မပေးချင်တော့ဟု ထင်မိသလို နွယ်ဘာမှမလုပ်တော့၍ နားလည်ပေးစရာ မလိုတော့တာလည်း ဖြစ်နိုင်ပါသည်။

တစ်နေ့ နွယ်တို့မောင်နှမ စကားပြောနေကြဆဲ ဆိုင်ထဲကို လူတစ်ယောက် အလျင်စလို ဝင်လာသည်။

"ဒီမှာ ဖိတ်စာဒီဇိုင်းလုပ်. . ."

စကားမဆုံးလိုက်။

ထိုသူ နွယ့်ကိုမြင်ပြီး စကားဆက်မရတော့၊ နွယ့်ကို မျက်လုံးအပြူးသားနဲ့ကြည့်ပြီး ပြန်ထွက်သွားရခက်၊ ဝင်လာခက်ဖြစ်နေပုံရသည်။ မောင်ကတော့ ဆိုင်ရှင်ပီသစွာ ဖိတ်ခေါ်၏။

"ဖိတ်စာ . . . ဒီဇိုင်းလုပ်ပါတယ်၊ ဘာဖိတ်စာလုပ်မှာလဲ"

"မင်္ဂလာ. . . မင်္ဂလာဆောင်ဖိတ်စာပါ"

ဒီလောက်စကားပြောချောတဲ့သူက ခုမှထစ်နေသေးတာကို ကြည့်ပြီး နွယ် တစ်ဖက်လှည့်ပြုံးမိ၏။ ထိုသူသည် နွယ့်ရည်းစားဦးဖြစ်၏။ နွယ်ဆယ်တန်းအောင်သောနေ့မှာ အဖြေပေးခဲ့သော ပထမဆုံးချစ်သူလည်းဖြစ်၏။ သူများတွေအတွက်တော့ ရည်းစားဦးဆိုတာ အမှတ်တရပင်။ အချစ်ဦးကို တစ်သက်လုံး တမ်းတနေတတ်ကြသူတွေ များသည်ဟု စာတွေထဲမှာ နွယ်ဖတ်ဖူးသည်။ နွယ်အတွက်ကတော့ ထိုသူ



www.burmeseclassic.com

www.burmeseclassic.com

သည် အလွန်တရာ စက်ဆုပ်ဖွယ်ကောင်းသူသာ ဖြစ်ခဲ့သည်။

ခုလည်းကြည့်ပါဦး၊ ဘယ်လို မသိနားမလည်သူလေး တစ်ယောက်ကို ဖျားယောင်းကာ လက်ထပ်ယူဦးမည်လဲ မသိ။ အတွင်းခန်း ထဲရောက်သွားသော နွယ်. . . မရှိတော့သဖြင့် မောင်နှင့်ထိုသူ လွတ်လပ်စွာ စကားပြောကြလိမ့်မည်။ ဘာမှမသိသော မောင်ကတော့ အလုပ်သဘောအရ ထိုသူကို အကောင်းဆုံးဖိတ်စာ design များပြနေပေလိမ့်မည်။ သေချာတာကတော့ အလုပ်အပ်ဖြစ်သွားသည့်တိုင် ထိုသူ. . . သူ့ဖိတ်စာတွေကို ကိုယ်တိုင်လာရွေးရဲမှာ မဟုတ်ဆိုတာပင်။

ခဏနေတော့ မောင် အထဲဝင်လာ၏။ နွယ်ယူလာခဲ့သော ထမင်းချိုင့်ကိုဖွင့်ကာ ထမင်းစားရန်ပြင်ရင်းက လှမ်းမေး၏။

"ဟိုလူက နင်နဲ့ ငါ့ကိုဘာတော်လဲ မေးသွားတယ်. . . နင်သိလို့လား"

"အင်း. . . သိတယ်"

"ငါက. . . မောင်နှမလို့ပြောတော့ သူက တူတယ်နော်တဲ့ဟာသပဲ၊ နင်နဲ့ငါ့ကိုများ တူတယ်တဲ့ တခြားစီကို"

"အေးလေ. . . တခြားစီ ငါက ဒီလောက်ချောတာ"

မောင်က. . . ထမင်းကို ကော်ခပ်စားလိုက်ရင်းက မေးခွန်းတစ်ခုကို မျက်မှောင်ကြုတ်ကာမေး၏။

"နင်နဲ့က. . . ဘယ်လိုသိတာလဲ"

"ဟိုး. . . ဆယ်တန်းကတည်းက"

"ဟင်. . . ဘာလဲ. . . သူက. . . နင့်ဆရာလား"

"ဟုတ်ပ. . . ငါတို့ guide လေ"





"ခုမှ မိန်းမရတာပေါ့. . . ဟားဟား နင်ကံကောင်းတယ်သိလား. . . ခုသူယူမှာကလည်း သူ့တပည့်မလေးပဲ"

နွယ် မဲ့လိုက်တာကို မောင်မမြင်။ မောင်က ထမင်းကို အလောတကြီးစားနေ၏။

"တကယ်တော့. . . ငါ ကံကောင်းတာပါ"

"အေး. . . နင်ကံကောင်းတာ. . . ဒီလူ့ကြည့်ရတာ. . . ရုပ်မယ့်ပုံပါပဲ"

"ရုပ်မယ့်ပုံ မဟုတ်ဘူး၊ ရုပ်ကိုရုပ်တာ. . . သူသင်တဲ့ဝိုင်းတွေမှာ တစ်ဝိုင်းတစ်ယောက် သူ့ရည်းစားရှိတယ်"

"ဟင်. . . နှမချင်း မစာမနာ"

မောင်က ထိုသူကို တအံ့တသြရှုံ့ချ၏။ နွယ်က အားယူရယ်မောပစ်လိုက်ရင်းမှ မောင့်ကို အားလုံးအမှန်အတိုင်းပြောဖို့ ဆုံးဖြတ်လိုက်သည်။

"ဒီထက်ဆိုးတာက သူ့မှာ. . . မိန်းမရှိနေတာ"

မောင်. . . ထမင်းလုပ်ပင် နင်သွားပုံရသည်။

"ဟင်. . . မိန်းမရှိရက်နဲ့ ခုယူဦးမယ်. . . မဟုတ်လား"

"မိန်းမတင် ဘယ်ကလဲ. . . ကလေးနှစ်ယောက်ပါရှိတာ"

"Jesus, အလာ, ဗုဒ္ဓ. . . ကယ်ပါ"

မောင်က ရွတ်နောက်နောက်ဟန်ဖြင့် ဘုရားတ၏။ ပြီးမှ ခေါင်းတရမ်းရမ်းဖြင့် ပြောသည်။

"ဒါဆို ဒီကောင်မလေးတော့. . . ဒုက္ခပဲ"

"အေး. . . ဒုက္ခပဲ. . . ငါလည်း ကံကောင်းလို့ ဒုက္ခမရောက်


www.burmeseclassic.com

www.burmeseclassic.com

ခဲ့တာ"

"အေး. . . နင်ကကောင်း. . . ဘာ. . . ဘယ်လို. . . ဘယ်လို. . . အဓိပ္ပာယ်လဲ"

မောင်ထောက်ခံရန်ပြင်ပြီးမှ လေသံကိုခန့်မှန်းမိကာ တုန့်လှုပ်သွား၏။ နွယ့်ကိုလည်း တခြားကမ္ဘာက ဂြိုလ်သတ္တဝါ တစ်ကောင်လိုကြည့်၏။

"အေးလေ. . . အဓိပ္ပာယ်ကတော့ အဲလိုပဲ. . . ငါကကောင်းခဲ့တယ်ပေါ့. . . ငါက သူ့ရဲ့တစ်ပိုင်းတစ်ယောက် ရည်းစားပဲဖြစ်ခဲ့တာလေ"

မောင်. . . နွယ့်ကိုကြည့်ကာ သက်ပြင်းချ၏။

"နင်ကတော့ ဖြစ်ရတယ်. . . မိနွယ်. . . ဒါဆို နင်ကကော ဘယ်လိုလုပ် သူ့မှာ မိန်းမနဲ့ကလေးရှိတာ သိသွားတာလဲ"

"ငါနဲ့ ကြိုက်ပြီးမကြာဘူး. . . ငါ. . . စိမ်းတို့ဆီ သွားရင်း သူတို့မိသားစုကို တွေ့ခဲ့ရတာပဲ. . . စိမ်းလည်း ဒေါသထွက်လို့ မဆုံးဘူး"

"နင်က. . . အဲဒီလူကိုပြန်မေးလား"

"အမှန်က မေးစရာလိုဘူးမောင်. . . ဒါပေမယ့် ငါက ငယ်သေးတော့ ခေါ်မေးမိတယ်. . . သူကလည်း ပထမငြင်းသေးတယ်၊ နောက်မှ သေသေချာချာ အထောက်အထားနဲ့ပြောတော့မှ. . . ဝန်ခံတာ၊ ဒါတောင်မှ ငါ့ကိုလည်း လက်ထပ်မှာပါ လုပ်နေသေးတာလေ"

"ဒါနဲ့. . . နင်က ဖြတ်ခဲ့ရောလား"

"ဆိုပါတော့. . . ငါကဖြတ်ခဲ့သလိုဖြစ်ပေမယ့် သူ့ဘက်က အလွန်လေ"





"ဟုတ်ပါတယ်. . . ခုလည်း. . . ငါ. . . သူ့ကောင်မလေးကို သွားပြောရင် ကောင်းမလားမသိဘူး. . . မိနွယ်"

မောင်ကတော့ နှမချင်းစာနာစွာ ပြောခြင်းဖြစ်သည်။ အမှန်တော့ နွယ်လည်း မိန်းမချင်း ကိုယ်ချင်းစာကာ. . . ပြေး ပြောပြချင်မိသည်သာ။ လုပ်သင့်မလုပ်သင့်ကိုတော့ မဝေခွဲတတ်။

"မကောင်းဘူး. . . မောင်မောင်"

ထိုအဖြေကို လေသံပြတ်ပြတ်နှင့် ဝင်ပေးလိုက်သူက ဘယ်အချိန်တည်းက အခန်းထဲရောက်နေမှန်း မသိသော ဟောကင်း။ နွယ်တို့မောင်နှမ အာရုံတွေ ဘယ်လောက်များ လွတ်သွားလိုက်သည်မသိ။ ဟောကင်း ဝင်လာတာတောင်မသိ။

"ဘာလို့လဲ. . . ဟောကင်း"

နွယ်က. . . ဟောကင်း ဘာကြောင့် ဒီလိုဝင်ဖြေရတာလဲ ဆိုတာကို သိချင်နေသည်။ နွယ့်လိုပဲ. . . မောင်လည်း သိချင်ပုံရသည်။ ဟောကင်းကို ပြောစမ်းပါဦးဆိုသောအမူအရာနှင့် မေးဆတ်ပြ၏။

"ဘာလို့လဲဆိုတော့ တစ်ဖက်က အခြေအနေကို မင်းတို့မသိနိုင်လို့ပဲ. . . မင်းတို့သွားပြောလည်း ယုံချင်မှယုံမယ်၊ ယုံသည့်တိုင် ယုံလျက်လက်ခံထားတာလည်း ဖြစ်နေနိုင်တာပဲ၊ ပြီးတော့ မယုံသောယုံသောတွေ မပါသည့်တိုင်. . . အခြေအနေတစ်ခုကြောင့်ဆိုတာလည်း ဖြစ်နိုင်တာပဲ၊ အဲဒီ အခြေအနေတစ်ခုဆိုတာကလည်း ပြောတော့သာ တစ်ခုလေ၊ အားလုံးဖြစ်နိုင်တယ်၊ သိပ်ကျယ်ဝန်းတယ်၊ အဲဒီ ကျယ်ဝန်းမှုတွေထဲမှာ သိက္ခာတွေလည်း ပါနေတယ်. . . သွားပြောမယ့် မင်းတို့ရဲ့ သိက္ခာလည်း ပါတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

နွယ်. . . ဟောကင်းစကားကို နားလည်သလိုရှိသော်လည်း သိပ်တော့ လက်မခံချင်။ ဘာလို့ ဒီထဲမှာ အဲဒီသိက္ခာတွေဆိုတာ ပါလာရတာလဲ။ သွားပြောတဲ့သူရဲ့သိက္ခာဆိုတာက ဘာလဲ။ နွယ်က ထားပါတော့။ မောင့်လိုလူက သွားပြောတော့ရော ဘာသိက္ခာကျနိုင်စရာ ရှိနိုင်လဲ။ အရှုံးမရှိတာတော့ သေချာသည်ဟု . . . နွယ်က တွက်သည်။ ဝစ်ဖက်သား မိန်းကလေးအတွက်. . . ယုံကြည်ရင်အမြတ်ပေါ့။ မယုံလို့ နွယ်တို့က အရှုံးမရှိဟု မြင်သည်။

မောင့်ကို ကြည့်တော့လည်း ဇဝေဇဝါနှင့် နွယ့်ကိုပြန်ကြည့်၏။ မောင်လည်း သိပ်နားလည်ပုံ မပေါ်. . .။ လက်လည်းခံသင့် မခံသင့် ဝေခွဲရပုံမပေါ်. . .။ ဟောကင်းက တစ်ချက်ပြုံးကာ စကားကိုဆက်၏။

"အင်း. . . မင်းတို့နားလည်ချင်မှ လည်လိမ့်မယ်"

"နွယ်က နားလည်တယ်. . . တစ်ခုပဲ"

"လက်မခံချင်တာ. . . မဟုတ်လား"

"အင်း. . ."

"ဒါဖြစ်သင့်ပါတယ်. . ."

"ဟင်. . ."

ဟောကင်း၏ မှတ်ချက်ကြောင့် နွယ်တို့ မောင်နှမ 'ဟင်'ခနဲ မော့ကြည့်မိကြသည်။ သို့သော် ဟောကင်းမျက်နှာက နွယ်တို့ကို ရွဲ့နေတာနဲ့မတူ။ အရမ်းကို အရိပ်အရောင်တွေ ကင်းစင်ကြည်လင်နေသည်။

"ဖြစ်နိုင်တာ. . . အင်း. . . ဖြစ်ခဲ့တာတစ်ခုကို ဥပမာပြရင်





တော့ မင်းတို့ နားလည်လက်ခံလောက်လိမ့်မယ် ထင်တာပဲ"

နွယ်နှင့်မောင် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။ ဘာစကားမှ မပြောမိ။ စကားမထောက်ဖြစ်သလို မေးခွန်းလည်း မထုတ်မိ။ ဟောကင်းက ဘီးတပ်ကုလားထိုင်လေးကို သူ့အလုပ်စားပွဲရှိရာသို့ တွန်းသွားသည်။ နေရာတကျရောက်တော့မှ အသာလှော့ထိုင်လိုက်ရင်း နွယ်တို့ကိုပြော၏။

"မင်းတို့ကို ပုံပြင်တစ်ခုတော့ပြောပြရဦးမယ်. . . အဲဒီပုံပြင်က အကောင်းတော့ မဟုတ်ဘူး၊ ဒါပေမယ့် ပြောသင့်တယ်ထင်လို့ပါ. . . ဟိုးရှေးရှေးတုန်းက မဟုတ်တဲ့. . . လွန်ခဲ့တဲ့ နှစ်,နှစ်ကျော်လောက်က ပေါ့"

နွယ်နှင့်မောင်က နားရွက်ကလေးတွေ မသိမသာထောင်လာသည်ထိ နားစွင့်နေမိသော်လည်း ဟောကင်းစကားလုံးများက ဆို့နင့်စွာ ဆုံ့ဆိုင်းနေကြသည်။ တစ်ခါတစ်ခါ ပုံပြင်များသည် အိပ်ရာဝင်ပုံပြင်များ မဖြစ်နိုင်ခဲ့ကြပါ။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

နေသာသောနေ့ရက်တချို့တွေမှာ ဟောကင်းကို Simple က ကားလျှောက်မောင်းရန် ပူဆာတတ်သည်။ အစ်ကို့ကို ဖန်ပြကာ ကားပေါ်တင်မောင်းမှ သူမကားမောင်းခွင့်ရတာကိုး။ ဟောကင်းက ကားမမောင်းတတ်။

“brother ကားလျှောက်မောင်းရင်း. . . အပြန်မှာ တစ်ခုခုစားရအောင်”

“ငါ. . . စာဖတ်နေတယ်”

“တစ်နေကုန် စာဖတ်နေတာ အညောင်းမိလိမ့်မယ်. . . လာပါကွာ. . . ညီမလေးပျင်းလို့ပါ”

Simple က အတင်းထူဆွဲသဖြင့် ဟောကင်းမေမေ့ကို လှမ်းပြောကာ လိုက်ဖြစ်သွားရသည်။ အမြဲတမ်း မြူတူးတက်ကြွနေသော





Simple ကတော့ ကားကလေးကို ဘီးတပ်ယာဉ်ဟုပင် ထင်ရဲ့လားမသိ၊ သူမ ကျွမ်းဝင်နေပြီးသော သတ္တဝါတစ်ကောင်ကို ခိုင်းစေသလို မောင်းနှင်နေလေသည်။

“အဲလို. . . မြို့ပြင်ဘက် ကားလျှောက်မောင်းရတာ လေကောင်း လေသန့်လည်းရတယ်၊ အပြောင်းအလဲလည်းဖြစ်တယ်၊ နောက်အရာအားလုံးကနေ. . . ခဏတဖြုတ် ထွက်ပြေးခွင့်ရသွားသလိုပဲ”

“ဟုတ်လား. . . ငါ့အတွက်ကတော့ မထူးပါဘူး”

“ညီမလေးအတွက်က ထူးတယ်. . . ကိုကိုက အန္တရာယ်ကင်းတဲ့စာအုပ်တွေ၊ သက်မဲ့ပစ္စည်းတွေနဲ့ပဲ နေတာကိုး”

ဟုတ်ပါသည်။ Simple က ဟောကင်း၏စာအုပ်များကို ‘စကားပြောသော သက်မဲ့များ’ ဟုခေါ်တတ်သည်။ သူမကတော့ လူတွေနှင့်အလျဉ်းသင့်အောင် ဆက်ဆံတတ်သူပီပီ လူတွေနှင့်ပဲ အနေများသည်။ ပြီးလျှင်တော့ ထိုလူတွေနှင့်ပဲ ပြဿနာတွေတက်ကာ လွတ်မြောက်ချင်နေတတ်သူ။

“နင်လည်း. . . ငါ့လို နေပါလား”

“နေမှ မနေတတ်တာ. . . မွေးကတည်းက ပုံစံမှ မတူတာကိုကိုရာ. . . ဘာတတ်နိုင်မှာလဲ. . . ကိုကြီးဆို ညီမလေးနဲ့ တူတယ်၊ လူတွေနဲ့ တရုန်းရုန်း”

“အေး. . . သူ့တရုန်းရုန်းက ရည်းစားတွေ မဟုတ်ဘူး၊ သူငယ်ချင်း မိတ်ဆွေတွေ”

“ညီမလေး တရုန်းရုန်းတွေကလည်း. . . အားလုံးရည်းစားတွေ မဟုတ်ပါဘူး ကိုကိုရာ”



www.burmeseclassic.com

www.burmeseclassic.com

"ရာခိုင်နှုန်းများတယ်. . . မဟုတ်လား"

"ဒါကလည်း သူတို့ဘက်က. . . များပါတယ်"

"နင့်ဘက်ကလည်း မတီးရင်ဘယ်မြည်မလဲ Simple ရယ်၊ နင်ဟာလေ. . . နာမည်နဲ့ လူလေးနဲ့က လိုက်ပါရဲ့၊ ဘဝက မလိုက်ဘူး ဖြစ်နေတယ်"

Simple တစ်ချက်ငြိမ်သွားသေးသည်။ သို့သော် Simple ဆိုတာက ဘာသောကကိုမှ စိတ်ထဲ ကြာရှည်ထည့်မထားတတ်သူမို့ ခဏချည်းမှာပင် စကားကို လမ်းကြောင်းပြောင်းပစ်လိုက်သည်။

"ကိုကိုသိလား. . . ဟိုနေ့က ညီမလေးတို့ Jim Carrey ကားအသစ်ငှားကြည့်ကြတာ ရယ်ရတယ်. . . ဘုရားသခင်လုပ်တာလေ"

"ကြည့်ပြီးပါပြီ. . . တော်တော်တောင်ကြာသွားပြီ. . . ငါ ကြည့်တုန်းက နင့်မှမရှိတာ"

"အင်းလေ. . . နောက်ဆိုတူတူကြည့်မယ်. . . သူငယ်ချင်းတွေနဲ့ ကြည့်ရတာက ကိုယ်ရယ်ရရင် သူတို့ကို ဘာသာပြန်ပေးနေရတာနဲ့ပဲ feel သိပ်မလာချင်တော့ဘူး. . . ခု. . . ညီမလေး Diary of the Princess ငှားထားတယ်. . . ကိုကိုကြည့်မလား"

"ကြည့်ပြီးပြီ"

"ထပ်ကြည့်လေ. . ."

"အင်း. . . ကြည့်တာပေါ့. . . ခု. . . ငါဗိုက်ဆာနေပြီ"

"ဒါဆို ပြန်လှည့်တာပေါ့"

Simple က ကားကို ပြန်ကွေ့လိုက်သည်။ အပြန်လမ်းတလျှောက်လုံးလည်း ရုပ်ရှင်တွေအကြောင်းပဲ ပြောလာဖြစ်ကြသည်။





မောင်နှမနှစ်ယောက်လုံးက ရုပ်ရှင်ကားကောင်းတွေ ကြည့်တတ်ကြတာချင်းတော့တူ၏။ တစ်ခုပဲ။ Simple ကအပြင်မှာ အနေများ၍ အိမ်မှာ မြဲနေတတ်သော ဟောကင်း ကြည့်ထားသောကားက ပိုများတတ်သည်။

အပြန်လမ်းပေါ်တွင်ရှိသော လက်ဖက်ရည်ဆိုင်ကြီးကြီးတွင် မောင်နှမနှစ်ယောက်သား ထမင်းကြော် စားဖြစ်ကြသည်။ Simple က ဗမာထမင်းကြော်ကို ဟင်းနှင့်စားရတာကို သဘောကျသူဖြစ်၏။

"ကိုကို. . . ဟိုဘက်ဝိုင်းက သတင်းစာနဲ့ ဂျာနယ် လှမ်းယူလိုက်ပါ"

Simple က ခိုင်းသဖြင့် ဟောကင်း တစ်ဖက်စားပွဲမှ သတင်းစာနှင့်ဂျာနယ်ကို လှမ်းယူလိုက်သည်။ ဂျာနယ်က ဘောလုံးဂျာနယ်မို့ Simple က နှာခေါင်းရှုံ့ကာ သတင်းစာကိုပဲ ဆွဲယူလိုက်၏။ ဟောကင်းက ဘောလုံးဂျာနယ်ရတာမို့ ကျေနပ်နေသည်။ နှစ်ယောက်သား ထမင်းကြော်ကို ဂျာနယ်၊ သတင်းစာနှင့် ရောမြည်းနေတုန်း Simple က အလန့်တကြား ထ,အော်သည်။

"ဟောတော့. . . ဒုက္ခပါပဲ"

"ဘာဖြစ်တာလဲ. . . Simple"

"ဒီမှာလေ. . . စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း. . . တဲ့"

ဟောကင်း မျက်နှာထားတည်တည်နှင့် ပြန်ဟောက်လိုက်သည်။

"အဲဒါ. . . နင်နဲ့ ဘာဆိုင်လဲ"

"မဆိုင်ပါဘူး. . . အဲဒီလူက မိန်းမနဲ့ ကလေးနဲ့၊ ဒါကို နောက်တစ်ယောက်နဲ့ စေ့စပ်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

ဟောကင်း မျက်မှောင်ကြုတ်ကာ သတင်းစာကို Simple လက်ထဲမှလှမ်းယူရင်း မေးခွန်းတစ်ခုကိုပါ တစ်ဆက်တည်း မေးလိုက်သည်။

"နင်က. . . ဘယ်လိုသိရပြန်တာတုန်း"

"သိတာပေါ့. . . Simpleနဲ့ အဲဒီလူက ကြိုက်ဖူးတယ်လေ။ နောက်မှ သူ့မှာ မိန်းမရှိမှန်းသိတာ"

ဟောကင်း မျက်နှာတွင် ဒေါသရိပ်တို့ဖြတ်သန်းသွားသည်။ ပြီးမှ စိတ်ကိုထိန်းလိုက်ဟန်ဖြင့်. . .

"ညီမလေးရယ်. . . နင်ကတော့ ဖြစ်ရတယ်"

"ဒါက Simple အပြစ်မဟုတ်ဘူး၊ အဲဒီလူက Simpleကို လာကြိုက်တာကိုး၊ သူရင်ဘတ်မှာ လူပျိုလား၊ လူလွတ်လား စာတမ်းထိုးမထားတော့ Simple ကဘယ်သိမှာလဲ. . . ပြီးတော့ အဲဒီလူက အရမ်းချောတာ. . . ချမ်းလည်းချမ်းသာတယ်"

"သူ့မိန်းမဆိုတာက. . . ဒီကြော်ငြာကို မမြင်မှာမှ မဟုတ်တာ ညီမလေးရာ"

Simple ရေနွေးခွက်ဘူးကို လှမ်းယူကာ အစ်ကိုအတွက် ရေနွေးငှဲ့ပေးရင်းက သက်ပြင်းရှည်တစ်ခုကို ချ၏။

"မမြင်နိုင်ဘူး. . . ဘယ်လိုနည်းနဲ့မှ မမြင်နိုင်ဘူး"

"ဘာလို့လဲ"

ဟောကင်း၏ မျက်မှောင်ကြုတ်ကာ မေးသောအမေးကို Simple တော်တော်နှင့် မဖြေနိုင်။ ပြီးမှ . . .

"ဟုတ်တယ်. . . မမြင်နိုင်ဘူး. . . ဘာလို့လဲဆိုတော့ အဲဒီအစ်မက accident တစ်ခုကြောင့်. . . မျက်စိကွယ်သွားခဲ့ပြီ"





"ဘာ"

ဖာတ်မနာ့နာအောင်ရေးပြနေသော ဖာတ်လမ်းတစ်ပုဒ်နှင့်ပင် တူသေးတော့သည်။ ဟောကင်း သူ့နဖူးသူရိုက်ကာ ဘာမှမပြောနိုင်တော့။ အတန်ကြာ ငြိမ်သက်နေပြီးမှ တွေဝေနေသော Simple ကို ကြည့်ကာ မေးခွန်းထုတ်ရပြန်သည်။

"သူ အဲလိုလူဆိုတာ. . . နင်ကရော ဘယ်လိုသိလဲ"

"ကမ္ဘာကြီးက ကျဉ်းကျဉ်းလေး ကိုကို. . . ညီမလေး secretary Training Course တက်တော့. . . အဲဒီမှာ. . . အဲဒီလူရဲ့ ညီမနဲ့ မိတ်ဆွေဖြစ်သွားတယ်. . . အစက ညီမလေးလည်း သူတို့ကို မောင်နှမမှန်းမသိဘူး. . . သူကလည်း သူ့အစ်ကိုနဲ့ညီမလေးအကြောင်းကို မသိဘူး. . . ဒီတော့ သူ့အစ်ကိုမိသားစုအကြောင်း ခဏခဏပြောတယ်. . . သူက သူ့တူလေးကို အရမ်းချစ်တာ. . . ယောင်းမကိုလည်း သနားတယ်လေ. . . ဒီလူ့အကြောင်း စုံစီနဖာ သိရပြီးမှ ဒီလူဟာ ညီမလေးနဲ့ ချစ်နေတဲ့သူမှန်း သိရတာ၊ ညီမလေးက အဆက်ဖြစ်လိုက်တော့. . . သူတို့မောင်နှမ ပြဿနာတွေ တက်လိုက်ကြတာ သူ့ညီမ စကားရှုပ်လို့ ခုလိုဖြစ်ရတာ ဆိုပြီးတော့လေ"

ဟောကင်း သက်ပြင်းကိုချလိုက်မိ၏။

"အင်းလေ. . . သူ့မိန်းမ မမြင်နိုင်တောင် အဲဒီလူ့ရဲ့မိဘနဲ့ ခုနက ညီမလေးသူငယ်ချင်းဆိုတာကတော့ ရှိမှာပဲ၊ မြင်မှာပဲ"

Simple က စိတ်မသက်သာနှင့် ခေါင်းခါသည်။

'ဘာလို့လဲ. . . ညီမလေးရဲ့'

"သူတို့က အစတည်းက အမေနဲ့ပဲနေတာ၊ အဖေက နိုင်ငံခြား


www.burmeseclassic.com

www.burmeseclassic.com

မှာ၊ ခုလိုပြဿနာတွေတက်တော့ Simple သူငယ်ချင်းက အိမ်ကနေ ဆင်းပြီး သူ့အဖေဆီလိုက်သွားရတယ်၊ အမေဆိုတာက. . . အဲဒီလူ ဘာလုပ်လုပ် ခွင့်လွှတ်ထားတာ"

"ဟင်. . . မိန်းမချင်း ကိုယ်ချင်းမစာ"

"အင်းလေ. . . ညီမလေးလည်း အဲလိုပြောခဲ့တာပဲ. . . တစ်ခုကောင်းတာ ရှာပြောရရင်တော့ ပထမချွေးမနဲ့ ကလေးကိုလည်း သူပဲ တင်ကျွေးထားတာ. . . လိုလေသေးမရှိပဲ"

"ဩော်"

တစ်ခါတစ်ရံ အမေများ၏ မိမိသားသမီးအပေါ်ထားသော လွဲမှားသည့်မေတ္တာနှင့်အတ္တသည် တစ်ဖက်လူကိုလည်း ထိခိုက်နိုင် စေသည်ဆိုတာကို 'မိခင်'ဖြစ်ပြီဆိုသော ခံစားချက်နှင့်တင် သိထိုက် နားလည်ထိုက်၊ ကိုယ်ချင်းစာထိုက်သင့်သည်ဟု ဟောကင်းက မြင်သည်။

ခဏနေတော့ Simple က စားပွဲထိုးကိုခေါ်ကာ ပိုက်ဆံရှင်းပြီး ထိုင်ရာကထသည်။

"ဟဲ့. . . အေးအေးဆေးဆေး ထိုင်ပါဦးလား"

"မထိုင်နဲ့တော့ကိုကို. . . ညီမလေးတို့ ကုသိုလ်ယူတဲ့အနေနဲ့ အဲဒီကောင်မလေးလိပ်စာအတိုင်း သွားပြောကြရအောင်"

ဟောကင်း. . . သတိလက်လွတ်နှင့် ညီမဖြစ်သူကို လှမ်းဆွဲထားလိုက်သည်။

"ဟဲ့. . . နေပါဦး. . . ဟုတ်မှလည်းလုပ်ပါ"

"ဘာလို့မဟုတ်ရမှာလဲ. . . ညီမလေးက မဟုတ်တာလုပ်တာမှ မဟုတ်တာ. . . မဟုတ်တာလုပ်မှာကို သွားတားမှာ"





"ညီမလေး. . . နင်စဉ်းစားဦး"

နင်စဉ်းစားဦး. . . ဆိုချိန်မှာ Simpleက ကားကို စက်နှိုးပြီးနေပြီ. . .။

"ဘာကို စဉ်းစားရမှာလဲ. . . ကိုကို"

"ဟိုက စေ့စပ်ပြီးနေပြီ. . . သတင်းတောင်ပါလာပြီ. . . နင်သွားပြောလို့ ဘာထူးမှာလဲ"

"ထူးတာပေါ့ ကိုကို. . . စေ့စပ်တာက ယူရသေးတာမှ မဟုတ်တာ. . . ယူပြီးမှ ဒုက္ခရောက်မှာ"

သူကိုယ်တိုင်က ရည်းစားများသည်၊ လှည့်စားတတ်သည်ဟု နာမည်ကြီးနေသော Simple၏လှည့်စားခံရမှုနှင့် သူတစ်ပါးလှည့်စားခံရမှာကို ကာကွယ်ပေးချင်သည့် စိတ်လှလှကလေးကို ဟောကင်း မြင်နေရသည်။ ဒီညီမလေးမှာ ဒီလောက်စိတ်ဓာတ်ကောင်းလေးရှိနေပါလျက်နှင့် ဘာလို့များ မကောင်းသူတွေနှင့်ချည်း တွေ့ခဲ့ရသည်မသိဟု ဟောကင်းတွေးနေမိသည်။

တားမရတော့မှာ သေချာပြီဆိုတာ သိသလို ဟောကင်း ကိုယ်တိုင်ကလည်း ပန်းကောင်းအညွန့်ကျိုးဖြစ်မည့်ကိစ္စမျိုးကို လူပီသစွာနှင့် တားမြစ်ပေးချင်သူပါ။ ထို့ကြောင့် ဘာမှမပြောတော့ဘဲ Simple ခေါ်ဆောင်ရာနောက်သို့ လိုက်သွားခဲ့သည်။

ထင်မထားခဲ့ပါဘဲလျက်. . . ထိုအိမ်က ရှာရခက်နေသည်။

တစ်ဆင့်ဆင့်မေးလျက် ရောက်သွားချိန်တွင် အမှောင်သန်းစပြုနေပြီ။ တစ်ထပ်တိုက်ဆန်ဆန် အိမ်ဟောင်းလေးတစ်လုံး၊ မီးကလေး မှိန်ပျပျနှင့်။ အိမ်ရှေ့က ခန်းအိုကလေးတွင် ဖြူနုနေသော မိန်းကလေး


www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်. . .။

"နုသဇင်. . ."

စောစောက သတင်းစာထဲမှာ တွေ့ခဲ့ရသော နာမည်အတိုင်း Simple ကခေါ်လိုက်တော့ သူမ ဒန်းပေါ်မှထလာသည်။ Simple တို့မောင်နှမကို တွေ့သောအခါ ဇဝေဇဝါနှင့်မေး၏။

"ဘယ်သူနဲ့. . . တွေ့ချင်လို့လဲ"

နုသဇင်. . . ဟု သူ့မနာမည်ကို ခေါ်နေပါလျက်က ဘယ်သူနဲ့တွေ့ချင်လို့လဲ. . . တဲ့။ Simple ကပြောလိုက်၏။

"နုသဇင်ဆိုတာ. . . ညီမလေးလား"

"ဟုတ်ပါတယ်. . . အစ်မတို့က"

"အစ်မက Simple ပါ၊ သူက အစ်မရဲ့အစ်ကို Steven တဲ့"

"ဟုတ်ကဲ့"

"ညီမလေးကို စကားနည်းနည်း ပြောချင်လို့"

"ပြောလေ. . . အစ်မ. . . အိမ်ထဲဝင်ပါလား"

ကောင်မလေးက ဖော်ရွေစွာ ဖိတ်ခေါ်၏။ ဖြူဖွေးနေသော အသားအရေပေါ်တွင် သွေးမရှိသလို ဖြူဖတ်ဖြူရော်ဖြစ်နေသော နှုတ်ခမ်းတစ်စုံကို ပိုင်ဆိုင်ထားသည့်တိုင် ကောင်မလေး၏အလှက ဖုံးကွယ်မရ။

"မဝင်တော့ဘူး. . . အစ်မတို့က ညီမလေးနဲ့ စေ့စပ်ထားတဲ့ ကိုလင်းထွန်း. . ."

"ဩော်. . . ကိုထွန်းသူငယ်ချင်းတွေလား"

ကောင်မလေးက ဝမ်းသာအားရပြော၏။ Simple က ခေါင်းခါလိုက်ရင်း. . .

"မဟုတ်ဘူး. . . သူ့အကြောင်း ပြောချင်လို့"

"ရှင်. . . သူ. . . သူ. . . ဘာများဖြစ်"

ကောင်မလေးပုံစံက တကယ့်ကို ချောက်ချားစရာကောင်းလောက်အောင် စိုးရိမ်သွားပုံနှင့်။ ဟောကင်းက သူ့ညီမကို လက်တို့သော်လည်း မရတော့။

"ဘာမှ မဖြစ်ပါဘူး. . . တစ်ခုပဲ"

"ဟုတ်ကဲ့. . . ပြောပါအစ်မ"

"ညီမလေး သူ့အကြောင်းသိလား"

"သိတာပေါ့ အစ်မရဲ့"

"သူ့မှာ. . . မိန်းမနဲ့ ကလေးရှိတာရော သိလား"

"ရှင်"

ကောင်မလေး ကြက်သေ,သေသွားသည်။ စောစောက စိုးရိမ်သလောက်တောင် စကားလုံးတွေ ထွက်မလာနိုင်တော့။ အတော်ကြာမှ သူမ စောစောကထိုင်ခဲ့သော ဒန်းကလေးပေါ် အသာပြန်ထိုင်ချလိုက်ကာ. . . ယိုင်လဲသွားတော့၏။ နှုတ်မှလည်း. . . မဖြစ်နိုင်ဘူး. . . မဟုတ်နိုင်ဘူး. . . ဟုရေရွတ်နေသေးသည်။

Simple တို့မောင်နှမ ပြန်ထွက်လာသည်ထိ ကောင်မလေးက အသံမကြားရသော်လည်း နှုတ်မှရွရွ ရေရွတ်ဆဲ။

ကားကို စက်နှိုးထွက်ခွာလာခဲ့ကြသော်လည်း နုသဇင်ဆိုသော ပိုးဟပ်ဖြူမလေး၏ပုံရိပ်က သူတို့နှင့် ကပ်ပါလာသည်။ အမှောင်က တိကျစွာ မှောင်သွားခဲ့ပြီ။ နီယွန်မီးတချို့၏ အလင်းရောင်သည်





www.burmeseclassic.com

www.burmeseclassic.com

အမှောင်ကို မလွှမ်းမိုးနိုင်သေး။

သူတို့ သူတစ်ပါးကို အလင်းပေးခဲ့တာ သေချာရဲ့လားမသိ။

⌘ ⌘ ⌘





## အခန်း (၄)

ဇာတ်ဆုံးတော့. . . မောင်က. . . မေးခွန်းတစ်ခု ဝင်မေး၏။

"သူတို့ ယုံဖြစ်သွားလား"

"ဟင့်အင်း"

"ကောင်မလေးက နားလည်သွားတယ်ပေါ့"

"မဟုတ်ဘူး"

"ဒါဆို"

"သေသွားတာ"

"ဟာ"

"ဟင်"

မောင်နှင့် နွယ်. . . တို့ထံမှ ထွက်ပေါ်လာသော အာမေဋိတ်ကို ဟောကင်းက မသိကျိုးကျွံပြုထားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်. . . အဲဒီညမှာပဲ. . . နုသဇင်ဆုံးတယ် . . . ငါတို့သွားသတ်လိုက်တာနဲ့ မတူဘူးလား"

မောင်နှင့် နွယ်. . . ဘာပြောရမှန်းမသိ။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဆွံ့အသူများပမာ ဖြစ်သွားကြရသည်။

"နောက်မှ. . . ငါတို့သိရတာက. . . နုသဇင်က ရောဂါသည်လေး. . . အိမ်ထောင်တောင်ပြုနိုင်တဲ့သူ မဟုတ်ဘူး. . . ဒါပေမယ့် နုသဇင်က. . . ကိုလင်းထွန်းမှ ကိုလင်းထွန်းဆိုတာ သိနေတော့ နုသဇင်ရဲ့အစ်ကိုတွေက ကိုလင်းထွန်းအကြောင်းသိတဲ့တိုင် ညီမလေးကို ဖွင့်မပြောရက်ဘဲ စိတ်ကျေနပ်အောင် စေ့စပ်ပေးလိုက်တာ . . . သတင်းစာထဲထည့်တာလည်း နုသဇင်က ထည့်ချင်လို့ သူက တစ်မနက်လုံး. . . ဒီသတင်းစာကို ဖတ်ပြီးပျော်နေတာ. . . တဲ့"

"သြော်. . . ဒုက္ခပါပဲ"

နွယ်. . . မသက်မသာ ညည်းမိ၏။ နုသဇင်ဆိုသော ကောင်မလေးကိုလည်း မမြင်ဖူးပါဘဲ သနားနေမိသည်။ နွယ်သာ Simple နေရာမှာဆိုလည်း Simple လိုလုပ်မိမှာပင်။ Simple မမှားပါ။ မှားနေတာက ကံကြမ္မာဖြစ်၏။ ဟောကင်းက စကားကိုဆက်သည်. . .

"အဲဒီနေ့က မသေလည်း. . . နုသဇင်တို့ဟာ ဘယ်တော့မှ လက်ထပ်ဖြစ်မယ့်သူတွေ မဟုတ်ဘူးတဲ့. . . နုသဇင်အစ်ကိုတွေက ကျန်းမာရေးကို အကြောင်းပြပြီး ရက်ရွှေ့ရွှေ့သွားမှာပဲ. . . သူတို့ညီမ သိပ်မနေရတော့ဘူးဆိုတာလည်း သိတယ်လေ. . ."

"တစ်ဖက်လူကရော. . ."

နွယ်. . . စိတ်ဝင်စားစွာမေးမိ၏။





"လင်းထွန်းဆိုတဲ့လူကလည်း လူကသာလူရှုပ်. . . မယုတ်မာရှာဘူး. . . နုသဇင်အစ်ကိုတွေ သူတို့တောင်းတဲ့ကတိပေးပြီး agreement အတိုင်း နေနေတာ. . . တဲ့"

"သြော်. . . ဒီတော့. . . ကြားထဲက. . . Simple နဲ့ ဟောကင်း"

နွယ်က. . . မှတ်ချက်ကို အဆုံးထိမချရဲဘဲ. . . ရပ်ထားသဖြင့် ဟောကင်းက ဆက်ပေးလိုက်သည်။

"ဗီလိန်ဖြစ်သွားတာပေါ့. . . နွယ်"

"ဟုတ်တယ်နော်. . . ဒါတောင် တစ်ဖက်က မသိသွားလို့"

ဟောကင်းက. . . မောင့်စကားကို တစ်ချက်ရယ်၏။

"မသိဘဲနေမလား မောင်မောင်. . . . နောက်တော့ သိသွားဘာပေါ့. . . သိသွားတော့မှ ပြဿနာက စ,တော့တာ"

"ဗျာ"

မောင်. . . က 'ဗျာ'သော်လည်း နွယ်ကတော့ မအံ့သြချင်တော့။ လောကကြီး၏ မျက်လှည့်အကွက်များကိုသာ ပါးစပ်အဟောင်းသားနှင့် မင်သက်နေမိတော့သည်။ ဟောကင်းက. . . သူ့စကားကိုသူဆက်၏။

"နုသဇင်မှာ. . . အစ်ကိုလေးယောက်ရှိတယ်"

"အားပါး. . ."

မောင်က စိတ်ပေါ့သွားပါစေတော့ဟူသော ရည်ရွယ်ချက်ဖြင့် ဝင်အသံပြုခြင်းဖြစ်သော်လည်း ဘယ်သူမှ စိတ်မဝင်စားကြ။ နွယ်က ဟောကင်းထံမှ ထွက်လာမည့်စကားတွေကို အာရုံစိုက်နေသလို. . .



www.burmeseclassic.com

www.burmeseclassic.com

ဟောကင်းကလည်း အတိတ်ဆီ အာရုံရောက်နေပုံရသည်။

"အစ်ကိုအကြီးဆုံးက ကိုကိုတဲ့၊ ဒုတိယက ညီညီတဲ့၊ တတိယက မောင်မောင်တဲ့၊ အငယ်ဆုံးက ကိုထွေးတဲ့ အာလုံးထဲမှာ နုသဇင်ကို အချစ်ဆုံးအလိုလိုက်ဆုံးနဲ့ အဆိုးဆုံးက. . . ကိုထွေးပဲ"

ဟောကင်းက. . . သူစားပွဲရှေ့မှာ နွယ်တင်ပေးထားသော ရေသန့်ဘူးကို လှမ်းယူကာ မော့သောက်ချပစ်လိုက်၏။ စကား၏အမောလား၊ ဇာတ်၏အမောလားဆိုတာကိုတော့ ခံစားသူ 'ဟောကင်း' ကိုယ်တိုင်မှ သိပေလိမ့်မည်။

ဟောကင်း၏ အာရုံတွင်တော့ အရိပ်တွေရှုပ်ယှက်ဝိုးဝါးနေခဲ့သည်။

⌘





တစ်နေ့. . . ။

Simple နှင့် ဟောကင်း. . . ထမင်းကြော်ဆိုင်တွင် ထမင်းစားနေကြဆဲ. . . လူလေးယောက်ဝင်လာသည်။ ဟောကင်းကတော့ မြင်တာနှင့် နုသဇင်အစ်ကိုတွေမှန်း သိပြီးသား။

"Simple ဆိုတာ. . ."

Simple က ယောင်ရမ်းကာ ခေါင်းညိတ်ပြ၏။

"မင်းက. . . လူစွမ်းကောင်းလား၊ သူတော်စင်လား. . . ကုသိုလ်တော်လား"

စကားလုံးတွေ့က ရင့်ကာ. . . လေသံကမာသည်။

Simple က ခုမှအခြေအနေကို ရိပ်စားမိသွားပုံရကာ. . . ဟောကင်းကိုကြည့်၏။ ဟောကင်းက အသာခေါင်းရမ်းပြရင်း ညီမရှေ့က ဝင်လိုက်ရ၏။

"ဘာကိုပြောချင်တာလဲ မသိဘူး. . . အေးအေးဆေးဆေး ပြောပါလား"

"အေးအေးဆေးဆေး. . . ဟုတ်လား. . . မင်းနှမကို အရင်သေခိုင်းပြီးမှ ငါတို့ လက်ရေတူ အေးအေးဆေးဆေး ပြောလို့ရမယ်"

အကုန်လုံး လူမိုက်များသဏ္ဌာန်တစ်ယောက်မှ မပေါက်ကြပါ။ အကုန်ဖြူဖြူသန့်သန့်လေးများသာ။ သို့သော်. . . မျက်နှာထားများက အစွမ်းကုန်တင်းမာကာ ပေါက်ကွဲကြတော့မှာ သေချာနေသည် ချိန်တိုက်ပုံးများသဖွယ်မို့ ဟောကင်း. . . စားပွဲပေါ်သို့ စားသောက်ထားသမျှအတွက် ငွေတင်ခဲ့ကာ. . . အပြင်ထွက်ဖို့ ပြင်လိုက်သည်။

"လာပါ. . . အပြင်မှာပြောရအောင်"



www.burmeseclassic.com

www.burmeseclassic.com

ဟောကင်းက. . . ထိုလူစုကိုပတ်ကာ ထွက်သွားတာမို့ Simple နှင့် ထိုလေးယောက် အပြင်သို့လိုက်ခဲ့ရသည်။ ကားနားအရောက်မှာ ရပ်လိုက်ရင်း. . .

"ကဲ. . . ပြောပါဦး. . . ကိစ္စကို"

"မင်းက Simple အစ်ကိုလား"

တစ်ယောက်က ဝင်မေး၏။

"ဟုတ်တယ်"

"ဒါဆိုပြောရတာပေါ့. . . မင်းတို့ ငါ့ညီမနုသဇင်ကို ဘာတွေ လာပြောသွားလဲ. . ."

"သေချာတာကတော့. . . ကိုယ်တို့စေတနာစကားတွေ ပြောခဲ့ တာပဲ"

ဟောကင်းအသံက တည်ငြိမ်အေးချမ်းနေခဲ့သည်။ သို့သော် တစ်ဖက်က. . . ကိုထွေးဆိုသူက. . . မရ. . .။

"ဘာကွ. . . ဘာစေတနာစကားပဲ. . . မင်းတို့စေတနာက လူတစ်ယောက်ကို သေစေချင်တဲ့ စေတနာလား"

ဟောကင်း ကိုထွေးကိုပင် ဦးတည်ကာ စူးစိုက်ကြည့်လိုက်၏။

"ငါတို့မှာ. . . ရိုးသားတဲ့ အပြစ်ကင်းတဲ့ မိန်းကလေး တစ် ယောက် ဘဝဆုံးရှုံးသွားမှာကို မကြည့်ရက်တဲ့စိတ်တစ်ခုက လွဲရင် နုသဇင်ကရောဂါသည်ဆိုတဲ့ မင်းတို့အခြေအနေတွေကို ဘာမှမသိခဲ့ ကြဘူး. . . ဒါတော့ သေချာတယ်"

"မသိရင် ဝင်ရှုပ်စရာမလိုဘူး. . . ခုဟာက ဘဝဆုံးတာထက် ဆိုးတယ်၊ အသက်ပါဆုံးတာ"





"ငါတို့ ရှုပ်ခဲ့တာ မဟုတ်ပါဘူး၊ အခြေအနေတစ်ခုကို မသိဘဲ စေတနာသက်သက်နဲ့ ဝင်ပြောခဲ့မိတဲ့အတွက် စေတနာအမှားအဖြစ် ငါတို့မှားရင်မှားမယ်. . . သေချာတာကတော့. . . မင်းတို့ညီမကို သေ စေချင်တဲ့ စေတနာမရှိဘူးဆိုတာဘဲ. . . သေစေချင်တဲ့စေတနာရှိမှ တော့. . . ဒါတွေသိမှတော့ တစ်နေ့နေ့ သူ့ဟာသူသိသွားလည်း ဖြစ်လာ မယ့်ကိစ္စကို ငါတို့ ထိုင်စောင့်နေရုံပဲ"

ဟောကင်းစကားက မှန်နေတာမို့ တစ်ဖက်က ချက်ချင်းဘာမှ မတုံ့ပြန်နိုင်။ ထိုစဉ်မှာပဲ. . . ဟောကင်းက Simpleကို မျက်ရိပ်ပြကာ ကားပေါ်တက်ခိုင်းပြီး. . . သူပါ ကားပေါ်တက်လိုက်သည်။ ထိုအခါကျ မှ ထိုလူလေးယောက် သက်ဝင်လှုပ်ရှားလာကာ အုံ့အုံ့သဲသဲ ဖြစ်သွား ချိန်တွင် Simple ၏ကားလေးက အတန်ငယ်လှမ်းသွားခဲ့ပြီ။ ဟောကင်း အနေနှင့်လည်း ပြောစရာစကား မရှိတော့။ စကားကကုန်ခဲ့ပြီ။ သူတို့ မောင်နှမ မှားခဲ့သည်ဆိုဦး၊ မတော်တဆမှားခဲ့သော စေတနာအမှား သာမို့ စိတ်မကောင်းဖြစ်တာ သေချာသော်လည်း လိပ်ပြာတော့သန့် သည်။

မိမိ၏လိပ်ပြာသန့်ခြင်းသည် တစ်ဖက်လူ၏ လက်သင့်ခံခြင်း မဟုတ်လာသောအခါ. . .

"ဝုန်း"

Simple လန့်သွားသည်။ နောက်က ပါလာသောကားက. . . ခေါင်းနှင့်သူတို့ကားနောက်ပိုင်းကို လာရိုက်ခြင်းဖြစ်သည်။

"ဟိုလေးယောက်. . ."

ဟောကင်း. . . နောက်လှည့်ကြည့်မိတော့ သူတို့ကားကို



www.burmeseclassic.com

www.burmeseclassic.com



မီလာခါနီးလုလုဖြစ်နေသော ကိုကို၊ ညီညီ၊ မောင်မောင်တို့၏ကားကို တွေ့လိုက်ရ၏။ ကားမောင်းသူက ကိုထွေး. . .။

ကားအနောက်ခံကာ ဟောကင်းတို့ကားကို နောက်တစ်ချက် ဝင်ဆောင့်ပြန်သည်။

"သွားပြီ. . . ကိုကို၊ ကားနောက်တော့ တော်တော်နာလောက်ပြီ. . . ညီမလေးလည်း လီဗာကုန်နင်းထားတာပဲ. . . ဖေဖေသိရင် သတ်တော့မှာပဲ"

"ဖေဖေသတ်တာကနောက် ညီမလေး၊ ခု...ဒီလူတွေလက်က လွတ်အောင် အရင်လုပ်နိုင်မှ မသေမှာ. . . ဒီတော့. . . ညီမလေး အဆင်ပြေတာနဲ့ ကားကို ဂယ်ကွေ့ပြန်ကွေ့ပြီး မြို့ထဲကိုပြန်မောင်း။ မော်တော်ပီကယ်တွေ စောင့်နေကျနေရာတွေကို အထူးသဖြင့် ဖြတ်မောင်းနိုင်မှ. . . နှစ်စီးလုံးအတားခံရပြီး ကိစ္စပြတ်မှာ. . . "

ဟောကင်းအကြံကာ မဆိုးသဖြင့် ကားကိုကွေ့ရန်ကြိုးစားသည်။ သို့သော်အဆင်မပြေ။ ကွေ့လိုက်တာနှင့် တိုက်မှာသေချာလောက်အောင် နောက်ကကားက ကပ်ပါလာသည်။

"မလွယ်ဘူး ကိုကို"

"အေး. . . မလွယ်ဘူးဆိုတာ ငါလည်းရိပ်မိတယ်. . . မတတ်နိုင်ဘူး။ Toll gate ထိသာမောင်းပေါ့. . . Toll gate မှာတော့ အစောင့်တွေရှိမှာပဲ"

"အိုကေ"

သို့သော် Simple တို့မောင်နှမ. . . မအိုကေခဲ့ပါ။ နောက်က ကားက တရကြမ်းလိုက်ကပ်ကာ တဝုန်းဝုန်းရိုက်နေရင်းက တစ်ကြိမ်





တွင် ရှေ့မှလာသောကားကိုပါ နှစ်စီးလုံးရှောင်ရင်း ကားနှစ်စီးဆောင့်သံက ပိုပြင်းထန်သွားပြီး ကားပေါ်မှ ဟောကင်း လွင့်ထွက်ပြုတ်ကျသွားခဲ့ပြီး Simple က စတီယာပေါ်မှာ မှောက်လျက်။ ကားကရပ်သွားခဲ့ပြီ။

နှစ်စီးလုံး ရပ်သွားခြင်းဖြစ်သည်။

ကိုကို၊ မောင်မောင်၊ ညီညီတို့ကားကလည်း တစ်ခြမ်းက ရှေ့ကကားနှင့်ညိပြီး တစ်ခြမ်းက ဟောကင်းတို့ကားနှင့်ချိတ်ကာ ရပ်သွားသည်။ ကိုထွေးက. . . မောင်းသူနေရာမှာ ငြိမ်သက်နေသော်လည်း သူ့ဘေးမှ မောင်မောင်က. . . သွေးများရဲနေသည်။ နောက်မှနှစ်ယောက်လည်း ခုမှအသိဝင်ကာ ချောက်ချားနေကြသည်။

နိဂုံးချုပ်တော့ အမှုတွေအားလုံး ရင်ဆိုင်သွားအပြီးမှာ. . .

ဟောကင်းက. . . အောက်ပိုင်းသေကာ ဘီးတပ်ကုလားထိုင်ပေါ် ရောက်သွားသည်။

သွေးများစို့ရွှဲနေခဲ့သော မောင်မောင်က မသေဘဲ. . . ကိုထွေးက သေဆုံးသွားခဲ့သည်။

ဒါတောင် မောင်မောင်နှင့်ညီညီက. . . ကိုကိုတားသည့်ကြားက Simple ကို ပြဿနာရှာဆဲ။

တွေ့ရာသင်္ချိုင်းခါးမဆိုင်းဟုကြိမ်းကာ တစ်ချိန်လုံး ချောင်းနေသဖြင့် Simple ကို မိဘတွေက နိုင်ငံခြားပို့လိုက်သည်။ ဟောကင်းက အပြင်သိပ်မထွက်သူဖြစ်သည့်အပြင် အောက်ပိုင်းသေသွားလို့များ ကျေနပ်သွားလား မသိ။ ဟောကင်းကိုတော့ သိပ်အနှောက်အယှက် မပေးကြ။

⌘



www.burmeseclassic.com

www.burmeseclassic.com

ဇာတ်ဆုံးတော့ နွယ်က. . Simple ကို သနားနေသည်။

"တစ်ချိန် Simple ပြန်လာခဲ့ရင်ကော. . . ဒီရန်က အေးပါ့မလား ဟောကင်းရယ်"

"အချိန်ဆိုတာ. . . တချို့အရာတွေကို ချန်ထားရစ်ခဲ့ရတဲ့ အရာတစ်ခုပဲ. . . အချိန်တန်လို့ အသက်ရလာတဲ့အခါ သူတို့ရဲ့ ဆူဝေခဲ့မှုအတွက် သူတို့နောင်တ မရတောင်မှ. . . အမှား အမှန်ကို ချင့်ချိန်ခွဲခြားတတ်လာပါလိမ့်မယ်"

BURMESE CLASSIC .com

မောင်က ခေါင်းညိတ်၏။

"ဒါဆို. . . ငါတို့ နင့်ဆရာကိစ္စ သွားမပြောတာဘဲ ကောင်းမယ် နွယ်. . ."

"အဲဒီကောင်မလေးက. . . နုသဇင်လို နှလုံးရောဂါလည်းမရှိ၊ အစ်ကိုတွေနဲ့လည်း သဘောတူညီမှု ယူထားတဲ့သူ မဟုတ်ရင်ကော"

နွယ့် နှုတ်လှန်ထိုးမှုကို ဟောကင်းက လက်ခံ၏။

"ဟုတ်ပါတယ်. . . တရားသေ မဆိုလိုပါဘူး. . . နွယ်အရမ်းဆန္ဒရှိနေရင်တော့. . . ဒီမိန်းကလေးနဲ့ အဲဒီလူ ပတ်သက်ဆက်နွယ်မှုကို စုံစမ်းပေးပါ့မယ်"

"ဟောကင်းက. . . စုံစမ်းပေးမှာ"

"အင်း. . ."

"အာ. . . မဟုတ်တာ. . . နွယ့်ဘာသာ စုံစမ်းမှာပေါ့"

"ငါပဲ စုံစမ်းပါ့မယ်၊ ဘာလို့လဲဆိုတော့. . . ဒီ ကောင်မလေး လိပ်စာက မိုးကျော်သူရဲ့အဒေါ်အိမ်နဲ့ ကပ်လျက်ပဲ"

"ဩော်. . ."





"လူ့လောကကြီးက သိပ်ရှုပ်ထွေးတယ် နွယ်. . . လူ့စိတ်တွေကလည်း အရမ်းဆန်းကြယ်ရှုပ်ထွေး ထွေဝါးတထိကြတယ်. . . ဒါကြောင့် ကိုင်တွယ်တဲ့နေရာမှာလည်း အမှားအယွင်းမခံဘူး၊. . မှားတာနဲ့ ဘာမဟုတ်တာလေးကစပြီး. . . အသက်နှစ်ချောင်း၊ ဘဝတစ်ခုရွေ့လျောသွားရတာက သာကေပဲလေ. . ."

ဟောကင်းက ထိုစကားကို လေးနက်စွာဆို၏။

သူတို့အခန်းကျဉ်းလေးထဲတွင်. . . လေအေးစက်အသံ၊ ကွန်ပျူတာသံ၊ အသက်ရှူသံများမှအပ ဘာမှမကြားရ။ အပြင်တွင်တော့ ကားတချို့ ဖြတ်သန်းပြေးလွှားသံ ကြားနေရသည်။ အကုန်လုံး အပြင်ခန်းတွင် လုပ်နေကြသောအလုပ်များကလည်း အသံတိတ်အလုပ်များဖြစ်သဖြင့်. . . အလုပ်ခန်းတစ်ခုလုံး တိတ်ဆိတ်လို့. . .။

မမြင်ရသော ကံကြမ္မာတချို့ကို လှမ်းကြည့်ရန် မလွယ်ကူသကဲ့သို့. . . အားလုံးတုံ့ဏှိဘာဝေ. . . ငြိမ်တိတ်နေမိကြလေသည်။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

နေ့ရက်တချို့ကို စောင့်ဆိုင်းခြင်းအတတ်ပညာနှင့် စောင့်ကြည့်လိုက်သောအခါ. . . အဖြေတစ်ခုရလာသည်။ ခု. . . Simple တို့ တုန်းကလို ဖြစ်မှာစိုး၍ အခြေအနေကို စောင့်ကြည့်လိုက်သော်လည်း လှည့်ကွက်အမျိုးမျိုးပြတတ်သော ကံဇာတ်ဆရာက အဖြေတစ်မျိုးပေးခဲ့သည်။

ထိုအဖြေက. . . နွယ်နှင့် ပတ်သက်ခဲ့ဖူးသော အနီ guide ဆရာသည် ခုကောင်မလေးနှင့်က. . . ယူ်တော့မှာ သေချာသည်။ ပထမ အိမ်ထောင်နှင့်က တရားဝင်ကွာရှင်းခဲ့ပြီဟုဆို၏။ ခု. . . ကလေးမလေး၏မိဘတွေက ဇာတ်စုံမဟုတ်သည့်တိုင် အခြေအနေတချို့ကို သိသော်လည်း ဆူတို့မိသားစု၏အခက်အခဲတစ်ခုကို ထိုသူက ကယ်တင်နိုင်မည်ဟု မျှော်လင့်ကာ သဘောတူလိုက်ခြင်းဖြစ်သည်တဲ့။





"အံ့ရော. . . ဝတ္ထုတွေထဲကလိုပဲ. . . မိသားစုအတွက် အနစ်နာခံလိုက်တာဆိုတဲ့ ဇာတ်ဖြစ်ဖို့ တစ်လက်မပဲ လိုတော့တယ်. . . ခုဟာက. . . သူကိုယ်တိုင်က လိုလားနေတာမို့ တော်သေးတယ်"

မိုးကျော်သူက. . . ကွမ်းမထွေးရဆိုသောစာတမ်း ကပ်ထားသည့် Air Con: ခန်းထဲမှာမို့ သူ့ကွမ်းတံတွေးကို အိတ်တစ်လုံးနှင့် ထွေးထည့်ရင်းက ဝေဖန်သည်။ နွယ်ကတော့ သိပ်နားမလည်ချင်သေး။

"ဘာလဲဟင်. . . ဘာအခက်အခဲကို ကယ်တင်မှာလဲ"

"ကျွတ်. . . ဝေးပြန်ပြီ"

ထုံးစံအတိုင်း မိုးကျော်သူက နွယ့်ကို နှိမ်သလို မောင်ကလည်း မျက်ထောင့်နီနှင့်ကြည့်၏။ ဟောကင်းတစ်ယောက်သာ နွယ့်ကို စိတ်ရှည်စွာရှင်းပြ၏။

"ကောင်မလေးမိဘတွေက မိသားစုကပေါ့လေ. . . မပြည့်စုံဘူး၊ ဆင်းရဲတယ်. . . ဘာပဲပြောပြော ဒီလူက ငွေရှာနိုင်တယ်လေ။ ဒါကြောင့် သမီးကို တင်တောင်းခိုင်းလိုက်တာ. . . ခု. . . အိမ်ပိုင်တောင် ဖြစ်သွားပြီပြောတယ်. . . "

"ငွေမရှိ မပြည့်စုံဘဲများ. . . အဲဒီလူကို guide ခေါ်နိုင်တယ်"

နွယ့် အချက်ကျကျ ထောက်ပြဝေဖန်မှုကို ဟောကင်းက ရယ်၏။

"နွယ်က တွေးတတ်တယ်. . . ဟုတ်တယ်. . . ဒီလူကို ကလေးမက ခေါ်တာမဟုတ်ဘူး. . . သူ့သူငယ်ချင်းက ခေါ်တာ. . . သူက အဲဒီသူငယ်ချင်းဆီမှာ ကပ်မေးရင်း. . . ဟိုက သနားပြီး အလုပ်အားခေါ်သင်ပေးတာလို့ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . ."

"သူဟာနဲ့သူ အဆင်ပြေနေတဲ့ ဇာတ်ထဲဝင်မိတော့မလို့. . . ကံကောင်းတယ် မိနွယ်"

မောင်က နွယ့်ကို လှမ်းကြိမ်း၏။

"ငါမှ. . . မသိတာ"

"မသိရင် မသိသလိုနေဟာ. . . လောကကြီးက သိပ်ရှုပ်တာဟာ. . . နှင့်ဦးနှောက်သေးသေးလေးနဲ့ ဘာမှ ဝင်,ဝင်မရှုပ်နဲ့"

မိုးကျော်သူက အခွင့်သာခိုက် နွယ့်ကို နှိမ်ပြန်၏။

နေ့လယ်ဘက်ကျတော့. . . မောင်က အပြင်ထွက်ကာ. . .၊ မိုးကျော်သူက အပြင် servicing တစ်ခုပါသွားသဖြင့် ဟောကင်းနှင့် နွယ်သာ ကျန်သည်။

"ဩော်. . . မောင်မရှိတုန်း ပြောရဦးမယ်"

"ဟိုတလောက. . . နွယ့်ကို ကျောင်းမှာ လာရှုပ်နေတဲ့လူလေ နွယ်တောင်. . . မေးထုတ်ပေးရပါရောလား"

"အင်း. . . အဲဒါဘာဖြစ်လဲ ဟောကင်း"

"မနေ့ကသူ. . . ဒီကိုလာသွားတယ်"

မြတ်စွာဘုရား။ နွယ်. . . ဘုရားတ,မိ၏။ မနေ့က နွယ်. . . နေမကောင်း၍ အလုပ်မဆင်းဖြစ်တာဘဲ တော်တော့သည်။

"မောင်ကော ရှိလား"

"မောင်ရှိနေလို့. . . ပြဿနာတက်တာပေါ့"

"ဟင်. . . ဒုက္ခပါပဲ. . . ဘာလို့ပြဿနာတက်တာလဲ"

"အဲဒီလူက ဘယ်သူ. . ."





"စွမ်းသော်"

"အင်. . . ဟုတ်တယ်. . မှတ်မိပြီ. . . စွမ်းသော်. . . သူက မောင်မောင့်သူငယ်ချင်းတဲ့. . ."

နွယ်. . . နားရှုပ်သွားသည်။ မောင့်သူငယ်ချင်းဆို မောင်နှင့် ဘာဖြစ်စရာရှိလို့လဲ. . .။ နွယ်. . . မျက်မှောင်ကြုတ်လိုက်တာကို နားလည်သွားဟန်ရှိသော ဟောကင်းက. . . လက်ကာပြ၏။

"မဟုတ်ဘူး. . . ဟိုလေ. . . နုသဇင်ရဲ့ အစ်ကို. . . မောင်မောင့်ကို ပြောတာ. ."

"မြတ်စွာဘုရား. . ."

နွယ်. . . ဘုရားတ,မိတာ. . . အလွန်မဟုတ်။ ကမ္ဘာကြီးကိုက ကျဉ်းလွန်းလာသလိုပင်။ နဂိုက. . . နွယ်နှင့် ဟောကင်းမသိကြ။ ဟောကင်းနှင့်သိကာမှ ဟောကင်းညီမ Simple နှင့်ပတ်သက်တာတွေကို ကြားဖူးခဲ့ရသည်။ ခုကျကာမှ. . . အလကားနေအလကား ကိုယ်နှင့် ပတ်သက်ခဲ့ဖူးသူက. . . ခုမှကြားဖူးရုံရှိသော simple နှင့်ပတ်သက်နေသောသူ၏သူငယ်ချင်းတဲ့. . .။ လူတွေကပဲ ရှုပ်ရှုပ်နိုင်လွန်းတာလား၊ လောကကြီးကပဲရှုပ်. . . ရှုပ်နိုင်လွန်းတာလားတော့ နွယ်လည်း မစဉ်းစားတတ်တော့. .။

"သူက. . . ဟောကင်းကို ပြဿနာရှာတာပေါ့"

"အစစ်ပေါ့. . ."

"ဘာလာရှုပ်ပြန်တာလဲ. . . ဘာညာလား"

"right . . . မှန်တယ်. . ."

"အဲဒါနဲ့ မောင်နဲ့တွေ့ရော. . ."



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ်"

"မောင်က ဘာပြောလိုက်လဲ. . ."

"နောက်တစ်ခေါက်လာရှုပ်ရင် ဆွဲထိုးမယ်. . . တဲ့။ ဟောကင်းကိုလည်း လာမရှုပ်နဲ့. . . မိနွယ်ကိုလည်း လာမရှုပ်နဲ့လို့ ပြောလိုက်တယ်. . ."

"ကောင်းတယ်"

"မကောင်းဘူး. . . ဟိုလူက. . . မောင့်ကို တော်တော်အစာမကြေဖြစ်ပြီး ကြိမ်းသွားတယ်. . ."

"ဟုတ်လား. . . ဘယ်လိုကြိမ်းတာလဲ"

"မင်းနဲ့တွေ့ဦးမယ်. . . သတိထားနေတဲ့"

ကြီးကြီးမားမား မျှော်လင့်ထားပြီးမှ ဒီလောက်လေးကြားရတော့ နွယ်ရယ်မိ၏။

"ဘာရယ်တာလဲ. . . နွယ်. . ."

"သြော်. . . အလကားပါ. . . ဒီလူကလူပျော့ပါ . . . ကြောက်စရာမလိုပါဘူး"

"မလိုဘူးလို့ မပြောနဲ့နွယ်. . . နင်ကငယ်သေးတယ်. . . လူတွေအကြောင်း ဘယ်လောက်သိလို့လဲ. . . ထင်မထားတာတွေဟာ ဖြစ်လာတတ်တယ်ဆိုတာ မမေ့နဲ့. . . ပြီးတော့ဒီလူက နွယ့်ကို တအားပြန်ကပ်ချင်နေတာလေ. . ."

နွယ်. . . ရယ်မိ၏။

"အလကားပါ ဟောကင်းရယ်. . . ဒီကြားထဲမှာ သူက ချဉ်းကပ်လို့ရမယ်၊ သူ့ကို ချဉ်းကပ်လာမယ့် မိန်းကလေးတစ်ယောက်သာ



ရှိပါ၊ ဒီကိစ္စက. . . the end ပဲ. . ."

"နွယ်က. . . ဘာကိုကြည့်ပြီး ပြောနိုင်တာလဲ"

" အတွေ့အကြုံအရ"

ဟောကင်းက နွယ့်စကားကြောင့် ပြုံး၏။ ပြီးမှ. . .

"ပြောပါဦး. . . စိတ်ဝင်စားစရာပဲ. . ."တဲ့။

နွယ်က ပြောပြဖို့ ဆုံးဖြတ်ထားသူမို့ မငြင်းတော့ပါ။ နဂိုကတည်းက ဟောကင်းကို နွယ့်ဖြစ်စဉ်တွေ ပြောပြချင်နေခဲ့တာ။ ဘာဖြစ်လို့ ကိုယ့်ရဲ့မလှပတဲ့၊ နာမည်ပျက်ရှိတဲ့အတိတ်ကို ဂယနဂဏပြန်ပြောပြချင်နေမှန်း နွယ့်ကိုယ်နွယ်လည်း မစဉ်းစားတတ်။ နွယ့်ဘက်က ဟောကင်းကို အကြောင်းစုံ သေချာသိစေချင်နေတာမျိုး ဟုဆိုသည့်တိုင် ဒီဖြစ်စဉ်တွေမှာ နွယ်ကိုယ်တိုင်က အပြစ်ကင်းခဲ့သူ မဟုတ်။ ရှုံးခဲ့ရသူဟုဆိုဦးတော့. . . ဝင်ပြိုင်ခဲ့မိ၍သာ ရှုံးခဲ့ခြင်းဖြစ်တာကိုတော့ မငြင်းနိုင်။

"နွယ်ပြောပြမှာပါ. . . သူက. . . နွယ့်တတိယမြောက် ရည်းစားပါ. . . နွယ်ကသူ့ကို. . . ချစ်တယ်လို့ ထင်ခဲ့ဖူးတယ်. . . အကြောင်းရင်းကတော့ သူက အရမ်းနူးညံ့ဟန်ပြပြီး အရမ်းဂရုစိုက်တတ်၊ ကြင်နာတတ်ခဲ့လို့ပဲ. . . တော်တော်လည်း အဆင်ပြေခဲ့ကြတယ်"

"အဆင်ပြေခဲ့လျက်က. . . ဘယ်လိုဖြစ်တာလဲ"

ဟောကင်းက. . . မျက်ခုံးလေး ယောင်ယောင်တွန့်ကာ မေး၏။

"ဖြစ်ပုံကတော့. . . ကောင်မလေးတစ်ယောက်က သူ့ကို အသည်းအသန် လိုက်ကြွေပြရာက စ,တာပဲ. . ."

"ကောင်မလေးက. . ."


www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်. . . အဲဒီကောင်မလေးက လှလည်းလှတယ်။ ရဲလည်းရဲတယ်. . . နွယ်နဲ့တွဲသွားနေတာသိသိနဲ့ နောက်ကနေ ကားတစ်စီးနဲ့လိုက်တာ. . . ပြီးရင်. . . သူ့ကို ပစ္စည်းလေးတွေ တစ်နေ့တစ်မျိုး မရိုးရအောင် လာပေးတယ်. . ."

တကယ်တော့ ဒါယောကျ်ားလေးတွေရဲ့ အလုပ်ဖြစ်သည်။ ခုဟာက ပြောင်းပြန်. . .။

"သူက ယူတာပဲလား. . ."

"အစက မယူဘူး၊ နောက်တော့ အားနာပြီး စ,လက်ခံတယ်၊ နောက်. . . ကားထဲလာထည့်ထားတယ်၊ နောက်. . . နွယ်မသိအောင် အိမ်ကိုပို့တယ်. . . အဲဒီကနေတစ်ဆင့်. . . သနားပြီး ချစ်မိပါပြီဆိုတာမျိုးဖြစ်တော့တာပဲ. . . အဲဒီတုန်းက. . . ဟိုက တကယ့်ကို သူ့ကို အသည်းအသန်ဖြစ်နေတော့ သူက အသည်းအသန်ဖြစ်ခဲ့တဲ့ ကိုယ့်ကို သူ သိပ်မလိုလားချင်တော့ဘူး. . . ဒါနဲ့ပဲပြတ်သွားကြတာ"

"နှစ်ယောက်လုံးကို ချစ်တယ်ဆိုတဲ့. . . ပြဿနာပေါ့"

"မဟုတ်ဘူး. . . ဟိုဘက်ကို ပိုသွားတာ. . ."

"ဒါဆိုခုကျ. . ."

"ခုတော့. . . တစ်ဖက်က ကောင်မလေးနဲ့ သူနဲ့ ဘာဖြစ်တယ် မသိဘူးလေ. . . နွယ့်ဆီလာပြီး မမေ့နိုင်လို့ပါ. . . သတိရလို့ပါ. . . မှားပါတယ်တွေ လာလုပ်နေတယ်"

"သြော်. . . ဒါကြောင့်. . . နွယ်က. . . ကြားထဲမှာ. . . သူ့ကကြိုက်တဲ့၊ သူ့ကိုကြိုက်တဲ့သူ တစ်ယောက်ယောက်ရှိရင် အိုကေပြီလို့ ပြောတာလား"





"ဒါပေါ့"

"ဒါပေမယ့်. . . တစ်ခုရှိတယ် နွယ်ရဲ့"

ဟောကင်းက ဘီးတပ်ကုလားထိုင်လေးကို တွန်းရင်း နွယ့်စားပွဲနား ရောက်လာသည်။ နွယ့်စားပွဲပေါ်မှာတင်ထားသည့် tester ကို လာယူခြင်းဖြစ်သည်။ နွယ့်ကို ခိုင်းလိုက်လည်း ရသားနှင့်။ ဟောတင်းက ဒီလိုလူမျိုးဖြစ်သည်။

"ဘာတစ်ခုလဲ. . . ဟောကင်း"

"အဲဒီစွမ်းသော်က. . . ခုမှ နွယ်မှနွယ်ဆိုတာ သိသွားတာမျိုး"

နွယ် . . . ပုခုံးလေးတွန့်ကာ လက်ဝါးဖြန့်ပြရင်း ခေါင်းခါမိ၏။

"မတတ်နိုင်ဘူး. . . နွယ့်ဘက်ကတော့ ဘာမှ မတုံ့ပြန်နိုင်ဘူး အရင်က မသိခဲ့တာတွေကို ပြန်ဆန်းစစ်ပြီး ပြန်ဆင်ခြင်နေတယ်. . ."

"ကောင်းပါတယ်"

ဟောကင်းက ငြိမ်သက်နှစ်လိုစွာ ထောက်ခံ၏။ ထိုထောက်ခံမှုကို အတိုင်းမသိ ကျေနပ်ပီတိဖြစ်သွားရသူက မြစ်မခနွယ်. . . ဘာဖြစ်လို့ ဒီလိုခံစားမှုမျိုး ဝင်လာတာမှန်းတော့ သူမဘာသာလည်း မသိ။ ဟောကင်းကတော့. . . သူ့စားပွဲပေါ်မှ ပစ္စည်းများနှင့် အလုပ်ရှုပ်နေသည်။ ထိုပစ္စည်းများ၏ ရှုပ်ထွေးမှုကိုကြည့်ကာ. . . နွယ့်ခံစားမှုကို သူမြင်နိုင်လိမ့်မည် မထင်. . .။ လူတစ်ဦးနှင့် တစ်ဦးဆက်သွယ်နိုင်သော စိတ်လှိုင်းများရှိတာ သေချာလျှင်. . . သူမဘက်မှ စိတ်လှိုင်းများ. . . တခြားတစ်ဖက်သို့ ဘယ်လိုပို့လွှတ်ရမည်ဆိုတာ သူ. . . သိချင်နေမိသည်။

"နွယ်. . ."



www.burmeseclassic.com

www.burmeseclassic.com

"ရှင်. . ."

"ငါ့ကို. . . ခဏလာကူဦး"

"ဟုတ်. . ."

သူ့စားပွဲနားရောက်တော့ သူထိန်းခိုင်းထားသည့် ပစ္စည်းတချို့ကို ထိန်းကိုင်ပေးထားရသည်။ ဖြူစင်ပျော့ပျောင်းပုံရသော ဟောကင်း၏လက်ချောင်းများက ဝိုင်ယာကြိုးတွေ၊ IC တွေနှင့် အလုပ်ရှုပ်နေသည်။ စောစောကပြောခဲ့သော စကားလုံးများကိုကော သတိရရဲ့လားပင် မသိတော့။

"သတိထား. . . နွယ်. . ."

ဘာကိုပြောမှန်းမသိ ပြောလိုက်တာမို့ ဓာတ်လိုက်မှာ ကြောက်တတ်သော နွယ်က. . . လက်မှထိန်းထားသော. . . ပစ္စည်းကို သတိလက်လွှတ် လွှတ်လိုက်မိသဖြင့် ပြုတ်ကျလုဆဲဆဲ...မှာ ဟောကင်းက ပြန်ထိန်းထားလိုက်ရင်း. . .

"ဘာဖြစ်ရတာလဲ. ."

"သတိထားဆို. . ."

ဟောကင်းက တဟားဟားထ,ရယ်သည်။ နွယ်က သူရယ်နေပုံကိုကြည့်ကာ မကျေနပ်ချင်။ ထို့ကြောင့် မျက်စောင်းခဲရင်း မေးမိ၏။

"ဘာရယ်တာလဲ. . ."

"သတိထားဆိုတာ. . . ဒါကို ပြောတာမဟုတ်ဘူး"

"သိဘူးလေ. . . နွယ်က ဓာတ်လိုက်မှာ ကြောက်တာကိုး၊ ဒါဆို ဘာကိုပြောတာလဲ. . ."

"စွမ်းသော်ကိုပြောတာ. . . ဘာမှ မဖြစ်လောက်ဘူးဆိုပြီး





မပေါ့နဲ့. . . သတိထားလို့"

"သြော်. . . ဒါလား"

နွယ်က နားလည်သွားသော်လည်း ဒီတစ်ခါတော့ စောဒကမတက်တော့။ ငြိမ်သာ နားထောင်နေလိုက်သည်။ ဟောကင်းစေတနာနှင့် သတိပေးနေမှန်း နွယ်သိသည်။ သတိပေးဖော်ရတာပင် နွယ်က ကျေးဇူးတင်ရဦးမည် မဟုတ်လား။ ကိုယ့်ကို ခုလိုအစ်ကိုတစ်ယောက်လို သတိပေးဖော်ရတာ၊ ဆုံးမဖော်ရတာကိုလည်း ကျေနပ်သည်။ မောင်က. . အငယ်ပီပီ နားလည်ပေးရုံ၊ ဆူရုံ၊ ရန်ဖြစ်ရုံကလွဲလျှင် ခုလိုကြို့တင်တားမြစ်ကာ ဂရုတစိုက်တော့ မရှိလှ။

နွယ်. . . ငြိမ်နေသဖြင့်. . . ဟောကင်းက မော့ကြည့်၏။

"ကြားလား"

"ကြားပါတယ်. . . လက်လည်း လက်ခံပါတယ်"

"လက်ခံရင် ပြီးတာပါပဲ"

စကားဆုံးသည်နှင့်. . . အရှေ့ဘက်ခန်းက အလုပ်အပ် စရံငွေပေးမည့်သူရှိ၍ လှမ်းခေါ်သဖြင့် ထွက်သွားခဲ့ရသည်။ နောက်တစ်ကြိမ် အခန်းထဲပြန်ဝင်လာတော့ ဟောကင်းက အလုပ်,လုပ်နေဆဲ။ နွယ့်ကိုလည်း မကူခိုင်း၍. . . နွယ်. . . ငြိမ်သက်စွာထိုင်ပြီး စာအုပ်တစ်အုပ်ကို ဝိုက်ကြည့်နေမိသည်။

စာအုပ်ထဲတွင် မြင်နေရသည်က. . . ဘီးတပ်ကုလားထိုင်များ၊ ရွှေညိုရောင်ဆံပင်များ၊ မျက်မှန်ဝိုင်းဝိုင်းလေးများ. . .။

ခက်ပဲခက်ရချည်ရဲ့။ ဒီစာအုပ်က ဘာစာအုပ်မို့လဲ. . .။

ဘာကယ်တမ်း မျက်နှာဖုံးပေါ်မှာရှိနေသော ကမ္ဘာကျော်ဉာဏ်ကြီးရှင်

www.burmeseclassic.com

'စတီဖင်ဟောကင်း'၏ ပုံကတော့. . . နွယ်မြင်ရသောပုံများလောက် ဆွဲဆောင်မှု ရှိမနေတာ သေချာလေသည်။

⌘ ⌘ ⌘





## အခန်း (၁၁)

သေချာတာကတော့. . . နွယ်တစ်ယောက် တစ်ပတ်ခန့် ကယောင်ချောက်ချား ဖြစ်ချင်နေခြင်းပင်. . .။ ဘာမှလုပ်မရ၊ တွေးမနေ နေမရနှင့် လူက အတော်လေး ဒုက္ခရောက်နေသည်။ အလုပ်လည်း မသွားဖြစ်။ အားလုံးက. . . နွယ့်ကို. . . နေမကောင်းဟု ယူဆထားကြသည်။ နွယ့်ဖြစ်ပုံက တကယ့်ကို နေလို့မကောင်းခြင်းပင်ဖြစ်သည်။ မဖြစ်နိုင်ခြင်းများစွာကို စုပုံထားပြီး ထိုင်ကြည့်နေရသော သူတစ်ယောက်ကဲ့သို့. . . စိတ်ပင်ပန်းလူပင်ပန်း ဖြစ်နေတာတော့ အမှန်။ ပိုဆိုးတာက နွယ့်မှာ တိုင်ပင်စရာ ရင်ဖွင့်စရာ. . . မိန်းကလေးသူငယ်ချင်း မရှိ။ အစ်မတွေနှင့် ကျတော့လည်း အကြီးနှင့်အငယ်တို့၏ ထုံးစံအတိုင်း အငယ်လုပ်သူက အကြီးတွေကို အစစအရာရာ ပြောမပြရဲ။ အစ်မတွေကလည်း နွယ့်ကို စိတ်မဝင်စား။ နွယ်တစ်ယောက် လိပ်လိမ်မာမာ



www.burmeseclassic.com

www.burmeseclassic.com

အလုပ်တွေ လုပ်နေသည်ဟုပဲ ထင်သည်။

"မိနွယ်. . . နင် နေမကောင်းတာက ဆရာဝန်မပြဘူးလား"

မောင်က တစ်ညမှာမေး၏။

"ပြပါတယ်. . ."

"ဘာဖြစ်တာလဲ"

"အာရုံကြောအားနည်းတာ. . . လူက ခေါင်းမထူနိုင်ဘူး"

ပါးစပ်ထဲတွေ့ရာ ပြောခြင်းမဟုတ်ပါ။ စနစ်တကျကို ပြင်ဆင်ထားသော အဖြေများဖြစ်တာ. . . နွယ့်ဘာသာနွယ်ပဲ သိသည်။

"သက်ကော. . . သက်သာရဲ့လား"

"အသက်သာကြီး မဟုတ်လို့ပေါ့. . . မဟုတ်ရင် ငါအလုပ်ဆင်းပါတယ်"

မောင်က. . . မျက်ထောင့်နီနှင့် ကြည့်၏။ မကျေနပ်သော အကြည့်။

"ငါက. . . နင့်ကို အလုပ်ဆင်းစေချင်လို့ ပြောနေတာ မဟုတ်ဘူး၊ နင့်ကြည့်ရတာ မဟန်လို့၊ တကတည်း. . . လူကိုဆွဲချလိုက်တဲ့ အတိုင်းပဲ ပိန်ကျသွားတာ. . ."

မြတ်စွာဘုရား. . .။ တကယ်ပဲလား မသိ။ နွယ်. . . မှန်မကြည့်ဖြစ်တာကြာပြီမှန်း ခုမှသတိရသည်။ ပြီးတော့. . . တစ်ကိုယ်စာ ပူနေသောအပူသည် ဤမျှထိ တိုက်စားလောင်ကျွမ်းနေမှန်းလည်း ခုမှ သတိထားမိသည်။

"ဟုတ်လား"

"ဟုတ်ထား လုပ်မနေနဲ့. . . နင့်ကို မိုးကျော်သူနဲ့ ဟောကင်း





ကတောင် မေးနေတယ်"

"ဘာတဲ့လဲ"

"ရည်းစားပူမိနေပြန်ပြီလား. . . မသိဘူးတဲ့"

နောက်သောစကားမှန်း သိသိကြီးနှင့် နွယ်မခံချင်ဖြစ်သွားရသည်။ အဓိက မခံချင်ဖြစ်သွားရတာက. . . နွယ်တစ်ယောက်. . . ဒီအရိပ်တွေက ဘယ်လို လွတ်မြောက်ရပါ့ ဟူသောအတွေးကြောင့်ဖြစ်သည်။

"ဟုတ်တယ်လို့ ပြောလိုက်. . ."

နွယ်က ရွဲ့တော့. . . မောင်က. . . မျက်မှောင်ကြုတ်ကာ နွယ့်ကိုကြည့်၏။ ငယ်ငယ်တည်းက အတူနေလာ၊ နားလည်လာသော သူများပဲ. . .။ မောင် တစ်စုံတစ်ခုကို ရိပ်မိသွားလားဟု စိုးထိတ်ရင်း နွယ် အကြည့်ကို လွှဲပစ်လိုက်သည်။

"မိနွယ်. . ."

"ဘာလဲ"

"နင့်စကားက ရွဲ့တာလား. . . အတည်လား"

"အတည်. . ."

"နင်ငါ့ကို အမှန်ပြောစမ်း. . . နွယ်. . ."

မောင့်လေသံက. . . သံသယမကင်းသံကော၊ ဒေါသသံကော ပါလာသလိုပင်။ နွယ်. . . တမင်ပင် ရယ်ချလိုက်ကာ မျက်နှာချိုသွေးလိုက်သည်။

"နင်ကလဲ. . . ငါက စိတ်ညစ်လို့ လျှောက်ပြောတာကို အဟုတ်ထင်နေလား"



www.burmeseclassic.com

www.burmeseclassic.com

"နှင့်ဟာက. . . လျှောက်ပြောတာနဲ့ မတူဘူး"

"ဘာနဲ့တူလဲ"

"နှင် တစ်ခုခုကြောင့်ပြောတယ်လို့ ငါသိနေသလိုပဲ. . ."

"ဘာလဲ. . . ဆဋ္ဌအာရုံနဲ့ ပြောတာလား"

"မနောက်နဲ့ နွယ်. . ."

နွယ်. . . သက်ပြင်းကို မောင်မသိအောင် အသာခိုးရှိုက်ရင်းက ပြုံးလိုက်သည်။

"မနောက်တော့ဘူး. . . အတည်ပြောတော့မယ်"

"ပြော. . ."

"ဘာပြောရမှာလဲ"

"နှင်စောစောကပြောတာ. . . အတည်လား"

"မဟုတ်ပါဘူး. . . ပူကပူနဲ့ ငါက. . . မီးကို ပြန်ဆော့ပါ့မလား. . ."

မီးက အလိုလို ကိုယ့်ကိုလာလောင်တာတော့ မပြောဖြစ်တော့ပါ. . .။ ပြောလည်းယုံမှာမဟုတ်ဘဲ. . .။ ဆုံးဖြတ်ချက်လွယ်ခဲ့သူတစ်ယောက်၏ ခိုင်မာသောခံစားမှုကို ဘယ်သူ ယုံပေးပါ့မလဲကွယ်။ ကုသိုလ်ကံကိုပဲ ပုံချစရာမလိုဘူး။ ကိုယ်မှားခဲ့တာလည်း အများကြီးဆိုတာ နွယ်သိသည်။

"နှင့်ကို ငါက မီးမဆော့နဲ့လို့ မပြောပါဘူး. . . အားလုံးဟာ ပိုးဖလံတွေချည်းပဲ. . . အဲ. . . တစ်ခုပဲ. . . နှင် မငယ်တော့တဲ့အတွက် ဘယ်လို ဆုံးဖြတ်ကိုင်တွယ်ရမယ်ဆိုတာ သိသင့်တယ်လို့ ငါထင်တာပဲ"

နွယ်. . . တမင်ပင် သမ်းဝေပြလိုက်၏။





"ဝါး. . . အလကားပါ မောင်ရယ်. . . ငါ့ဟာငါ နေမကောင်းရတဲ့အထဲ မီးအပူပါဟပ်ရင် ငါသေသွားမှာပေါ့"

"အေး. . . ဒါဆိုလည်း ပြီးတာပဲ၊ မနက်ဖြန်ညနေကျရင် ဟောကင်းတို့ လာလိမ့်မယ်၊ နှင့်ကို လူမမာ လာမေးမလို့တဲ့"

ဘာမှန်းမသိ ရင်ထဲပျော်သွားသော်လည်း မျက်နှာကို တမင်ပင် ရှုံ့မဲ့ပစ်လိုက်သည်။

"မုန့်ဝယ်လာမှာလည်း မဟုတ်ဘဲနဲ့. . . မုန့်မပါရင် မလာနဲ့လို့ ပြောလိုက်"

"နှင့်ဟာနှင် ပြော. . ."

"မောင်ပြောပေး. . . မုန့်ပါမှ လာလို့"

"နှင့်ဟာက တရားလွန်ကြီး၊ မုန့်ဝယ်လာခဲ့ပြောလည်း ရပါတယ်၊ ခုဟာက လူမမာလာမေးမယ့်လူတွေ မေတ္တာပျက်အောင် လုပ်နေသလိုပဲ"

"မေတ္တာမရှိရင် နဂိုကတည်းက. . . မလာနဲ့ပေါ့"

"အေး. . . မိုးကျော်သူက နှင့်ကို ရေတောင်ယူလာပေးမှာမဟုတ်ဘူး"

"ဟုတ်တယ်နော်၊ ရပါတယ်. . . ဟောကင်းရှိပါတယ်။ ဟောကင်းက အားလုံးထဲမှာ မဆိုစလောက်တော့ စိတ်ကောင်းပိုရှိပုံရပါတယ်"

နွယ့်စကားကြောင့် မောင်ခါးထောက်ကာ နွယ့်ကိုကြည့်ရင်း. . .

"ဟောကင်းတောင် မဆိုစလောက်လေး စိတ်ကောင်းရှိတယ်



www.burmeseclassic.com

www.burmeseclassic.com

ဆိုတော့. . . ငါကကော. . .”

“ဒါတော့ နင်ဟာနင်သိမှာပေါ့. . . ငါအခု. . . အသားလုံးမြူစွမ်သောက်ချင်တာ နင်သွားဝယ်ပေးလို့လား”

“အချိန်ကိုလည်း. . . ကြည့်ဦး”

“မပိတ်တဲ့ဆိုင်တွေမှ အများကြီး”

“သွားဝယ်ပေးပြန်ရင်လည်း စိတ်ကောင်းရှိချင်လို့ ဖြစ်ရဦးမယ်၊ မဝယ်ပေးပြန်ရင်လည်း. . . စိတ်ကောင်းမရှိဘူး ဖြစ်ရဦးမယ်၊ နင်ဟာက fair မှမဖြစ်တာ”

“ဖေဖေရေ. . .”

နွယ်. . . ဖေဖေ့ကို အော်ခေါ်လိုက်တော့ မောင်ပါးစပ်ကို လှမ်းပိတ်သည်။

“တော်တော့. . . ပါးစပ်ပိတ်၊ ပေး. . . ပိုက်ဆံ”

“ဖေဖေ့ဆီက ယူသွား”

“တစ္ဆေမ. . .”

မောင်က နွယ့်ကို ယောက်ျားမဟုတ်သလို ကျိန်ဆဲသွားသေးသည်။ အချိန်က ညကိုးနာရီခွဲ၊ ဒီအချိန်ဆို အနည်းဆုံး မြူစွမ်မရဘဲ ပြန်လာမှာမဟုတ်ဆိုတာ သိသည်။ တကယ်တော့ မြူစွမ်သောက်ချင်လှသည် သိပ်မရှိပါ။ စောစောက မမကြီးကလာပြီး မြူစွမ်သောက်မလား မေးထား၍ အခုလို မောင့်စူးစမ်းမှုများမှ လွတ်မြောက်လိုချိန်တွင် ဉာဏ်နီဉာဏ်နက်သုံးကာ ရှန်းထွက်လိုက်ခြင်း သက်သက်သာ ဖြစ်သည်။

တကယ်လည်း မောင့်ရှေ့တွင် ကြာရှည်ဟန်ဆောင် စစ်ဆေး





ခံရန် နွယ် အသင့်ရှိမနေပါ။ မောင်ထွက်သွားတော့မှ နွယ်တစ်ယောက် လှောင်ချိုင့်မှလွတ်သောငှက်ပမာ လွတ်လပ်သွားရသည်။ လေပူ ခပ်ပြင်းပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်ရင်း မျက်စိကိုစုံမှိတ်ကာ လျှောချလဲလျောင်းလိုက်တော့ အာရုံတွင် သိပ္ပံပညာရှင် အကောင်းစားကလေး၏ပုံရိပ်က ပေါ်လာသည်။ ခက်တာက ဒီပညာရှိကလေးက IC တွေ၊ Pin တွေ၊ Wire တွေ၊ Chip တွေ၊ Computer တွေကလွဲရင် တခြားဘာမှသိပုံမရ. . .။ ဘာမှလည်း ခံစားတတ်ပုံမရဟု နွယ်ထင်သည်။

သို့သော် ထိုအထင်က နောက်တစ်နေ့ ဟောကင်းနှင့် မိုးကျော်သူ ရောက်လာမှ တက်တက်စင်လွဲမှန်း သိရတော့သည်။

“ရော. . . မုန့်မပါရင် မလာရဘူးဆိုလို့ အသားလုံးမြူစွမ်ဝင်ဝယ်လာတယ်”

ဗုဒ္ဓေါ. . . အသားလုံးမြူစွမ်တဲ့၊ ဒါမောင့်ဆီက သိတာပေါ့။ နွယ်ကလည်းနွယ်ပင်။ နေမကောင်းလို့ အစာမဝင်လျှင် ဆန်ပြုတ်မသောက်တတ်။ မြူစွမ်သာ သောက်တတ်၏။ မြူစွမ်မှာမှ အသားလုံးနုနုလေးများပါသောမြူစွမ်ဖြစ်သည်။

“ဟယ်. . . ပျော်စရာကြီး၊ ခုသောက်မယ်”

နွယ်. . . တကယ်ပင် အိမ်ကလူများကို ပြင်ခိုင်းပြီး ချက်ခြင်းသောက်ရန်ပြင်သည်။

“ပူသေးတယ်နော် နွယ်. . . ပေး. . . အေးအောင်လုပ်ပေးမယ်”

ဟောကင်းက ဘီးတပ်ကုလားထိုင်လေးကိုရွှေ့ကာ နွယ့်ခုတင်နားထိ တိုးလာပြီး မြူစွမ်ပန်းကန်ကို လှမ်းယူသည်။



www.burmeseclassic.com

www.burmeseclassic.com

"ရတယ်. . . နွယ့်ဘာသာ မှတ်ပါ့မယ်"

"ပေးပါ. . . အသာလေးမွှေပေးရင် ခဏလေး အေးသွားမှာပါ ငါလုပ်ပြပါ့မယ်. . . "

ဟောကင်းက. . . မြူစွမ်ပန်းကန်ကိုယူကာ တူကလေးနှင့် ခပ်ဖွဖွမွှေရင်း အအေးခံပေး၏။ မိုးကျော်သူကတော့ ထုံးစံအတိုင်း နွယ့်ကို ဝေဖန်ရေးလုပ်သည်။

"အံ့ရော. . . တစ်နေ့တစ်နေ့ အာရုံစိုက် အလုပ်လုပ်နေရတဲ့ သုံးကောင်က. . . အာရုံကြောရောဂါ မဖြစ်ရဘူး. . . ပိုက်ဆံလောက်ကိုင်ပြီး တောက်တိုမယ်ရလေး ပါရပါတယ်၊ အာရုံကြောရောဂါ ရသတဲ့ ဟုတ်ကောဟုတ်ရဲ့လား မသိဘူး"

"မဟုတ်ဘူး၊ တမင်လုပ်စားကြည့်တာ၊ ခုပဲ. . . မြူစွမ်က အိမ်ရောက်လာပြီလေ၊ မဟန်ဘူးလား"

"ငါနဲ့သာဆို မဟန်ဘူး. . . နင်. . . . ထမင်းရည်တောင် သောက်ရရင် ကံကောင်း. . . . "

ဒါက. . . မိုးကျော်သူ ရင်ထဲရှိတဲ့အတိုင်း မကွယ်မဝှက် ပြောတာ သေချာလောက်သည်။ ဟောကင်းကတော့ နွယ့်ကို ယုံသူပီပီ . . .

"ဒါလည်းဖြစ်တတ်ပါတယ်. . . နွယ်လည်း တချို့စာရင်းတွေ Computer နဲ့ထိုင်,ထိုင်လုပ်ရတတ်တာပဲ"

"အေးပါ. . . အခုတော့ ငါလုပ်နေရတယ်လေ"

နွယ်. . . မိုးကျော်သူ၏ မကျေမနပ်စကားကြောင့်. . . ရယ်မိ၏။ ပြီးမှသတိရပြီး သူ့ကိုမခံချင်အောင် ပြန်ပြောလိုက်သည်။

"လုပ်ပေါ့. . . လုပ်ဖူးတယ်ရှိအောင် လုပ်ထား၊ ဒါမှ ပညာတိုး





မှာ. . . မဟုတ်ရင် တောက်တိုမယ်ရက တက်မှာမဟုတ်ဘူး"

"နင့်လိုပေါ့. . . "

မောင်က. . . မိုးကျော်သူကို အားနာဟန်ဖြင့် သူ့ဘက်က မပါဘဲ မိုးကျော်သူဘက် ဝင်ပြောသဖြင့် နွယ်. . . မျက်စောင်းထိုးလိုက်မိသည်။သို့သော်. . . မောင့်စကားက မဆုံးသေး။ ဆက်ပြော၏။

"အမှန်ဆို. . . ဒီရောဂါက သူ့လိုကတ်ပြားတွေစီပြီး အာရုံစိုက်ထားတဲ့ ထိုင်ရာကနေ မထ၊ နာရီပေါင်းများစွာ. . . ဇောကပ်နေတဲ့ သူတွေဖြစ်ရမှာ"

"အေး. . . ဟုတ်တယ်. . . မောင်မောင် မင်းတော်တယ်၊ အခု ငါကမဖြစ်ဘဲ သူဖြစ်တော့ တစ်နည်းပဲရှိတယ်"

"ဘာလဲ"

"ခုလည်း သူ့စာရင်းတွေ ငါဝင်လုပ်နေရတဲ့ အတူတူ. . . သူနေကောင်းရင် ငါဖဲဝိုင်းတွေ. . . သွားထိုင်ခိုင်းလိုက်မယ်လေ"

"အောင်မယ်"

"ခွေးသူခိုး"

နွယ်က အောင်မယ်သာ ပြောနိုင်သော်လည်း ဟောကင်းက ရယ်ရင်းမ မိုးကျော်သူကို မေတ္တာပို့၏။ 'ခွေးသူခိုး'တဲ့။ မိုးကျော်သူက ဟောကင်းကို နားမလည်သလို တမင်ကြည့်ပြကာ စကားတစ်ခွန်းပြော၏။

"ဟေ့ကောင်. . . မှားနေပြီ"

"ဘာမှားလို့လဲ"

"မကျေနပ်လို့ ဆဲချင်းဆဲရင်. . . မြစ်မခနွယ်ရဲ့မောင်က


www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်လေး... မင်းမှမဟုတ်တာ"

"ငါက အစ်ကို"

"ဩော်... ဩော်... ဩော်"

မိုးကျော်သူက ဟောကင်း၏ ချက်ချင်းတုံ့ပြန်မှုကို သဘောတရားတစ်ခုပါသောလေသံနှင့် လက်ခံလိုက်၏။

"ရပြီနွယ်... စားတော့"

နွယ့်လက်ထဲ ပြန်ရောက်လာသော မြူစွမ်ပန်းကန်လေးက ခပ်နွေးနွေးသာ ကျန်တော့သည်။ တကယ့်ကို စားရန်အနေတော်။ နွယ့်အတွက်ကတော့ ယောက်ျားတွေ၏ယုယမှုဆိုတာ သိပ်အဆန်းမဟုတ်။ အလျှပယ်ရတာတ်လွန်း၍ တန်ဖိုးရှိသည်ဟုပင် နွယ်က မထင်တတ်။ ခုဟာက chips တွေ IC အသစ်တွေနှင့် ဖွဲ့စည်းထားပြီး ဒါပဲသိသည်ဟု ထင်ထားသော လူတစ်ယောက်ထံမှရသည့် နွေးထွေးမှုက ဘာနှင့်မှ နှိုင်းမရအောင် နွယ့်အတွက် တန်ဖိုးရှိလှသည်။ အံ့ဩခြင်းနှင့်အတူ ရင်ပါခုန်ချင်လာတာမို့ မြူစွမ်ပန်းကန်ကိုပင် မနည်းထိန်းထားရသည်။

"မြန်မြန်နေကောင်းအောင်နေ... သိလား၊ အလုပ်မှာ နွယ်မရှိလို့ ပျင်းနေကြတာ"

တခြားသူတစ်ယောက်၏ စကားသာဆို နွယ့်ကို ပျော်တော့ဆက်မှတ်နေလားဟု ပြောမိမှာပင်...။ ခုတော့ တည်ကြည်လေးနက်လွန်းသော ဟောကင်း၏လေသံကြောင့် အားလုံးက ဘာမှမပြောသလို နွယ်ကိုယ်တိုင်လည်း ခေါင်းပဲညိတ်ပြမိသည်။ စိတ်ထဲမှာတော့ ဒီလိုနောက်တစ်ခေါက်လောက် လာကြည့်ပြီးမှ နေကောင်းပြရင် ကောင်းမလားဟူသောအတွေးကို တွေးဖြစ်အောင် တွေးလိုက်မိပြီးမှ ကိုယ့်





ဘာသာကိုယ် ရှက်နေမိ၏။

သူတို့ပြန်သွားတော့ ညပင်အတော်မှောင်နေပြီ။ မောင်ကာပဲပြန်ပို့ပေးလိုက်၏။ မောင်ပြန်လာတော့ နွယ် တမင်ပင် အိပ်ချင်ယောင်ဆောင်နေလိုက်သည်။ ဘာလို့မှန်းမသိ။ မောင်နှင့်စကားပြောရဖို့ အဆင်သင့် မဖြစ်သေးသလို ခံစားရ၏။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)

ဆုံးဖြတ်ချက်နှစ်ခုကို သေသေချာချာ ရရှိလိုက်ချိန်တွင် မြစ်မခနွယ်တစ်ယောက် နေလို့ထိုင်လို့ ကောင်းစပြုလာသည်။ သေချာပါသည်။ သူမ. . . ဟောကင်းကိုချစ်နေမိပြီ။ တစ်ချိန်ကတော့ သူမ မောင့်ကိုပြောခဲ့ဖူးသည်။ သူမမှာ ခံစားချက်မရှိ. . . ဟု။ မောင်ကတော့ ဘုရားသခင့် ဖန်ဆင်းထားသော လူတိုင်းတွင် ခံစားချက်ရှိသည်ဟု ငြင်းခဲ့သည်။

"နင်တစ်နေ့. . . တစ်ကယ်ချစ်တဲ့သူ တွေ့လာရင်ကော"

မောင့်မေးခွန်းကို ထိုစဉ်က နွယ်လှောင်ခဲ့ဖူးတာ သတိရသည်။ ခုတော့ နွယ်. . . 'ဟောကင်း' ဆိုသည့် ဘီးတပ်ကုလားထိုင်ပေါ်မှ လူသားတစ်ယောက်ကိုမှ ချစ်မိသွားသည်။ ဒီလို လူတစ်ယောက်ကို ချစ်ဖို့ဆိုတာ နွယ် အိမ်မက်ပင် မမက်ဖူးခဲ့။ နွယ့်ဘဝတစ်လျှောက်မှာ





စိတ်ကူးယဉ်အိပ်မက်ထဲက လက်တွဲဖော်သည် ဟောကင်းလို လူမဟုတ်ခဲ့။ တကယ်တော့ လူတို့၏စိတ်သည် ဆန်းကြယ်လှသည်။ နွယ်လည်း ရုတ်တရက်ကြီးဆိုတော့ ကိုယ့်ကိုယ်ကို နားလည်၍မရ။ အရင်လူတွေလို စိတ်ကစားရအောင်ကလည်း ငယ်တော့သည့်အရွယ် မဟုတ်တာကော၊ စိတ်ယိုင်ရလောက်အောင်လည်း တစ်ဖက်မှ ဘာမှ အားထုတ်ကြိုးပမ်းနေတာ မဟုတ်တာကြောင့် ပို၍နားမလည်နိုင်ဖြစ်ရသည်။

နွယ်. . . ကိုယ့်ကိုယ်ကို နားလည်သွားချိန်တွင် တုန်လှုပ်သွားမိသည်မှာ ပြောစရာမရှိ။ တကယ်တော့ 'အချစ်'ဆိုသောအရာသည် 'ပဥ္စလက်' ဆန်လွန်းလှသည်။ ထိုတုန်လှုပ်မှုနောက်တွင် ကပ်ပါလာသည်က စိုးရိမ်မှု။ ဟောကင်းထံမှ အချစ်ကို သူမ ရနိုင်၊ မရနိုင်၊ တည်ငြိမ်လွန်းသော ဟောကင်း၏ အမူအရာများထဲတွင် သူ့ကို Simple နှင့်ယှဉ်ကာ စိုးရိမ်တတ်မှု၊ နွေးထွေးမှုတွေကလွဲ၍ သူမ ဘာကိုမှ မတွေ့ခဲ့ရ။ ထို့အတွက် နာတာရှည်ရက်တို့ ပိုကြာခဲ့ရခြင်းဖြစ်သည်။

အံ့ဩစရာပင်. . .။ နောက်ဆုံးတွင် ဟောကင်းထံမှ ဘာကိုမှ မမျှော်လင့်တော့ဘဲ သူမ၏ချစ်ခြင်းကို သူမလေးစားစွာ လက်ခံထားရန် ဆုံးဖြတ်လိုက်တော့သည်အထိ နွယ်ပြောင်းလဲသွားသည်။ 'ချစ်ခြင်း'၏သဘောတရားကိုက ဒါပဲလား။ လူတစ်ယောက်ကို ချစ်မိခြင်းသည် အဆုံးစွန်သော အေးမြမှုကို ခံစားရသလို အဆုံးစွန်သော အပူကိုလည်း ခံစားရသည်။ ထို့အတူ အဆုံးစွန်သော ပိုင်ဆိုင်လိုမှု၏ အပူကို ခံစားရသလို အဆုံးစွန်သော စွန့်လွှတ်နိုင်မှု၏ အေးမြမှုကိုလည်း ခံစားရသည်။ အံ့ဩစရာကောင်းလေစွ။

နွယ်. . . ရှုံးပြန်တက်တော့ အားလုံးက ဝမ်းသာနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲပျော်ဆုံးဟန် ပေါက်နေသူက မိုးကျော်သူ။

"ဝမ်းသာလိုက်တာ. . . မိနွယ်ရယ်. . . ဝမ်းသာလိုက်တာ၊ ငါ့ကို ငါ့လူတွေက မျှော်လှပြီ၊ နင့်ကိန်းဂဏန်းတွေနဲ့ ငါ့ကိန်းဂဏန်းတွေက မတူပါဘူး၊ နင့်ကိန်းတွေက ပိုရှုပ်တယ်၊ နင်အာရုံကြောရောဂါ ရပြီး ငါဘာလို့ မရတာလဲဆိုတာ. . . သိသွားပြီ"

တကယ်တော့ နွယ်လည်း ဘာမှဖြစ်တာ မဟုတ်ဘဲနှင့် အားလုံးက နွယ့်ကို တကယ်အာရုံကြောရောဂါရသည် ထင်ကြသည်။ နွယ့်မှာလည်း ရှင်းပြနိုင်စွမ်းက မရှိ။

Design တစ်ခုကို လက်စသတ်နေသော မောင်ကတော့ နွယ်ရောက်လာသည်ကို တအံ့တသြနှင့်။ မနက်က သူအလုပ်သွားတော့ မောင်ကလည်း နွယ်နေကောင်းလာစပြုထင်ကာ မနှိုးခဲ့သောကြောင့် ဖြစ်သည်။

"နင်ဘာနဲ့ လာလဲ"

"မမကြီးဆီလာတဲ့. . . ကားတစ်စီးနဲ့"

"မသိပါဘူး. . . Taxi နဲ့များလားလို့"

နွယ်အခန်းထဲဝင်သွားသည်အထိ ဟောကင်းကို မတွေ့ရသဖြင့်. . . .

"ဟောကင်းကော. . . ."

"ဒီနေ့. . . နေ့လယ်မှ လာမယ်ပြောတယ်"

"ဘာလို့လဲ"

" passport ရုံးသွားနေလို့လေ"

"သူ ဘယ်သွားမှာလဲ"





"သူ့အစ်ကိုနဲ့ ညီမဆီ. . . ခဏသွားမှာတဲ့"

မောင်က အေးအေးဆေးဆေးသာ အဖြေပေးသော်လည်း နွယ့်ရင်ထဲ အပူတွေ စီးဆင်းသွားရ၏။ ချစ်သူနှင့် ခွဲရဦးမှာပါလား ဟူသောအသိက နွယ့်ကို ဖိစီးနှိပ်စက်သဖြင့် နွယ်ချက်ချင်း အရွပ်ကြီးပြုတ်သလို ခုံမှာ ထိုင်ချလိုက်သည်။

"ဘာဖြစ်တာလဲ. . . မိနွယ်"

"မသိဘူး. . . မူးလာလို့"

"နင်ဘာမှ မစားခဲ့ဘူးလား. . . ဟေ့. . . အဲပြင်က စုစုနဲ့ နီနီ"

မောင်က အပြင်က ကောင်မလေးတွေကိုပါ လှမ်းခေါ်၏၊ သူကိုယ်တိုင်က ထိုင်ရာကမထ၊ စုစုနှင့် နီနီဝင်လာတော့. . .

"ဟိုမှာ နွယ်ဘာဖြစ်လဲ မသိဘူး၊ မူးလို့တဲ့. . . အဲဒါ တစ်ခုခုလုပ်ပေး၊ တစ်ယောက်ယောက်က စားစရာ စီစဉ်ပေး. . ."

အကုန် ပျာယာခတ်ကုန်သည်။ အားနှင့်အင်နှင့်အပြည့် ရုံးလာသူကို ချက်ချင်းကြီး အားပြန်ရပ်သွားလောက်အောင်ကို စွမ်းပါပေသည်။ မိုးကျော်သူပင် မလုပ်တတ်လုပ်တတ်နှင့် နွယ့်ကို သံပုရာသီးတွေ လာရှူခိုင်းနေသေးသည်။

"ရှူတတ်ပါဘူးကွာ. . . ခဏဘေးမှာထား၊ သောက်လိုက်ရတာကမှ အဆင်ပြေပါဦးမယ်"

"သံပုရာရည်သောက်မလား. . . အမူးပြေတယ်"

မောင်က ဝင်တား၏။

"အဲဒါက သွေးတိုးတဲ့သူတွေအတွက်၊ သွေးပေါင်ကျတဲ့သူ သောက်မိရင် ပိုဆိုးသွားမယ်၊ ခဏနေဦး. . . သွေးပေါင်တိုင်းပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com


မောင်က အသစ်စက်စက် digital သွေးဖိအားတိုင်းကိရိယာကိုထုတ်လာ၏။ တိုင်းပေးတော့ pressure နည်းနည်းမက ကျနေသည်။ ၆၀/၉၀ သာရှိ၏။ မောင်က 'အိပ်ပြန်မလား' မေး၏။ နွယ် ခေါင်းခါပြကာ စုစုတို့ခင်းပေးသော dream bed ပေါ်တွင် လှဲနေလိုက်သည်။ အာရုံထွေပြားစွာ ငြိမ်သက်နေမိဆဲ 'ဟောကင်း' ရောက်လာသံကြားရသည်။

"နွယ်. . . အလုပ်ဆင်းတယ် ဟုတ်လား"

"အင်း. . . ဒါပေမယ့် အခုဟိုမှာ pressure ကျလို့ မူးလာပြီးပြန်လှဲနေရတယ်"

အဓိက. . . pressure ကျသွားရခြင်းသည် စိတ်ကြောင့်၊ အစာမဝင်သောကြောင့်၊ အိပ်မရသောကြောင့် ဖြစ်နိုင်သည်။ တကယ့်တကယ်က နွယ်ဘာရောဂါမှ မဖြစ်ခဲ့ဘဲ. . .။

ဘီးရွေ့သံနှင့်အတူ ဟောကင်း အနားရောက်လာတာကို သိသော်လည်း မျက်စိကို စုံမှိတ်ထားရာမှ ဖွင့်မကြည့်ဖြစ်။ ဖျပ်ခနဲ လက်ကိုဆွဲယူကာ သွေးခုန်နှုန်းစမ်းလိုက်သော ဟောကင်းကြောင့် နွယ်ပင်ကတုန်ကရင် ဖြစ်မိသွားရသည်။ မျက်လုံးဖွင့်ကြည့်တော့ ဟောကင်းကနာရီကိုကြည့်ကာ သွေးခုန်နှုန်း စစ်နေ၏။

"ဒေါက်တာလား. . ."

နွယ်က နောက်တော့ ဟောကင်းက ရယ်၏။

"မဟုတ်ပါဘူး၊ တတ်သလောက် မှတ်သလောက်ပါ"

"ဟောကင်း. . . နိုင်ငံခြားသွားမလို့ဆို"

"ဟုတ်တယ်၊ ခဏပါ. . . အလွန်ဆုံးကြာ တစ်လပေါ့"



တစ်လတောင်ဟု စိတ်ထဲက ရွတ်မိသော်လည်း ပါးစပ်မှတော့ ဘာသံမှ ထွက်မလာနိုင်။ နွယ်. . . ဟောကင်း၏မျက်နှာကို ကြည့်မိတော့ နွယ့်ကို ကြည့်နေသည်နှင့် ဆုံ၏။ ထိုအကြည့်ကို နွယ်က စူးစမ်းအဖြေရှာနေဆဲ ဟောတင်းက အကြည့်လွှဲသွားသည်။

"မောင်မောင် သူ့ကို. . . ဆေးခန်းမပို့ဘူးလား"

မောင့်ကိုလှမ်းမေး၏။ မောင်က. . .

"သူ့ဆရာဝန်ဆီ သွားမှာတဲ့. . . သူက သူ့ဆရာဝန်မမှ သူသဘောကျတာ. . . ဟိုက. . . အဖွားကြီးက သူ့ကို သိပ်ချစ်တာလေ"

ဟုတ်ပ. . .။ ဘယ်လောက်ချစ်လဲဆို. . . နွယ်သူ့ဆီ ဘာရောဂါမှမရှိဘဲ သွားနေတာကို ရေငုံနှုတ်ပိတ်ပေးထားသည်ထိ ချစ်သည်။ နွယ်ပြုံးလိုက်မိ၏။ နှုတ်လုံခြင်းသည် ချစ်ခြင်းနှင့် ဆိုင်သလား။ မဆီမဆိုင် တွေးမိသောအတွေးကြောင့် ကိုယ့်ကိုယ်ကို ပြုံးလိုက်မိခြင်းဖြစ်သည်။

ခဏနေကျတော့ မောင်နှင့် မိုးကျော်သူ အပြင်ထွက်သွားသဖြင့် နွယ်တို့နှစ်ယောက်သာ အတွင်းခန်းမှာ ကျန်ရစ်၏။

"နွယ်. . . လိုတာပြောနော်"

"ရတယ်. . . ဘာမှမလိုဘူး. . . မေးပဲမေးချင်တာ"

"ဟောကင်းက. . . နိုင်ငံခြားကို ဘာသွားလုပ်မှာလဲ"

"Simple က တအားခေါ်နေလို့"

အမှန်က ဒီမေးခွန်းက Sily question ဖြစ်၏။ ဟောကင်းလည်း သူ့မောင်နှမတွေနှင့် တွေ့ချင်မည်ပေါ့။ သို့သော် မတတ်နိုင်၊ နွယ့်မှာက ဆက်မေးစရာတွေရှိနေသည်။


www.burmeseclassic.com

www.burmeseclassic.com

"အဲလို သွားရမယ်ဆိုတော့ ဘယ်လိုနေလဲ. . . ပျော်လား"

ထင်မှတ်မထားသော interview ဆန်သည့် မေးခွန်းကြောင့် ဟောကင်း အံ့သြသွားပုံရသည်။ ပြီးမှ. . .

"ပျော်တယ်လည်း မဟုတ်ပါဘူး. . . အတွေ့အကြုံသစ်တစ်ခု ပဲပေါ့"

"ဘယ်လို ခံစားရလဲ"

"ဘယ်လိုခံစားရလဲ. . . ဘာကိုမေးတာလဲ"

"ဒီလို သွားရမယ့် ခရီးစဉ်အတွက်"

"အတွေ့အကြုံအသစ်ရယ်၊ မောင်နှမတွေ ဆုံရမှာရယ်က လူကို exciting ဖြစ်စေတယ်. . . လက်ရှိ ပိုနေမြဲကျားနေမြဲနေရာကနေ သံယောဇဉ်ရှိသူတွေကို ထားသွားရမှာကကျတော့. . . လှကို နောက်ဆံ တင်းစေတယ်"

"သံယောဇဉ်ရှိသူတွေဆိုတာက. . ."

ဟောကင်းက. . . စက္ကန့်အနည်းငယ်တုံ့ဆိုင်းနေပြီးမှ . . . ဖြေ၏။

"ဖေဖေ၊ မေမေ. . . မောင်မောင်တို့ နွယ်တို့ပေါ့. . ."

နွယ်ပါလို့ တော်သေးသည်ပဲ ပြောရမလား. . . နွယ့်ကို ချန်မထား၍ဘဲ ကျေးဇူးတင်ရမလားပင် မဝေခွဲတတ်တော့။

"နွယ်တို့လည်း သတိရနေမှာ. . . ပျင်းနေမှာ"

နွယ်က. . . ထိုစကားကို. . . နုံးချိစွာပြောတော့ ဟောကင်းက နှစ်သိမ့်ပြုံးပြုံးသည်။

"တတ်နိုင်ရင်. . . အမြန်ပြန်လာမှာပါ"





"နွယ်. . . အဲလိုမပြောပါဘူး. . . မောင်နှမတွေဆုံတုန်း နေပါ၊ သွားရလာရတာလည်း ပဲခူးနဲ့ရန်ကုန်ကူးသလို လွယ်တာမှ မဟုတ်တာ နွယ်တို့က သတိရနေမှာကို ပြောတာပါ"

"ငါလည်း. . . သတိရနေမှာပါ"

ဟောကင်းက တိုးညင်းစွာဆို၏။ ပြီးမှ. . . တစ်စုံတစ်ရာကို သတိရဟန်ဖြင့်. . .

"ခုမှ သတိရတယ်. . . နွယ်"

"ဘာလဲဟင်"

"မိုးကျော်သူလည်း သင်္ဘောတက်ဖို့လုပ်နေတယ်"

"ဟုတ်လား"

"သူလည်းသွားရမှာပဲ. . . သူသွားမှကြာမှာ. . . ပြီးတော့ ပျင်းစရာပိုကောင်းမှာ. . ."

"အင်း. . . ဟုတ်တော့ ဟုတ်တယ်နော်"

နွယ်၏'ဟုတ်တော့ ဟုတ်တယ်နော်'ဆိုသော စကားနောက်တွင် ဆက်မလာသော စကားလုံးများစွာ ရှိနေသေးသည်ကို နွယ်ပဲသိသည်။ ပြီးတော့. . . မိုးကျော်သူ ခွဲသွားမှာကိုကျ ရင်ထဲတွင် အံ့သြမှုတစ်ခုအနေနှင့်ကလွဲပြီး ထူးမခံစားရတာ ကိုယ့်ဘာသာကိုယ်သိသည်။ အမှန်က. . . သင်္ဘောတက်တာ. . . နှစ်ချီကြာနိုင်သည်လေ။ သို့သော် ခံစားချက်မှ မတူဘဲ၊ ပိုပြီး ကွဲကွဲပြားပြား သိလိုက်ရသည့်အတွက်လည်း နွယ်. . . ကိုယ့်ဘာသာကိုယ် ကျေနပ်နေမိသည်။

ထိုစဉ်. . .

"အား. . ."



www.burmeseclassic.com

www.burmeseclassic.com

ခပ်တိုးတိုးအော်လိုက်သော. . . ဟောကင်း၏ ရုတ်တရက် အသံကြောင့် နွယ်. . . အံ့ဩသွားရသလို စိုးရိမ်ကာ ချက်ခြင်း ကုန်းထမိသည်။

“ဘာ. . . ဘာဖြစ်တာလဲ”

“ဟာ. . . နွယ်. . . ထ,မလာနဲ့လေ. . . ဘာမှမဖြစ်ဘူး။ အမှတ်တမဲ့မို့ ဓာတ်လိုက်သွားတာ”

အမှတ်တမဲ့. . .။

နွယ်. . . ထိုစကားလုံးကို ရင်ထဲမှ ခပ်ဖွဖွရေရွတ်မိ၏။ ဘာအမှတ်တမဲ့လဲ။ ဟောကင်းလို သတိကြီးသောလူတစ်ယောက်ကို ဓာတ်လိုက်သွားစေသော ‘အမှတ်တမဲ့’သည်. . . ဘာလဲ. . .။ နွယ် သိချင်နေမိသလို စိတ်ကူးလည်း ယဉ်ချင်နေမိသည်။

ဟောကင်းက ဘာမှမဖြစ်သလိုနှင့် အနားရောက်လာသော နွယ့်ကိုဆွဲကာ dream bed ပြန်လှဲခိုင်းသည်။

“ပြန်လှဲနေ. . . နွယ်. . . ဘာမှမဖြစ်ဘူး”

“ကိုင်နေကျပစ္စည်းတွေကို ဘာလို့ခုမှ. . . အမှတ်တမဲ့ဖြစ်ရတာလဲ”

နွယ့်မေးခွန်းကြောင့် ဟောကင်းပြုံးသည်။ ထိုအပြုံးက မလုံမလဲပြုံးသောအပြုံးနှင့် ဆင်သလိုလို၊ နွယ့်စိတ်ထင်လို့လား မသိ။

“ဒီလိုပါပဲ နွယ်. . . လူဆိုတာက အရှုံးပဲ. . . စိတ်နဲ့ကိုယ်နဲ့ ကြိုးစားပြီး ကပ်ထားကြရတာ၊ တစ်ခါတလေတော့ သတိလက်လွတ် ဆိုတာရှိတာပေါ့”

“[illegible]လတ်က ဘာလဲ. . . နွယ်. . . စကားတွေ



မေးပြီး ရှုပ်နေလို့လား”

ဟောကင်းက ပထမရယ်ကာ ခေါင်းခါမည်ပြုပြီးမှ ခေါင်းညိတ်၏. . .။

“နွယ်လည်း ပါတာပေါ့. . .”

ပြောပြီး သူ့ဘာသူရယ်နေသည်။ ဘယ်လိုပါတာလဲဆိုတာ သိချင်လျက်က ဆက်မမေးရဲတာကော၊ မမေးသင့်တော့တာကော ကြောင့်၊ မမေးဖြစ်တော့။ ဘယ်အခန်းကဏ္ဍကပါပါ. . . သူ့သတိလက်လွတ်ကဏ္ဍလေးထဲ နွယ်ပါရရင် ကျေနပ်ပြီ။ နွယ်. . . မျက်စိကို အသာမှိတ်ကာ လဲလျောင်းနေရင်းမှ အတွေးတွေနှင့် ဝေနေမိသည်။

ငြိမ်သက်တိတ်ဆိတ်နေသော အခန်းလေးထဲတွင် လေအေးစက်သံမှအပ ဘာမှမကြားရ။ ခါတိုင်းဟောကင်းထံမှ ပစ္စည်းယူသံ၊ ချသံ၊ စမ်းသံ၊ ဘီးသံတွေ ကြားနေရတတ်သေးသည်။ ခုတော့ ဘာဆိုဘာမှ မကြားရ။ ဟောကင်းတစ်ယောက် ဘာလုပ်နေလဲ. . . နွယ် သိချင်လာပြီ။ မျက်စိဖွင့်ကြည့်ဖို့ကလည်း အားယူ၍မရအောင် မျက်ခွံများက လေးလံနေသည်။ အတွေးအာရုံတွေကလည်း သိတစ်ချက်၊ မသိတစ်ချက်နှင့်. . .။

ခဏအကြာတွင် နွယ်အိပ်ပျော်သွားခဲ့သည်။

အိပ်မက်ထဲတွင် နွယ်က. . . နိုးထနေခဲ့ပြီး. . . ဟောကင်းကို လှမ်းအကြည့်တွင် ဟောကင်းက သူ့ကိုလှမ်းကြည့်နေသည်နှင့် ဆုံသည်။ အို. . . ပျော်စရာကောင်းလိုက်တာ။ ဒါဆို ဟောကင်း. . . အလုပ်ဆက်မလုပ်ဘဲ နွယ့်ကို ကြည့်နေမိတာပေါ့။ ဒီလောက်ကြည်နူးပျော်ရွှင်စရာကောင်းတဲ့ အိပ်မက်မျိုး နွယ်တစ်ခါမှ က်ဖူးခဲ့။ ပျော်သလိုလို

www.burmeseclassic.com

နှင့်. . . အိပ်မက်ကို မဆုံးစေချင်ဖြစ်နေမိသည်။

သေချာတာကတော့ လူတွေသည် အိပ်မက်မှ အမြဲတမ်းနိုးထကြရသလို မက်ချင်သော အိပ်မက်တိုင်းကို ထပ်ပြန်တလဲလဲ မက်ခွင့်မရှိကြပေ။ ထိုအရာသည် တရားမျှတသည်ဟု ထင်ပါသည်။ မဟုတ်လျှင် အရာရာတိုင်း ချောမွေ့အဆင်ပြေနေပေလိမ့်မည်။

⌘ ⌘ ⌘





## အခန်း (၁၃)

ဒီလိုနှင့် ဟောကင်းသွားရမယ့်ရက်က နီးနီးလာခဲ့ပြီး. . . နွယ်စိတ်တွေက ခံနိုင်ရည်မရှိစွာ. . . ပျော့ခွေနေမိသည်။ အလုပ်ကို လာနေသော်လည်း နွယ်က အပြုံးစုံခဲ့ သက်သက်သာ။ တစ်ရက်. . . နွယ်အိပ်ပျော်နေရာမှ နိုးလာသောအခါ မောင်နှင့်မိုးကျော်သူတို့ စကားပြောနေတာကို ကြားရသည်။ ဒါဆို ဟောကင်း မရောက်သေးဘူးပေါ့။ ဒီနေ့ Visa သွားယူမည်ပြောထားသည်။ ဘယ်အချိန်မှ ရောက်လာမည် မသိ။ သေချာတာက နွယ်. . . ဟောကင်းလာမှ နိုးထလာမည်ဆိုတာ. . .

"ဟိုကောင် ဒီနေ့ Visa သွားယူတယ်ဆို. . . ဟုတ်လား မောင်မောင်"

"ဟုတ်တယ်. . ."

"ဒါဆို နီးပြီပေါ့. . ."



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ရှေ့တစ်ပတ်ထဲမှာပဲ"

မိုးကျော်သူက ခဏအသံတိတ်သွားပြီးမှ. . .

"အင်း. . . ပြန်လာရင် သတင်းကောင်းကြားရပါစေပဲ ဆုတောင်းရမှာပဲ"

"ဘာလဲ. . . ဘာသတင်းကောင်းလဲ"

မောင်က နားမလည်သောလေသံနှင့် ပြန်မေး၏။

"ဟင်. . . မင်းမသိဘူးလား"

"ဘာကိုလဲ"

"သူ. . . ဟိုကို ဘာသွားလုပ်မယ်ဆိုတာလေ"

"သိတယ်လေ. . . သူ့မောင်နှမတွေက အတင်းခေါ်လို့. . ."

"နိုး. . . တခြားအကြောင်းပါသေးတယ်၊ ဒါကြောင့် ပြန်လာရင် သတင်းကောင်းကြားရပါစေ ပြောတာပေါ့"

နွယ်. . . ရင်တုန်သွားရသည်။ တခြားအကြောင်းတဲ့. . .။ ဘာလဲ. . . ဘာသွားလုပ်တာလဲ။ သတင်းကောင်းဆိုတော့ ဟောကင်းများ. . .။

နွယ့်အတွေး မဆုံးလိုက်. . . မောင့်မေးခွန်းက ဖြတ်ဝင်လာသည်။

"တခြားအကြောင်း. . . ဟုတ်လား"

"အင်း. . ."

"သတင်းကောင်း. . . ဟုတ်လား"

"အင်း. . ."

"ဘာလဲဗျာ. . . ဘာလဲ. . . ပြောပါဦး"





မောင်ပါ စိတ်လှုပ်ရှားသွားပုံရသည်။ မိုးကျော်သူက ဗမြေ၊ 'ဝါး'ခနဲ တစ်ချက်သမ်းကာ 'ဗိုက်ဆာတယ်'ဟုဆိုသည်။ ဒါ. . . တမင်လုပ်နေခြင်းဖြစ်၏။ သူတမင်လုပ်နေတာက အကြောင်းမဟုတ်။ 'မောင်က စိတ်မရှည်ပဲ မပြောချင်နေဟာ'ဟု ဆိုလိုက်လျှင် အလကားနေရင်း နွယ်ပါ မသိလိုက်ရဖြစ်ဦးမည်။ သို့သော်. . . မောင်က ဟောကင်းကိစ္စကို စိတ်ဝင်စားရှာသည်။

"ဘာစားချင်လဲပြော"

"အခုတော့. . . ဟိုဘက်ဘေးဆိုင်က ထမင်းကြော်တစ်ပွဲရရင်ရပါပြီ. . . ညနေကျမှသာ"

မောင်က သဘောပေါက်လွယ်သည်။

"ညနေကျ ဘီယာတိုက်မယ်ဗျာ. . . စုစု. . . ဟိုဘက်က ထမင်းကြော်တစ်ပွဲမှာပေး. . . နင်တို့ဆရာ မိုးကျော်သူအတွက်. . ."

တစ်ဆက်တည်း စုစုကိုပါ လှမ်းခိုင်းသေးသည်။ ဒီတော့မှ မိုးကျော်သူ လှုပ်ရှားလာ၏။

"မင်းတို့က ဘာလို့မသိရတာလဲ. . . ဒီလူနဲ့ဒီလူက မသိစရာအကြောင်းကို မရှိဘူး"

"အကြောင်းမရှိပေမယ့်. . . စကားမစပ်မိလို့ နေမှာပေါ့ဗျာ. . . ပြောစမ်းပါ"

"သူ. . . ဆေးပါ ကုမှာလေ"

"ဆေးကုမှာ. . . ဘာအတွက်လဲ. . . သူ့အောက်ပိုင်းအတွက်လား"

"ဒါပဲရှိတာပေါ့. . ."

မောင့်အသံက ခဏတိတ်သွား၏။ ပြီးမှ. . .



www.burmeseclassic.com

www.burmeseclassic.com

"ပြန်ကောင်းနိုင်လား..."

"အဲဒါမသေချာဘူး... သူ့အခြေအနေက ၇၀%-၃၀% လို့ ပြောတာပဲ... နီးစပ်ပါတယ်၊ ပြီးတော့... သူ့ဟာက အကြောတွေ လုံးဝထိခိုက်ပျက်စီးသွားတာ မဟုတ်ဘူးတဲ့... ဘာဖြစ်တယ်ဆိုလားပဲ"

"ဘာလဲ... ရုပ်ရှင်ထဲကလိုမျိုး... ရုတ်တရက် အံ့သြစရာ စရာတစ်ခုနဲ့ တွေ့ပေးလိုက်ရင် ကောင်းသွားနိုင်တာမျိုးလား"

မိုးကျော်သူက မောင့်စကားကိုရယ်၏။

"မင်းတောင်... ရုပ်ရှင်ရိုက်စားရင် အတော်အဆင်ပြေတဲ့ အဆင့်ရောက်နေပြီ... ကမ္ဘာကျော်ပန်းချီပညာရှင် ဖရီဒါခါလိုဟာ အဲဒီလိုပဲ ကားအက်စီးဒင့်တစ်ခုမှာ ဒဏ်ရာရပြီး... အောက်ပိုင်း သေသွားတာ၊ နောက်... ကောင်းသွားတာကို သူ့အတ္ထုပ္ပတ္တိရုပ်ရှင် ထဲမှာ ကြည့်လိုက်ရတယ်... ဟောကင်းလည်း အဲလိုဖြစ်ရင်ကောင်း မှာ၊ ဒါမှ သူ့ဆန္ဒနှစ်ခု တစ်ပြိုင်တည်းပြည့်မှာ"

"ဆန္ဒနှစ်ခု..."

"အင်း..."

"ဘာဆန္ဒတွေလဲ..."

"အာ... ဘာဆန္ဒရမှာလဲ... တစ်ခုက... အောက်ပိုင်းသေ ရာက ပြန်ကောင်းပြီး မားမားမတ်မတ်ဖြစ်ချင်တာ..."

"နောက်တစ်ခုက..."

"နောက်တစ်ခုကတော့ ငါလည်းပြောခွင့်မရှိဘူး၊ ဒါတော့ ခွင့် လွှတ်... ဘီယာလည်းမရဘူး၊ blue label လည်းမရဘူး... သိချင်ရင် ဟောကင်းသာမေး၊ အာ... အဲလိုမေးရင်လည်း ဒီထိငါပြောပြ





တယ်... ပါးစပ်ဖွာတယ်ဖြစ်ဦးမယ်"

မိုးကျော်သူစကားကြောင့် မောင်ကရယ်၏။

"ရပါပြီ... ဒီလောက်ဆိုရပါပြီ... ဆက်မမေးတော့သလို ဟောကင်းကိုလည်း ဘာမှမမေးတော့ပါဘူး၊ အင်း... သူပြန်ကောင်း လာရင်ပဲ ကျေနပ်ပါပြီ၊ နောက်ဆန္ဒက ဘာဖြစ်ဖြစ် အရေးမကြီးပါဘူး"

မောင်က အရေးမကြီးသော်လည်း နွယ်က အရေးကြီးနေမိ သည်။ ဘာလဲ...။ ဟောကင်းတစ်ယောက် လူကောင်းပကတိပြန် ဖြစ်ခဲ့ရင် ဘာတွေလုပ်ဖို့ ရည်ရွယ်ထားလဲ... ဘာတွေဖြစ်ချင်နေခဲ့ လဲ... နွယ်သိချင်နေသည်။ သို့သော် ဘာမှမတတ်နိုင်။ မိုးကျော်သူက ဆက်ပြောမှာ မဟုတ်သလို ဟောကင်းကိုလည်း မေးလို့မရနိုင်။ အချိန် ကိုသာ စောင့်ရပေတော့မည်။

နွယ်က... အခုမှ နိုးလာသလို ထ,လာတော့ မောင်က နှာခေါင်းရှုံ့၏။

"အားနေ... အိပ်နေတာပဲ၊ ကာလနဂါးမ၊ စားဖို့တောင် သတိရရဲ့လား"

"ရပါတယ်... ခုပဲ... ဘာစားရင်ကောင်းမလဲဆိုပြီး နိုးလာ တာ"

"အတော်ပဲ ဟိုမှာ... ထမင်းကြော်လာပြီ"

မိုးကျော်သူအတွက် မှာထားသော အငွေ့တထောင်းထောင်း နှင့်ထမင်းကြော်ပူပူက ရောက်လာသည်။ မောင်က တမင်အချိန်နှင့် ကာ တွန်းပေးခြင်းဖြစ်၏။ ခက်တာက နွယ်က ထမင်းကြော် စားလေ့ စားထမရှိ။ ထမင်းကြော်မှာ ပုံထားသောပဲပြုတ်နှင့် ဟင်းတစ်မျိုးက



www.burmeseclassic.com

www.burmeseclassic.com

တော့ စားချင်စရာ။

နွယ်က ပန်းကန်ကို ဖြတ်လုလိုက်တော့ မိုးကျော်သူ ထ,လာသည်။

"နင်နဲ့ မတည့်ဘူး"

"ဘာလို့ မတည့်ရမှာလဲ"

"နင်က ဟိုဟာဖြစ်၊ ဒီဟာဖြစ်နဲ့. . . ထမင်းကြော်က အစာမကြေဘူး၊ ပဲပြုတ်က လေနာတယ်၊ ဒီဟင်းကစပ်မယ်ပုံပဲ. . . နင်နဲ့မဖြစ်ပါဘူး. . . ပေးပေး. . . လိမ္မာတယ်. . ."

ပြောပြောဆိုဆို နွယ့်လက်ထဲမှ ပန်းကန်ကိုဆွဲလုကာ. . . လှည့်အထွက်. . . ဟောကင်း ဝင်အလာနှင့်ဆုံကာ ကံကောင်း၍ မတိုက်မိခြင်းဖြစ်သည်။

"ကံကောင်းလို့. . . ကံကောင်းလို့. . . မင်းကို အကြောင်းပြုပြီးရထားတဲ့ ထမင်းကြော်လေး၊ မင်းနဲ့တိုက်မိပြီး မှောက်တော့မလို့ ကံကောင်းတယ်"

"ဘာ. . . ငါ့ကို အကြောင်းပြုပြီး ရထားတာ. . ."

ဟောကင်းက နားမလည်သလိုမေး၏။

"ဟုတ်တယ်လေ. . . information ခေတ်ကြီးမှာ information တွေဟာ သူဟာနဲ့သူတော့ တန်ဖိုးရှိကြတာပဲ. . . ခုပဲကြည့်. . . မင်း ဟိုမှာ. . . ဆေးသွားကုမှာဆိုတဲ့ကိစ္စကို မင်း မသိအောင် ငါ သူတို့ကို ခိုးပြောထားတာ ထမင်းကြော်တစ်ပန်းကန်ရတယ်"

မိုးကျော်သူစကားကြောင့် ဟောကင်းက ခေါင်းခါကာ. . . မောင်က ရယ်၏။ မရယ်ဘဲ နေနိုင်မည်လား။ သူပဲ ဖော်ကောင်လုပ်





သူပဲပိတ်၊ သူပဲပြန်ဝန်ခံနှင့် ရှုပ်နေသည်။ ဟောကင်းကလည်း အာမှန်းမသိဘူးဟူသောအကြည့်နှင့် ကြည့်ကာ သူ့နေရာသူသွားသည်။

"ငါ. . . ဆေးသွားကုဖို့က. . . ကောင်းဖို့ မကောင်းဖို့ မသေချာသေးလို့ မပြောတာပါ. . . တမင်လျှို့ဝှက်ထားတာမှ မဟုတ်တာ"

"အေးလေ. . တမင်လျှို့ဝှက်ထားတာ မဖြစ်လောက်ဘူးဆိုတာသိလို့ပြောလိုက်တာပါ. . . တမင်လျှို့ဝှက်ထားတာဆိုတဲ့အချက်တော့ ငါမပြောပါဘူး. . . နော်. . . မောင်မောင်"

မောင်က ခေါင်းညိတ်ပြ၏။ သို့သော်. . . ဟောကင်းက မျက်စိပျက်မျက်နှာပျက်နှင့် မိုးကျော်သူကို ပြောသည်။

"ဘာတွေ လျှောက်ပြောနေတာလဲကွာ"

"လျှောက်မပြောပါဘူး. . . ဒီအတိုင်းပြောတာ. . . ဟိုမှာ ကာလနဂါးအိပ်နေတာ နိုးမှာစိုးလို့ လှုပ်တောင်မလှုပ်ရဲပဲ စကားပြောတာ. . . အံ့ရော. . . ကာလနဂါးမကလည်း အိပ်ရာက နိုးလာတာနဲ့ မင်းရောက်လာတာနဲ့ အံကိုက်. . ."

"ဘာလဲကွ. . . အံကိုက်"

ဟောကင်းက မိုးကျော်သူကို ဟန့်သောလေသံနှင့်ပြော၏။ သို့သော်. . . မိုးကျော်သူက. . . မမှု. . . ဆက်ပြော၏။

"ဩော်. . . နို့ဆွမ်းကပ်တဲ့ ရွှေခွက်တစ်ခွက်နဲ့ တစ်ခွက် အတိုက်၊ ကာလနဂါးအနိုး. . . အဲဒါကိုပြောတာပါ"

"ငရဲကတော့ ကြီးတော့မှာပဲ"

မနိုင်တော့သဖြင့် ဟောကင်းက မိုးကျော်သူကို ကလေးတစ်ယောက်လို ငရဲနှင့်လှည့်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ငရဲဆိုတာ အကြီးအသေးရှိလား. . . ကြော်သိပြီ. . . ဟိုဘက်လမ်းက ညီအစ်ကိုလေ. . . ငရဲအကြီးနဲ့ ငရဲလေးတဲ့. . ."

"မင်း. . . စားစရာရှိတာ စားတော့. . ."

ဟောကင်းအော်လိုက်မှ. . . မိုးကျော်သူပါးစပ်ထဲ . . . ထမင်းကြော် စရောက်တော့၏။ နွယ့်မှာသာ အတွေးတွေနှင့်။ လျှို့ဝှက်ချက်ဆိုတာကိုပြောတော့ ဟောကင်း ဘာလို့မျက်စိပျက်၊ မျက်နှာပျက်ဖြစ်သွားပြီး၊ မိုးကျော်သူကို ရန်လုပ်ရတာလဲဆိုတာ သိချင်နေမိသည်။

'ရှင့်လျှို့ဝှက်ချက်က ဘယ်လောက်များ ကြီးကျယ်ခမ်းနားလဲတော့ မသိဘူး၊ ကျွန်မကတော့ သိချင်နေမိပြီ. . .' ဟု နွယ့်ရင်ထဲမှ ပြောနေမိသည်။

"visa ရခဲ့ပြီလား"

ရင်ထဲမှ မေးချင်နေသော မေးခွန်းနှင့် ဆန့်ကျင်စွာ သိချင်တာကိုပဲ မေးမိသည်။

"ရပြီ. . ."

" air ticket ကော. . ."

"အဆင်သင့်ပဲ. . ."

"ဘယ်နေ့သွားမှာလဲ"

"နောက်တစ်ပတ် စနေ. ."

"ဘာလိုသေးလဲ. . . နွယ်. . . ဘာလုပ်ပေးရမလဲ"

နွယ့်စကားကြောင့်. . . ဟောကင်း ဘာကြောင့်မှန်းမသိ ပြုံးသွားသည်။

"နွယ်. . . တကယ်လုပ်ပေးမှာလား"





"အင်းပေါ့. . ."

" Simple အတွက် တစ်ခုခုယူသွားချင်တာ၊ ဘာယူရမှန်းမသိဘူး၊ နွယ်. . . စဉ်းစားပြီး ဝယ်ပေးပါလား"

နိုင်ငံခြားရောက်နေသော ကိုယ့်တိုင်းပြည်မှလူအတွက် ပေးစရာပစ္စည်းကတော့ သူတို့ လွမ်းဆွတ်နေမည့် ဒေသထွက်ပစ္စည်းများသာဖြစ်သည်. . . ဟု နွယ်ထင်သည်။

"ဘာပဲဖြစ်ဖြစ်လား. . . သူဘာကြိုက်တတ်လဲ ပြောဦးလေ"

"မပြောတတ်ဘူး. . . ဘာဖြစ်ဖြစ်ပါ. . ."

နွယ်ကတော့. . . Simple အတွက်သာမက ဟောကင်းအတွက်ပါ နွယ့်ကိုယ်စား အမှတ်တရပါသွားမည့်အရာတစ်ခု ပေးချင်နေမိသည်။ ထိုအရာသည်. . . ဘာဖြစ်သင့်သည်လဲကွယ်. . .။

" Simple ဘာကြိုက်တတ်လဲသိချင်ရင် ငါ့လာမေး. . . ငါလည်း Simple ကို တစ်ခုခု ပေးချင်ပါတယ်. . . ဒါပေမယ့်. . ."

မိုးကျော်သူက နွယ့်ကို လှမ်းပြောခြင်းဖြစ်သည်။ ဟောကင်းက မသိမသာစွေကြည့်တာကို မိုးကျော်သူက သိသိကြီးနှင့် မသိချင်ယောင်ဆောင်နေ၏။ မောင်က. . .

"ပေးချင်ရင်ပေးပေါ့. . . ဘာဒါပေမယ့်လဲ. . ."

"ငါ့ထုံးစံ ပျက်သွားမှာစိုးလို့"

"ဘာထုံးစံလဲ"

"ဘာမှအကုန်အကျ မခံနိုင်တဲ့ထုံးစံလေ. . ."

မိုးကျော်သူစကားကြောင့် သူများတွေက အကြောင်းသိမို့ ရယ်သော်လည်း ဟောကင်းကတော့ 'ဖဲဝိုင်းကလွဲရင်' ဟု ဝင်ပြော၏။

www.burmeseclassic.com



ဟောကင်းမျက်နှာက မပြုံး။ ဒါကိုကြည့်ပြီး မောင်က ဘာသဘော ပေါက်သည်မသိ။

"ဟောကင်း"

"ဘာလဲ"

"ကျွန်တော့်မှာက. . . အကုန်အကျခံနိုင်တဲ့ ထုံးစံရှိတယ်"

ဟောကင်းအကြည့်က. . . မောင့်ဘက်လှည့်သွားသည်။ မောင်က တစ်ဖက်လှည့်ကာ ဟောကင်း မမြင်အောင်ရယ်ရင်း ဆက်ပြော၏။

"ကျွန်တော်ကော Simple ကိုတစ်ခုခု ပေးလို့ရမလား. . ."

"ရတယ်. . . ရတယ်. . .Simple တင်မကဘူး. . . ဟိုက Simpleအစ်ကိုကြီး Simonအတွက် ပေးချင်လည်းရတယ်. . . ငါ့အတွက် ပေးချင်လည်းရတယ်. . . လေယာဉ်လက်မှတ်ခက အစပေါ့ကွာ. . . အားမနာနဲ့ အကုန်ကျခံနိုင်လို့က ပေးသာပေး"

ဟောကင်း၏ ငေါ်တော့တော့စကားကြောင့် မိုးကျော်သူက ဟား၏။ မောင်ကတော့ ပြောလက်စနှင့် အလျော့မပေးနိုင်ပုံနှင့်. . .။

"မရဘူးလေ. . . ကျွန်တော့်စေတနာတွေက တစ်ယောက်စာပဲရှိတာ"

"ရပါတယ်. . . အဲဒီတစ်ယောက်စာကိုပဲ. . . သုံးယောက်ခွဲယူကြတာပေါ့"

ဟောကင်းကလည်း အလျော့မပေးပါ။

"တချို့အရာတွေက. . . ခွဲယူလို့ရတဲ့အရာတွေ မဟုတ်ဘူး Mr.Hawking ရဲ့. . ."

"ဥပမာ. . . စိတ္တဇနာမ်တွေ. . ."

မောင်နှင့်မိုးကျော်သူ၏ အတိုင်အဖောက်ညီသောစကားကြောင့် ဟောကင်း. . . နှုတ်ကို တစ်ချက်လှမ်းကြည့်ကာ. . . ရယ်ရင်း အပြင် ပြန်ထွက်သွားတော့သည်။ အဲဒီစကားကို သူလက်ခံသွားတာလား၊ အရှုံးပေးသွားတာလားဆိုတာကိုတော့. . . သူမှပဲ. . . သိပေလိမ့်မည်။

⌘ ⌘ ⌘





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

တကယ်တမ်း နွယ်. . . ပစ္စည်းဝယ်တော့ Simple အတွက် ယက် ဟောကင်းအတွက် အရင်ဝယ်မိသည်။ ခရီးစဉ်တစ်လျှောက်လုံး. . . ဟောကင်းနှင့်မကွာ. . . ပါသွားနိုင်သော ပစ္စည်းလည်းဖြစ်ရမည်။ မိန်းကလေးတစ်ယောက် ဣန္ဒြေရရနှင့် ပေးသင့်သောပစ္စည်းလည်း ဖြစ်ရမည်။ ချင့်ချိန်တွေးတောရှာဖွေရတာ အတော်လေးတော့ ဦးနှောက်စားသည်။ နောက်ဆုံးမှာတော့. . . ခရီးသွားမည့်သူတစ်ယောက်နှင့် သင့်တော်မည့်. . . လက်ပတ်နာရီတစ်လုံး၊ ဘောလ်ပင်တစ်ချောင်း၊ neck tie တစ်ခုကိုသာ ဝယ်ဖြစ်သွားသည်။

ပြီးမှ. . Simple နှင့်ကို Simon အတွက် ကျောက်စီဘုရားကားပန်းချီပုံတစ်ပုံ။ ပြီးတော့မှ ဟောကင်းက ဝယ်ပေးသောအနေနှင့် ရှာဖွေခဲ့ရသော မြန်မာဖြစ် မိန်းကလေးအသုံးအဆောင်အချို့. . .





ရှာဖွေဝယ်ခြမ်းပြီးတာနှင့် နွယ်. . . လဲတော့သည်။ ကားပေါ်မှာ ဟန်မဆောင်နိုင်ဘဲ. . . လှဲချလိုက်သဖြင့် ဒရိုင်ဘာက စိတ်ပူကာ ရုံးသို့ တန်းမောင်းတော့၏။

ရုံးရောက်တော့. . . မောင်ထွက်လာသည်။

"နွယ်. . . ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ပါဘူးမောင်ရာ. . . တအား ပင်ပန်းသွားလို့ ထင်တယ်. . . မူးပြီးခေါင်းမထူနိုင်တာ. . . ငါ့ကိုတွဲပါဦး. . . အထဲမှာလှဲမယ်. . . ဪ. . . ကားပေါ်ကအထုပ်ကို ယူခဲ့ဦးနော်"

ဒရိုင်ဘာကိုလည်း လှမ်းမှာရသေး၏။

"ဘာတွေလဲ. . . ဘာထုတ်တွေလဲ. . . ဒါကြီးကဘာလဲ"

"ကျောက်စီပန်းချီကား. . .Simple နှင့်ကို Simon အတွက်"

"ဒါများ. . . နင်ငါ့ကို ခေါ်ပါလား ငါပါလိုက်ပေးမှာပေါ့. . . ပေးပေး. . . အဲဒါ ငါသယ်ခဲ့မယ်. . . လာ နင်က ငါ့ကို ဒီဘက်ကတွဲ"

ပန်းချီကားတစ်ဖက်. . . နွယ့်ကိုတစ်ဖက်တွဲနှင့် အထဲရောက်တော့ ဟောကင်းက တအံ့တသြနှင့် ဘီးကိုတွန်းကာ အနားရောက်လာသည်။

"နွယ်. . . ဘာဖြစ်တာလဲ"

"ပစ္စည်းလျှောက်ဝယ်တာတဲ့လေ. . . ကျွန်တော့်ကို မခေါ်ဘူး ရှမ့်. . . မူးလို့. . . တဲ့"

"ဖြစ်ရတယ်နွယ်ရာ. . . ငါပြောတာက. . . ငါတို့ပါ လိုက်ပေးပြီး အတူဝယ်ဖို့ပြောတာပါ. . ."

ဟောကင်းကလည်း စိတ်မကောင်းသံနှင့်ပြော၏။ မိုးကျော်သူ



www.burmeseclassic.com

www.burmeseclassic.com



မရှိသဖြင့်၊ ဝင်နှောက်မည့်သူမရှိသဖြင့် နားတော့အေးသည်။ သူလည်း သဘော်လိုက်ဖို့ လုံးပမ်းနေသည်ထင်သည်။

"ရတယ်. . . နွယ် ဘာမှမဖြစ်ဘူး. . . ခဏတဖြုတ် နားလိုက်ရင် ကောင်းသွားမှာပါ. . ."

သချာတာက. . . ဟောကင်းအနားမှာ ရှိနေလျှင်. . . နွယ်နေကောင်းသည်။ နေကောင်းလို့ရသည်ပေါ့။ ဟောကင်းမရှိလျှင်. . . နွယ် ဆက်မတွေးတော့ပါ. . .။

မောင်နှင့် ဟောကင်းက. . . ရွှေတိဂုံစေတီတော်ပုံ ကျောက်စီပန်းချီကားကိုကြည့်ကာ သဘောတွေကျနေကြသည်။ ခဏနေတော့ နွယ်လည်း နေကောင်းလာတာမို့ ထ,ထိုင်ကာ. . . မောင့်ကို အထုပ်တွေယူလာခိုင်းရ၏။

"မောင်. . . ဒီနားကို အထုပ်တွေယူလာပေးဦး"

မောင်က အနားလာချပေး၏။ နွယ်လည်း Simple အတွက် ဝယ်ထားသော အထုပ်ကို အရင်ဆွဲရသည်။

"ဟောကင်း. . ."

"ဘာလဲနွယ်"

"ဒီမှာ Simple အတွက်ဝယ်ထားတာ. . . လာကြည့်ဦး. . ."

ဟောကင်းက ဘီးကိုတွန်းကာ ရွှေ့လာနေဆဲ၊ မောင်က ဖျပ်ခနဲ လှမ်းဆွဲပြီးသား ဖြစ်သွားသည်။

"နေနေ. . . ဟောကင်း၊ ကျွန်တော်လာပို့မယ်"

"ဟော့ကောင်. . . ပုံမှန်ဆက်ဆံ"

နွယ်. . . ရယ်မိ၏။ မောင့်မျက်နှာကလည်း စပ်ဖြဲဖြဲနှင့်





ဟောကင်းသာ မချိုမချဉ်နှင့်။ ရယ်ရမလို တည်ရမလို ဖြစ်နေပုံရသည်။ ဟောကင်းက အိတ်ကိုဖွင့်ပြီး တစ်ခုချင်းကြည့်၏။

"ကောင်းတယ်နွယ်. . . နွယ်က တော်တယ်. . . ညီမလေး ကြိုက်မယ်ဆိုတာ သေချာပြောရဲတယ်"

"ဒါဆို. . . နွယ်. . . ပင်ပန်းရကြိုးနပ်ပြီ"

"ဒါနဲ့. . . ဒါတွေ ဘယ်လောက်ကျလဲနွယ်. . ."

"မဟုတ်တာ. . . ကျွန်တော်ဝယ်ပေးမှာပေါ့. . . နေ. . . နွယ်၊ ငါ. . . bill. . . ရှင်းပေးမယ်"

ဟောကင်းက မပြောချင်တော့ဘူးဆိုသောမျက်နှာနှင့် မောင့်ကို လှမ်းကြည့်၏။ မောင်က မသိချင်ယောင်ဆောင်နေသည်။ ဒါတော့ သူတို့ စကားဆက်မများအောင် နွယ်ကပဲ လမ်းလွှဲရ၏။

"ရော့. . . ဒါက ဟောကင်းအတွက်. . ."

ဟောကင်းက နွယ့်ကို. . . တအံ့တသြကြည့်၏။

"ငါ့အတွက်. . ."

"အင်း. . ."

"ဘာလဲဟ. . . ငါကသွားမှာလေ"

"ဘာဖြစ်လဲ. . . နွယ်က. . အမှတ်တရပေးသည်ပေါ့. . . ဥခရီးစဉ်အတွက်. . ."

နွယ့်စကားကြောင့် ဟောကင်း ခေါင်းညိတ်ပြ၏။ ပြီး. . . ပစ္စည်းကို ထုတ်ကြည့်သည်။ necktie က အညိုနှင့်အသားရောင် စပ်ထားသောအစင်း။ ဘောလ်ပင်က. . . parker ဘောလ်ပင်၊ နာရီက Guess နာရီ။ တန်ဘိုးတွေက မသေးတာကို သိပုံရသော ဟောကင်း


www.burmeseclassic.com

www.burmeseclassic.com

က နွယ့်ကို ဘာလို့ဒီလို ဝယ်လာရတာလဲဟူသော အကြည့်နှင့်ကြည့်၏။ ပြီးမှ. . . မောင့်ကို လှည့်ကာပြောသည်။

"ဟိုကောင်လေး. . . "

"ဗျာ"

မောင်က တမင်တကာ 'ဗျာ'ထူး၏။ ခုမှ သိပ်ရှိသေနေပုံနှင့်။

"ဒီပစ္စည်းဖိုးတွေပါ မင်းရှင်းလိုက်တော့. . . "

"အာ. . . မဖြစ်ဘူးထင်တယ်"

မောင်. . . ခေါင်းခါ လည်ခါရုံမက၊ လက်ပါကာ,ကာ ငြင်း၏။

"ဘာလို့မဖြစ်ရမှာလဲ. . . အတော်စေတနာကောင်းနေပြီးတော့. . . ခုမှဘာလို့မဖြစ်ရမှာလဲ"

"ကျွန်တော်က စေတနာရှိပါတယ်. . . ဒါပေမယ့်. . . နွယ်က ကြိုက်မှာမဟုတ်ဘူး. . . နော့ နွယ်. . . "

နွယ်. . . ဘာပြန်ပြောရမှန်းမသိ။ မောင်က အတည်ပြောနေတာ မဟုတ်ဘူး ထင်ရသလို. . . နောက်နေတာနှင့်လည်း မတူသလိုပင်. . .။ ခန့်မှန်းရခက်လှသည်။

"ပြီးတော့. . . "

"ပြီးတော့. . . ဘာဖြစ်လဲ. . . "

"ကျွန်တော့်စေတနာကလည်း တစ်ဖက်ကို နည်းနည်းပိုနေတယ်. . . မိနွယ်လိုပဲ. . . ဟဲဟဲ"

မောင့်စကားက ဒီတစ်ခါတော့ အတော်လေး ပေါ်တင်ကျလွန်းသဖြင့်. . . နွယ်ကော. . . ဟောကင်းပါ အနေရခက်သွားကြသည်။ ဟောကင်းကတော့ တော်ရှာပါသည်။ စကားကိုဖြည်ရန် အကြောင်းရှာ၏။

"နွယ်က မှူတပါတယ်. . . အကုန်လုံးကို မှူမှူတတပေးတာ မင်းလိုမှ မဟုတ်တာ. . . "

"အင်း. . . ဟုတ်တယ်. . . ကျွန်တော့်လို မဟုတ်တာကတော့ သေချာပါတယ်. . . ကျွန်တော်က ပြတ်သားတယ်. . . သူက မပြတ်သားခဲ့ဘူး. . . "

စကားတွေက ဖြည်ကာမှ ပိုဆိုးလာသလိုမို့. . . နွယ်ပဲ. . . ဝင်ရတော့သည်။

"မောင်. . . ပေါက်ကရတွေ ပြောမနေနဲ့. . . ငါ. . . Glucose နဲ့ သံပုရာရည်သောက်ချင်တယ်. . . "

"ရတယ်လေ. . . ငါမှာလိုက်မယ်"

"ဆိုင်မဟုတ်ဘူး. . . မောင်ဖျော်ရမှာ. . . "

"အာ. . . ငါမတတ်ဘူး. . . စုစုတို့ကိုခိုင်း"

"မောင်က. . . Glucose ဝယ်ပေးလေ"

"အာ. . . နီနီ့ဝယ်ခိုင်း"

မောင်က ပြောပြောဆိုဆို. . . စုစုနှင့် နီနီ့ကိုခေါ်ကာ တာဝန်ခွဲပေး၏။

"နင်က သံပုရာသီးနဲ့ Glucose သွားဝယ်. . . နင်က ပြန်လာရင်ဖျော်ပေး. . . မိနွယ်က သောက်လိမ့်မယ်. . . "

နွယ့် အကြံအစည် မအောင်မြင်သော်လည်း ခဏတော့ စကားသမ်းကြောင်းတွေ ရွေ့ကုန်သဖြင့် အခြေအနေက ပြန်ပြောင်းသွားသည်။




ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

ဟောကင်းက ထိုင်လျက်ကနေ. . . ပစ္စည်းတွေကို တစ်ခုချင်း သပ်သပ်ရပ်ရပ် ပြန်သိမ်းနေသည်။ နွယ်. . . ထကူပေးချင်သော်လည်း မကူရဲ . . .။ မောင်ကတော့. . . ဘာအကြံတွေ ထုတ်နေသည်မသိ။ ငြိမ်ကာ. . . ဟောကင်းကိုကြည့်လိုက်. . . မျက်နှာကျက်ကိုကြည့်ကာ စဉ်းစားလိုက်နှင့် လုပ်နေသည်။

တစ်ခန်းလုံး တိတ်ဆိတ်နေစဉ်. . . ဝင်လာသူက မိုးကျော်သူ။ ခါတိုင်း ဘုန်းခနဲ ပစ်တင်နေကျ လွယ်အိတ်ကိုပင် စားပွဲပေါ် အသာအယာချရင်း တစ်ခန်းလုံးကို မသင်္ကာသလိုကြည့်သည်။

"ဝစီပိတ် ကျင့်နေကြတာလား"

သူ့စကားကို ဘယ်သူမှ မဖြေ။ ဟောကင်းက သူ့အလုပ် သူလုပ်နေသလို. . . မောင်ကလည်း သူ့ကို အူကြောင်ကြောင် တစ်ချက်သာကြည့်၏။

"ဘာလဲ. . . ဒါဆို. . . သရဲကားမှာ Silent လုပ်ထားတာမျိုးလား"

ပိုတောင် ဝေးသွားသဖြင့် အားလုံးက ပြုံးကြ၏။

"ဟော. . . တိုးတက်လာပြီ၊ ပြုံးတယ်. . . ပြုံးတယ်. . ."

အားလုံးက ချက်ချင်းပြန်တည်သွားကြတော့မှ မိုးကျော်သူ အော်တော့သည်။

"ဘာဖြစ်နေကြတာလဲ"

"ဘာဖြစ်နေတာတွေလဲ"

"ဘာဖြစ်နေတယ်ထင်လဲ"

"ဘာဖြစ်နေလို့လဲ"





သုံးယောက်သား သုံးမျိုးဖြေမိကြသဖြင့် ရယ်ရသေးသည်။ မိုးကျော်သူကတော့ ဇာတ်တိုက်ထားသည် ထင်မည်။ ထင်ချင်စရာပင်။ အမှန်တော့ သူနဲ့ကျမှ တိုက်တိုက်ဆိုင်ဆိုင် လာဖြစ်ရနေတာကိုး။ တစ်မျိုးတော့ ကောင်းပါသည်။ သူလာတော့မှ. . . နည်းနည်း အသံပြန်ကြားလာရသည် မဟုတ်ပါလား။

"အလုပ်က အဆင်မပြေရတဲ့ထဲ. . . မင်းတို့က တမျောင့်"

မိုးကျော်သူက. . . စီးကရက်တစ်လိပ်ကိုထုတ်ရင်း မီးညှိရန်ကြံစားသဖြင့် မောင်က လှမ်းဆွဲရသည်။ Air Con ခန်းထဲမှာ ဆေးလိပ်မသောက်ရဟု သိသိကြီးနှင့် သတိလက်လွတ် ဖြစ်ရလောက်အောင် သူ့ဘာတွေဖြစ်လာမှန်းမသိ. . .။

"ဘာဖြစ်လာတာလဲ. . . ပြောပါဦး"

ထိုအခါကျမှ. . .

"အေး. . . အမှန်တကယ်ဖြစ်လာတာက ငါ"

"ဘာဖြစ်တာလဲ. . ."

"ငါတက်ချင်တဲ့ သင်္ဘောလိုင်းက အဆင်မပြေဘူး. . . နောက်ရမယ့်လိုင်းက ငါမကြိုက်ဘူး. . . မကြိုက်သာ မကြိုက်တာပါ၊ ရမရလည်း မသေချာပြန်ဘူး၊ ဘာလုပ်ရမယ်မှန်းတောင် မသိဘူး. . ."

"ဖြစ်တတ်ပါတယ်"

ဟောကင်းက. . . လူကြီးလေသံနှင့် ဝင်မှတ်ချက်ချ၏။

"ဖြစ်တတ်တာကလည်း များ. . . များနိုင်လွန်း"

"အေးပါ. . . ဒါပေမယ့်. . . ဒါကိုလူတွေက. . . ကိုယ်ဖြစ်မှသာ. . . အဲလိုခံစားတာလေ. . . လှည့်ကြည့်လိုက်ရင်. . . ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း မဟုတ်တာကို သိရမှာပါ"

ဟောကင်းကို တစ်ချက်ကြည့်ပြီး မိုးကျော်သူ သဘောပေါက်သလို ငြိမ်သွားသည်။ ဟုတ်သည်လေ။ ဒီလိုပဲ။ လူတွေက ကိုယ် တစ်ခုခုဖြစ်လျှင် ပူလောင်လွန်းတတ်ကြသည်။ why always me ဟု မေးခွန်းထုတ်ချင်စာတတ်သည်။ တကယ်တမ်းကျ. . . လူအားလုံးသည် ကိုယ့်အကြောင်းအရာအခြေအနေနှင့်ကိုယ်. . . တစ်စုံတစ်ခုတော့ ဒုက္ခရောက်နေတတ်သည်ချည်း ဆိုတာကိုသိလျှင် ခံစားရပေါ့သွားနိုင်သည်။ ခုလည်း ကြည့်ပါဦး။ ဟောကင်း၏ဘီးတပ်ကုလားထိုင်များကို ကြည့်ရင်း မိုးကျော်သူ အသံတိတ်သွားရခြင်းဖြစ်သည်။ တစ်ခါတစ်ရံ. . . ရှင်းပြရသည်ထက်ပင် လွယ်ကူသော အဖြစ်များ ရှိနေတတ်၏။

ဒါဆို သေချာတာက မိုးကျော်သူတစ်ယောက်. . . တော်တော်နှင့်မသွားဖြစ်သေး။ ဟောကင်းပြန်လာလောက်မှ သွားရလျှင် အကောင်းဆုံး။ မဟုတ်လျှင်. . . မောင်နှင့် နွယ်နှစ်ယောက်တည်း ပျင်းကျန်ခဲ့ဦးမည်။ အစတည်းကလည်း မောင်နှင့် နွယ်နှစ်ယောက်တည်းပါပဲ။ သို့သော်. . . ကံကြမ္မာက လေးယောက် ဖြစ်စေခဲ့ပြီးမှတော့ နှစ်ယောက်တည်း ပြန်ဖြစ်သွားလျှင် တစ်စုံတစ်ရာ မခံစားဘဲ နေရမှာမဟုတ်။ သံယောဇဉ်နှင့် တွေ့ဆုံမှုသည်. . . ခွဲခွာချိန်တွင် ကြောက်စရာကောင်းသော တစ္ဆေတစ်ကောင်နှင့် ခပ်ဆင်ဆင်တူနေတတ်တာကို လူတွေက သိလျက်နှင့် မေ့ထားကြသည်လေ. . .။

"တော်ပါပြီကွာ. . . ဒီမှာပဲနေပါတော့မယ်"

မိုးကျော်သူက. . . စိတ်ပျက်လက်ပျက် ညည်းညူ၏။ ဒါကို မောင်နှင့်နွယ်က. . . 'ဝေး'ခနဲ ထ,အော်ကြသဖြင့် သူ. . . စိတ်တို



သွားသည်။

"ဪ. . . မင်းတို့က ဒီလိုလား. . . ဟောကင်းကျ သွားစေငါကျ မသွားနဲ့ပေါ့. . . ဟုတ်လား"

"အာ. . . အဲလိုမဟုတ်ဘူး. . . တစ်ယောက်ပြီးမှ တစ်ယောက်သွားပေါ့"

"ဪ. . . ဟောကင်းပြန်လာရင် သွားလို့ရပြီပေါ့. . . ဟုတ်လား"

"အဲလိုလည်း. . . မဆိုလိုပါဘူး"

"ဒါဆို. . . ဘာကိုဆိုလိုတာလဲ"

"ဪ. . . ကျွန်တော်တို့က မိုးကျော်သူဆိုတဲ့သူကို. . . ပိုအလိုရှိတယ်လို့ ဆိုလိုတာပါ"

မောင့်စကားကြောင့်. . . မိုးကျော်သူက မောင့်ကို ရီရီတိတိကြည့်၏။ ဟောကင်းက ရယ်လျက်. . .

"မောင်. . . ဆိုပြီး ငါကစိတ်ပြောင်းရမှာလား. . . မင်းကစိတ်ပြောင်းသွားတာလား"

"ဟာဗျာ"

မိုးကျော်သူစကားကြောင့် မောင် အရှိုက်ထိသွားသည်။ ဟာဗျာ . . . ဟုဆိုကာ ဘာပြောရမှန်းမသိ ဖြစ်နေ၏။

"မရှက်ပါနဲ့. . . မင်းနဲ့က ရှက်ရမယ့်လူတွေမှ မဟုတ်တာ. . . ခင်းကသာ ငါ့ကိုအလိုရှိတာ. . . တချို့လူတွေက ငါ့ကို အလိုရှိချင်မှရှိမှာ. . . ဥပမာ. . . အပြင်က ကောင်မလေးတွေ. . ."

မိုးကျော်သူက. . . နွယ့်ကို တစ်ချက်ကြည့်ကာ. . . မသိချင်



www.burmeseclassic.com

www.burmeseclassic.com

ယောင်ဆောင်ပြော၏။ မြတ်စွာဘုရား နွယ့်. . . အမူအရာတွေကို သူတို့မြင်သွားကြပြီလား။ နွယ်ဟာ. . . ဣန္ဒြေသိက္ခာ မဲ့လောက်အောင် ဘာမှ မကျူးလွန်ရသေးဟု ကိုယ့်ကိုယ်ကို ထင်သည်။ ပြီးတော့. . . အစဉ်အဆက်မှာလည်း နွယ့်ဘက်က ဘာသိက္ခာမှမကျခဲ့ဖူးခဲ့။ ခု. . . နွယ်က ချစ်မိတော့မှပဲ. . . ဣန္ဒြေမဲ့လောက်သော အမူအရာတွေ ရှိနေခဲ့ပြီလား။ မောင်က တစ်မျိုး၊ မိုးကျော်သူက တစ်မျိုး။ မိုးကျော်သူ က ခါတိုင်း ဟောကင်းကို စတတ်ရာမှ. . . နွယ့်ဘက် လှည့်စတာမျိုးပဲ လား။ ဒါမှမဟုတ်. . . နွယ့်ထံမှ တစ်စုံတစ်ရာကို ရိပ်မိသိရှိသွားခဲ့ လို့လား။ နွယ်. . , မျက်နှာပူခေါင်းပူ ဖြစ်ချင်လာသည်။ ရောက်လာ သော သံပုရာရည်ကိုပင် မသောက်ချင်တော့။ သံပုရာရည်ခွက်ကို ကိုင် ကာ ငိုင်နေမိပြန်တော့လည်း အပြောကမလွတ်သဖြင့်. . . ကပျာ ကယာ နှုတ်ခမ်းနှင့်တေ့ကာ မျိုချပစ်လိုက်သည်။

သံပုရာရည်၏အရသာ အေးစိမ့်မှုလွန်ကဲနေသလိုပါပဲလား။

⌘ ⌘ ⌘





## အခန်း (၁၅)

ဟောကင်း မသွားမီညမှာ. . . နွယ်တို့ ဆုံဖြစ်ကြသည်။ ဟောကင်းတို့အိမ်ရှေ့တွင် ခုံများခင်းကာ စားကြသောက်ကြ၊ စကား ပြောကြသည်။ ညကျတော့ မောင်နှင့် မိုးကျော်သူက ဝိုင်. . . သွား ထပ်ဝယ်ရန်ဟုဆိုကာ. . ကားနှင့် ထွက်သွားကြသဖြင့် နွယ်နှင့် ဟောကင်းသာ အပြင်မှာကျန်ခဲ့၏။ မီးရောင်တချို့ ဖြာကျနေ၍ အလင်း ကောင်းကောင်းရသော်လည်း. . . ဟောကင်း၏ မျက်နှာတစ်ခြမ်းက အမှောင်ဘက်ရောက်နေသည်။ သူ့ဘက်က. . . စကားမစသဖြင့် နွယ်. . . စကားပြောရန် စကားစ,ရှာရသည်။ နှစ်ယောက်လုံး ဒီလို တိတ်တိတ်ဆိတ်ဆိတ်ကြီး ဘယ်လောက်ထိ နေနိုင်မှာမို့တုန်း။

"ဟောကင်း"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com


"ဆေးသွားကုတာဆိုတော့. . . ကြာမှာလား"

"အင်း. . . မပြောတတ်ဘူး"

"အင်းလေ. . . ကြာတာ မကြာတာထက်. . . ကောင်းသွားရင် ပြီးတာပဲ. . . နွယ်ကတော့ ဟောကင်းကို ပြန်ကောင်းစေချင်တယ်"

"ငါလည်းကောင်းချင်တာပဲ. . . ဒီလိုနေရတာ. . . လူအား ဖြင့်တော့. . . ကိုယ်လုပ်ချင်တာ လုပ်လို့ရနေသေးတယ် ထင်ရပေမယ့် ကိုယ့်ဟာကိုယ်တော့ အားမရဘူး. . . တစ်ခုခုဖြစ်မှာ မြင်နေလျက်နဲ့ ထ,မဆွဲနိုင်တာမျိုး၊ သူများအကူအညီ လိုနေတာသိလျက်နဲ့ ထ,မကူ နိုင်တာမျိုး. . . အဲဒီနေရာတွေမှာ အရမ်းစိတ်မာတ်ကျရတယ်"

"ခု. . . ကောင်းဖို့သေချာတာပဲ. . . အချိန်ပဲလိုတော့တာ"

"ကောင်းမှဖြစ်မှာပါ. . . ကောင်းမှပါပဲ"

သူ့ဘာသာရေရွတ်ပြီး အသံတိတ်သွား၏။ တစ်မိနစ်လောက် ကြာမှ. . .

"နွယ်. . . "

"ရှင်"

"ကိုယ့်ဘဝမှာ တစ်ခါမှဆုမတောင်းဖူးဘူး. . . ဆုတောင်း တာကိုလည်း မယုံခဲ့ဘူး. . . နွယ်ကော ဆုတောင်းဖူးလား"

"တောင်းဖူးတာပေါ့"

"ဘာဆုတောင်းလဲ"

"အစုံပါပဲ"

"ချစ်သူနဲ့ ပေါင်းရပါစေလား"

ဟောကင်း၏မေးသံက နည်းနည်းလေး နောက်သံပါသော်

လည်း တကယ့် အတည်တချို့လည်း ရောယှက်နေသလို. . .။ နွယ်. . . ပြုံးမိ၏။ မတောင်းဘဲ နေပါ့မလားကွယ်. . .။ လူပဲ. . .။ဒါပေမယ့်. . . အဲဒီဆုဟာ. . . လူတစ်ယောက်ကို တကယ်ချစ်မိမှ တောင်းတတ်လာ တယ်ဆိုတာတော့ သိဖို့လိုတာပေါ့။

"အရင်ကတော့ မတောင်းဖူးဘူး၊ ခုတော့. . . တောင်းတယ်"

နွယ့်အဖြေကြောင့် ဟောကင်းက နွယ့်ကို တစ်ချက် စူးစူးနစ် နစ်ကြည့်၏။

"ဒါဆို. . . ကိုယ့်အတွက်ပါ တောင်းပေးပါလား"

"ဘယ်လို တောင်းပေးရမှာလဲ"

"နွယ်တောင်းသလိုပဲပေါ့. . . ကိုယ်လည်း ကိုယ်ချစ်တဲ့သူနဲ့ ပေါင်းရပြီး ကိုယ့်ချစ်သူရှေ့က. . . မားမားမတ်မတ် ရပ်တည်နိုင်တဲ့သူ ဖြစ်ချင်လို့. . . "

နွယ်. . . ဟောကင်းကို သေချာကြည့်မိသည်။ ဟောကင်းက ကောင်းကင်ကို မော့ကြည့်နေ၏။ ချစ်သူရှေ့က မားမားမတ်မတ် ရပ် တည်နိုင်တဲ့သူ ဖြစ်ချင်လို့. . . တဲ့။ ရှင့်ချစ်သူက ဘယ်သူများလဲ။ ကျွန်မ က ဘယ်လိုအားအင်တွေနဲ့ ဆုတောင်းပေးရမှာတဲ့လဲ။

သို့သော်. . . ချစ်ခြင်းသည် ထူးဆန်းပါသည်။ ကိုယ်ချစ်သော သူ၏ဆန္ဒတိုင်းကို ကိုယ်နှင့် သက်ဆိုင်ဆိုင် မဆိုင်ဆိုင် ဖြည့်ဆည်းပေးချင် နေတတ်၏။ ခုလည်း. . . နွယ်. . . သူဖြစ်ချင်တာကို ဆုတောင်းပေးဖို့ ကတိပေးလိုက်မိသည်။

"စိတ်ချပါ. . . နွယ်ဆုတောင်းပေးပါ့မယ်. . . နွယ့် ဆုတောင်း နဲ့အတူ ဟောကင်းအတွက် ဆုတောင်းလည်းပြည့်ပါစေလို့ နွယ် ဆန္ဒ



www.burmeseclassic.com

www.burmeseclassic.com



ပြုပါတယ်"

"ကျေးဇူးတင်တယ်နွယ်. . . ကိုယ်ပြန်လာရင် အရေးကြီးတဲ့ ကိစ္စတစ်ခုကိုလုပ်ရဦးမယ်. . ."

"အဲဒါ ဘာလဲဟင်"

လာပြန်ပြီ၊ အရေးကြီးတဲ့ကိစ္စတဲ့။ ဟောကင်းက မဖြေ။ ခေါင်းသာခါ၏။

"အဲဒါပြန်လာရင်. . . နွယ်လည်း သိရမှာပါ"

"နွယ်လည်း သိရမှာ. . ."

"အင်း. . . နွယ်လည်း သိရမှာပါ. . ."

နွယ်. . . ခေါင်းလေး ညိတ်ပြရုံကလွဲလို့ ဘာမှ မတတ်နိုင်ပါ။ နွယ် တတ်နိုင်တာကိုတော့ နွယ် ပြောဖြစ်သည်။

"ဟိုရောက်ရင်. . . အဆက်အသွယ်တော့ လုပ်နော်"

"လုပ်မှာပါ. . . ဖုန်းအဆင်ပြေရင် ဖုန်းဆက်မယ်. . . e-mail က ပိုအဆင်ပြေမယ်. . . e-mail မှန်မှန်ပို့မယ် ဟုတ်ပြီလား"

"အင်း. . . နွယ်လည်း ဒီကအကြောင်းတွေ ပြောပြမယ်နော်၊ ဟောကင်း သိချင်ပါ့မလား"

"သိချင်တာပေါ့. . . ဘာလို့မသိချင်ရမှာလဲ. . . ဒါ . . . ကိုယ့်အလုပ်၊ ကိုယ့်မိသားစုပဲဟာ. . ."

"မသိဘူးလေ. . . ဟိုမှာက. . . ဟောကင်းမောင်နှမတွေနဲ့ တွေ့ရမှာလေ. . ."

"ဒီမှာလည်း. . . မောင်နှမလောက်နီးနီးလူတွေကို ထားခဲ့ရမှာလေ"





မောင်နှမလောက်နီးနီးတဲ့. . .။

ဒီကတည်းက. . . မောင်နှမ,မဟုတ်တာ သေချာနေသည်။ ထိုသေချာမှုကို နွယ်က. . . မျှော်လင့်ချက်တစ်ခုနှင့် ဝမ်းမြောက်ရမည်လား။ ခံစားချက်တစ်ခုနှင့် ဝမ်းနည်းရမည်လား မဝေခွဲတတ်. . .။

"နွယ့်ကိုလည်း. . . မှာစရာရှိသေးတယ်"

"ပြောလေ. . ."

"နွယ့်ကြည့်ရတာ. . . ခုတလော fit မဖြစ်ဘူး၊ ကျန်းမာရေး ဂရုစိုက်ဦး"

"နွယ်. . . ဘာမှမဖြစ်ပါဘူး"

"ဘာမှမဖြစ်ဘူးသာ ပြောတာ. . . လူက အရင်နဲ့တူလား"

"မတူတော့ မတူဘူး. . . ဒါပေမယ့်ခဏပါ"

စိတ်ထဲမှာတော့ 'အဲဒါ. . . ရှင့်ကြောင့်ဖြစ်တာ၊ ပြီးရင် အားလုံးကောင်းသွားမှာပါ မပူပါနဲ့. . .'ဟုပြောနေမိသည်။

"ငါပြန်လာရင်. . . ကျန်းမာနေတာပဲ မြင်ချင်တယ်. . .၊ ငါလည်း ကျန်းကျန်းမာမာနဲ့ ပြန်လာမှာ"

"စိတ်ချပါ"

"လိုအပ်ရင် အားဆေးလေး ဘာလေးသောက်. . ."

"ဟုတ်. . ."

ပြောပြီးကာမှ. . . နွယ့်ပုံစံက ဒီလောက်တောင် လိုအပ်နေပုံပေါက်နေပြီလားဟု တွေးမိသည်။ မူးတာ၊ မောတာကတော့ အပရိက ဖြစ်စဉ်တွေသာ. . .။ လူတစ်ယောက် စိတ်ခံစားမှု မြင့်လာလျှင် ဖြစ်တတ်သောအရာများဟု နွယ်က ယုံထားသည်။ စိတ်ပြေသွားသည်



www.burmeseclassic.com

www.burmeseclassic.com



နှင့်တစ်ပြိုင်နက်. . . နေလို့ထိုင်လို့ ပြန်ကောင်းလာသည် မဟုတ်လား။

ခဏနေတော့ မိုးကျော်သူနှင့် မောင်ပြန်ရောက်လာသည်။

"ကြာလိုက်တာ. . ."

"မဟုတ်ဘူး. . . ဝိုင်တင်မကာဘူး. . . ငါးကြော်ပါ စားချင်လို့ ရှာတာ. . . မရှတာနဲ့ fish & chips ပဲ ဝယ်လာတယ်. . ."

fish & chips ဆိုသောစကားကြောင့် မောင်နှင့် မိုးကျော်သူ ကြာနေတာကို ခွင့်လွှတ်လိုက်သည်။ ဟောကင်းက မောင့်ကိုမှာ၏။

"မောင်မောင်. . . အပြန်ကားမောင်းမှာ မဟုတ်လား"

"အင်းလေ. . ."

"သိပ်မသောက်နဲ့ ဝိုင်ကတရိပ်ရိပ်နဲ့ တက်တာ. . ."

"ရပါတယ်. . . အေးဆေးပါ. . ."

"မရနဲ့. . . နွယ် မောင်းမယ်"

နွယ် ဝင်ပြောလိုက်တော့မှ. . . မောင်ကျေနပ်သွား၏။

"ကောင်းတယ်. . . မောင်း" တဲ့။

ဟောကင်းကတော့ နွယ်ကားမောင်းတာကို မကြိုက်။ ဒါက လည်း သူ့အကြောင်းနှင့် သူရှိမည်။ သူ့ညီမ Simple လိုပင် မြင်နေမိ လို့လားမှ မသိပဲ။ ခုတော့. . . မောင်က မူးနေမှာမို့. . . နွယ့်ကို ဘာမှ မပြော။ ထိုညက. . . နွယ် ကားမောင်းပြီး မိုးကျော်သူကိုပါ. . . ပြန်ပို့ ခဲ့ရသည်။

နောက်တစ်နေ့ လေဆိပ်လိုက်ပို့တော့လည်း နွယ်ပဲ မောင်း သည်။

"ဟဲ့. . . ငါမောင်းမယ်လေ"





"ရတယ်. . . ငါမောင်းချင်လို့. . ."

"ဘာလဲ. . . အရှိန်တက်သွားလို့လား"

"ငါ အရှိန်တက်တာကော. . . နင် အရှိန်မပြေမှာစိုးတာ ရော . . ."

"အေးဟ. . . ခေါင်းထဲ အုံတုံတုံနဲ့. . ."

မောင်. . . ဝန်ခံရှာသည်။ မိုးကျော်သူကတော့ ဘာမှဖြစ်ပုံ မပေါ်။

"ဒီလောက်လေးများ ဖြစ်ရတယ်. . . မောင်မောင်ရာ. . ."

ဟုပင် မောင့်ကို ပြောနေသေးသည်။

ဟောကင်းထံရောက်တော့. . . နွယ်မောင်းလာတာမို့ တအံ့ တသြနှင့်. . .။

"မောင်မောင် ဘာဖြစ်လို့လဲ"

မောင်က. . . ဘေးကနေခေါင်းကို လက်ညှိုးနှင့် ထိုးပြကာ လက်ခါပြလိုက်၏။ ခေါင်းမကြည်ဘူးဆိုသော သဘော။ အမှန်က မောင်,မောင်းလည်းရသည်ပင်. . .။ မောင်က သိက္ခာကျခံကာ. . . နွယ့်ကို ပေးမောင်းခြင်းဖြစ်သည်။

ပစ္စည်းတွေတင်ပြီး ကားပေါ်နေရာယူတော့. . . မောင်က ဟောကင်းကို ရှေ့မှာထိုင်စေသည်။ အရင်ကလည်း ဟောကင်းက မောင် နှင့်အတူရှေ့မှာ ထိုင်တာများသည်။ မိုးကျော်သူပါမှသာ နောက်မှာ အတူထိုင်တတ်၏။

လေဆိပ်ရောက်တော့လည်း မောင့်ကိုယ်စား နွယ်ကပဲ. . . လိုအပ်သည်များကို လိုက်လုပ်ပေးသည်။ ကဲ. . . ကြည့်။ ဒီလိုကျ. . .



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာ မောလို့တုန်း။ မူးလည်းမမူး။ လန်းပင်လန်းနေသေးသည်။ နွယ်. . . ဟောကင်းကိုကြည့်မိသည်။ necktie တပ်မထားသည်မှ လွဲ၍. . . ဟောကင်းက နွယ်ပေးသော နာရီကိုပတ်ထားသည်။ နွယ်ပေးသော ဘောလ်ပင်ကို ရင်ဘတ်မှာ ချိတ်ထားသည်။ နွယ်ဖြစ်စေချင်တာကလည်း ဒီလိုပါပဲ။ ဒါမှ. . . ဟောကင်းနှင့်အတူ နွယ်ပါသွားသည်ဟု ခံစားရနိုင်မှာဟုထင်သည်။

လေယာဉ်ထွက်ချိန်က လိုသေးသဖြင့် နွယ်တို့ လေဆိပ်ကော်ဖီဆိုင်တွင် ထိုင်စကားပြောရန် စီစဉ်ကြသေးသည်။ ဘီးတပ်ကုလားထိုင်ဖြင့် အပေါ်ကို မတင်နေရာမှာစိုးသောကြောင့် အောက်မှာပဲ ထိုင်စကားပြောဖြစ်ကြ၏။

"ငါ့အလှည့်ကျရင်လည်း. . . ဒီလိုပဲ လိုက်ပို့ရမှာပဲ"

"အာ. . . စိတ်ချ. . . မိုးကျော်သူအလှည့်ကျရင် ကားက ဒီ့ထက် များစေရမယ်"

"ခွေးသူတောင်းစား"

မောင့်စကားကြောင့် မိုးကျော်သူ ပြစ်ပြစ်နှစ်နှစ် ဆဲ၏။

"ဗျာ. . . ကျွန်တော်ဘာပြောမိလို့လဲ. . . တစ်ရုံးလုံး ပို့ရအောင် စီစဉ်ပေးမယ်ပြောတာ"

"အေးပါ. . . တော်တော် စကားတတ်နေတယ်. . . ဟုတ်လား၊ ကြက်တူရွေးမလင် လုပ်ပါလား"

ကြုံကြုံဖန်ဖန်ပြောသော. . . မိုးကျော်သူ၏စကားကြောင့် သူတို့ရယ်မိကြသည်။ ရယ်စရာတွေ၊ ပေါက်ကရတွေချည်းပြောနေမိကြတာ. . . ဟောကင်း အထဲဝင်သွားတော့မှ တိတ်တော့၏။ တိတ်မယ့်





တိတ်တော့လည်း အသံကိုမကြားရတော့။ အတွေးကိုယ်စီနှင့် ငြိမ်သက်နေမိသည်။ လေယာဉ်ပေါ် သူ ဘယ်လိုတက်မလဲမသိဟု တွေးနေသောနွယ့်ကို သူတို့ အပေါ်ခေါ်သွားကြသည်။ စောစောက မတက်ဖြစ်ခဲ့သော ကော်ဖီဆိုင်မှ လေယာဉ်ကို လှမ်းကြည့်ရန်ဖြစ်သည်။

"ပြန်တော့မယ်"

နွယ့်စကားကြောင့် နှစ်ယောက်သား တအံ့တသြနှင့် ကြည့်ကြ၏။

"ဘာဖြစ်လို့လဲ. . . လေယာဉ်ထွက်တဲ့ထိ မနေတော့ဘူးလား"

"ဘယ်သူ့ ဘယ်သူမှလည်း မြင်ရတာ မဟုတ်ဘဲနဲ့. . . "

"ဘာဖြစ်လဲ. . . စိတ်မှန်းနဲ့ပေါ့. . . "

"နွယ်. . . မနေချင်တော့ဘူး. . ပြန်ချင်ပြီ. . . "

"မဂျီးပါနဲ့နွယ်ရာ. . . သူသိရင် စိတ်ကောင်းမလား"

"သိမှ မသိနိုင်တာ. . . "

သို့သော်. . . နှစ်ယောက်တစ်ယောက်မို့ နွယ်အရှုံးပေးလိုက်ရသည်။ လေယာဉ်ထွက်သည်ထိ နေဖြစ်သော်လည်း နွယ်. . . ဟောကင်းကို လူစုထဲမှာ၊ မရှာဖြစ်၊ လက်မပြဖြစ်။ ဟောကင်းကို လေယာဉ်မောင်တစ်ယောက်က ဖေးမ,ခေါ်ဆောင်သွားတာတော့ ထင်ရှားနေတာမို့ မြင်လိုက်ရသည်။

အပြန်လမ်းသည် သွေ့ခြောက်တိတ်ဆိတ်လွန်းသည်။ ဘယ်သူမှ စကားမပြောကြ။ နွယ်လည်း မောင်းလာပြီး အတော်ကြာမှ ကားကိုသမ်းဘေး ကပ်ရပ်လိုက်သည်။ ရင်ထဲ ဆို့နင့်စွာ မောဟိုက်မူးဝေလာ၍ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲ နွယ်"

"ငါ. . . မောလာလို့. . . မူးလည်း မူးလာတယ်"

"နင့်ပဲအားကျပါတယ်. . . မသောက်ရဘဲ မူးမူးနေတာ"

မိုးကျော်သူက ဝင်နောက်၏။ မောင်နှင့်နွယ် နေရာချင်းလဲပြီး ကားဆက်မောင်းလာသည့်တိုင် အသံမကြားရ။ မိုးကျော်သူလို လူပင်. . . ဘာလို့တိတ်နေမှန်း မသိ။ မောင်ကလည်း ဘာလို့မှန်းမသိ ကားကို အရှိန်မြင့်မောင်းနေသည်။ နွယ်လည်း. . . ကြောက်ရွံ့၍တား လိုလျက်က မတားဖြစ်။ အသံကထွက်မလာ။ ကားများ၏ တဝိုးဝိုးအသံ ကလွဲ၍ ဘာမှမကြားရ။ အလုပ်ခန်းရှေ့ရောက်၍ ကားတံ့ခနဲ ရပ်သွားမှ အားလုံး သတိဝင်လာသလို ဖြစ်သွားသည်။

စုစုတို့က အထဲက ထွက်လာကြိုရင်း. . .

"လေယာဉ်ထွက်သွားပြီလား"

"အေး"

မိုးကျော်သူက တိုရေရှားရေဖြေ၏။ အထဲရောက်တော့မှ အလုပ်ကိစ္စတွေ လာပြောကြဆိုကြနှင့် အသံတွေ ပြန်ကြားလာရသည်။ တိတ်ဆိတ်ခြင်းဆိုသောအရာသည် အလွန်ကြောက်မက်ဖွယ်ကောင်းလှသည်ကို အသံတွေပြန်ကြား၍ နေသာထိုင်သာပြန်ရှိသွားမှ ပိုသိလာရသည်။ မောင်နှင့် မိုးကျော်သူကတော့ သူ့နေရာသူထိုင်ကာ. . . အလုပ်ကိစ္စတွေ ပြောလိုက်လုပ်လိုက်နှင့် တကယ်ပဲ အသားပြန်ကျသွားတာလား၊ အသားကျသွား ဟန်ဆောင်နေကြတာလား မပြောတတ်။ နွယ်တစ်ယောက်မှာသာ ကွန်ပျူတာဖန်သားပြင်ပေါ်မှ စာရင်းဇယားကွက်များနှင့် ငွေစက္ကူတွေကို ညှိနှိုင်းပေးဖို့ စိတ်မပါ ဖြစ်နေရသည်။





နားထဲတွင် လေယာဉ်သံတချို့ကြားနေရ၏။ ကွန်ပျူတာဖန်သားပြင်ပေါ်မှာတော့ တိမ်လိပ်ဖြူဖြူတွေကြား ထိုးတက်ပျောက်ကွယ်သွားသော လေယာဉ်တစ်စင်း. . .။ ထိုကွန်ပျူတာဖန်သားပြင်ရှေ့တွင်တော့. . . လပ်ဟာနေသော ရင်ခွင်တစ်စုံနှင့် နွယ်. . . .။

အို. . . ဟောကင်း ပြန်လာခဲ့ရင်ကော. . . နွယ့် လပ်ဟာမှုတွေက ပြည့်လာမှာမို့လားကွယ်။ ဆုတောင်းတိုင်း ပြည့်မည်ဆိုလျှင်တောင်. . . နွယ်ဆုတောင်းနှင့် သူ့ဆုတောင်း ထပ်တူကျဖို့က မသေချာ။

သေချာတာကတော့ နွယ်. . . လွမ်းနေရဦးမည်ဆိုတာပင်။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ဟောကင်းထွက်သွားပြီး နောက်နှစ်ရက်အကြာတွင် ဖုန်းလာသည်။ သူ... အဆင်ပြေချောမောစွာ ရောက်ရှိကြောင်း။ နောက်တစ်ပတ်ကြာတော့... email ရောက်လာသည်။ Simple နဲ့ Simon ကပေးသော ပစ္စည်းများအတွက် ကျေးဇူးတင်ကြောင်းနှင့် လောလောဆယ် ဆေးစစ်မှုများလုပ်နေရကြောင်းတွေပါသည်။ အားလုံးကို ရည်ညွှန်းသော emailတွေက... ရက်ခြားဆိုသလို ရောက်တတ်သည်။ နွယ့်အတွက် သီးသန့်တော့ မပါ။ အင်းလေ... နွယ်က...သူ့အတွက် သီးသန့်မှ မဟုတ်သေးဘဲ။

ဒီကြားထဲ... စွမ်းသော်ဆိုသူက ရောက်လာပြန်သည်။

"ဟိုလူ... မရှိတော့ဘူး မဟုတ်လား၊ ကောင်းတယ်... အလကား၊ လူရှုပ်..."





နွယ့်မှာ သည်းခံချင်စိတ်က မရှိတော့။ နဂိုကမှ... ကြည့်မရချင်ရတဲ့ထဲ...။ ဟောကင်းကို ခုလိုလာပြောတော့ ပိုဆိုး၏။

"ရှင်ဘယ်သူ့ကို... ပြောတာလဲ"

"ဘယ်သူရှိမလဲ... Steven ဆိုတဲ့လူလေ၊ သူတော်ကောင်းယောင်ဆောင်ထားနေတဲ့သူ..."

"ရှင့်ထက်စာရင် အဲဒီလူက လူတော်ပါ... သူတော်ကောင်းဆန်တယ်၊ ရှင့်လို မရှုပ်ဘူး၊ တွေ့ရာလူ မသာယာတတ်ဘူး... ရှင် ခု လှည့်ပြန်ရင် ကောင်းမယ်ထင်တယ်..."

"သြော်... ဒီလူက နွယ့်ကိုလည်း တော်တော် နားချထားပြီ ထင်တယ်"

"ဘာမှ နားချစရာမလိုဘူး၊ ရှင့်အကြောင်းကို ကျွန်မကော သိတယ်"

ဒါတောင်မှ ထိုသူက လက်မလျှော့၊ ထပ်ပြောရန်ပြင်ဆဲ... မိုးကျော်သူ ရောက်လာသည်။

"မိနွယ်... ဘာဖြစ်နေတာလဲ"

"ဒီမှာ... ဟောကင်းကို မဟုတ်တာတွေ လာပြောနေလို့"

မိုးကျော်သူက... ထိုသူကို ခြေဆုံးခေါင်းဆုံး အစုန်အဆန် သေသေချာချာကြည့်၏။ ပြီးမှ...

"ခင်ဗျားကြည့်ရတာတော့... ယောကျ်ားနဲ့တော့ တူတာပဲ"

"ဘာဗျ"

"သြော်... ကြည့်ရတာတော့ ယောကျ်ားနဲ့တော့ တူတယ်။ ဒါပေမယ့်... ယောကျ်ားဟုတ်ပုံမပေါ်ဘူးလို့ပြောတာ... မင်းသတ္တိ



www.burmeseclassic.com

www.burmeseclassic.com


ရှိရင် လူချင်းယှဉ်ချပါလား. . . ဘာမဟုတ်တာတွေ လာပြောနေတာလဲ"

"ခင်ဗျားနဲ့ ဘာဆိုင်လဲ. . ."

"ဆိုင်တာသိချင်ရင် ရှေ့တိုးခဲ့. . . လာ. . ."

မိုးကျော်သူက လွယ်ထားသောအိတ်ကို ထုံးစံအတိုင်း စုစုစားပွဲပေါ် ဝုန်းခနဲ ပစ်တင်လိုက်ရင်း. . . ရှေ့တိုးလာသဖြင့် အစွမ်းမတော်သော စွမ်းသော်တစ်ယောက် မိန်းမကြီးများလို ပွစိပွစိ ရေရွတ်ရင်း ထွက်သွားတော့သည်။

"အလကားကောင်. . . ထဘီ ပတ်ပေးထားရမယ်. . ."

စုစုက ရယ်ရင်း ဝင်ပြော၏။

"ထဘီပတ်ပေးရမှာတောင် မိန်းမတွေ သနပါတယ်. . ."

"ဘာမှ မပါရင်တော့ ဘယ်ကြည့်ကောင်းပါ့မလဲ. . . ခွေးတွေဟောင်ကုန်မှာပေါ့. . ."

"အာ. . . ကိုမိုးကျော်သူကြီးကလဲ. . ."

စုစု. . . ရှက်ပြီး ထ,ပြေးတော့မှ မိုးကျော်သူ နွယ်နှင့်အတူ အတွင်းဘက်ခန်းထဲ လိုက်ဝင်လာသည်။

"ဒီကောင်က. . . ဟောကင်း မရှိတော့မှန်းသိမှ လာတယ်ပေါ့. . . ဘာသဘောလဲ"

"ဘာသဘောလဲ မသိပါဘူး၊ သိတာက သူက Simple တို့သွားပြီး ကယ်တင်ခဲ့ဖူးတဲ့. . . နုသဇင်ရဲ့ အစ်ကိုတစ်ယောက်ရဲ့ သူငယ်ချင်းလို့ ဟောကင်း ပြောဖူးတယ်"

"ဪ. ... ဟောကင်းနဲ့ သိတယ်ပေါ့. . ."

"သိတယ် မဟုတ်ပါဘူး. . . ပြဿနာရှာဖူးတာ"

"ဪ. . ."

မိုးကျော်သူက. . . 'ဪ'ဟုဆိုကာ. . . တစ်စုံတစ်ရာကို စဉ်းစားသလို မျက်မှောင်ကြုတ်ကာ စဉ်းစားနေ၏။ ပြီးမှ. . . မှတ်ချက်ချသည်။

"ဆန်းတယ်"တဲ့။

"ဘာဆန်းတာလဲ. . ."

"နှင်နဲ့ Simple က ဘဝတူမို့. . ."

"အင်းနော်. . ."

"ဒါပေမယ့်. . . ဟောကင်း နှင့်ကို စိတ်ဝင်စားသွားတာကတော့ Simple နဲ့ ဘဝတူမို့ မဟုတ်လောက်ဘူး"

"ရှင်"

နွယ့်မှာ မျက်လုံးအပြူးသားနှင့် တအံ့တသြဖြစ်သွားရသည်။ နွယ့်ပုံစံကိုမြင်မှ. . . မိုးကျော်သူ ခွီးခနဲ ရယ်ချလိုက်ကာ. . .

"အာ. . . ငါ ပြောမိသွားပြီထင်တယ်နော်"

"ဘာကိုလဲ"

"ငါဘာမှ မပြောခဲ့ဘူးဆိုရင်လည်း နှင်လက်ခံတော့မှာ မဟုတ်ဘူး. . . မထူးတော့ပါဘူး. . . ငါမပြောသလိုဘဲ သဘောထားပြီး နားထောင်လိုက်ပါ. . ."

သူ့စကားကြောင့် နွယ်ရယ်မိ၏။

"တစ်ယောက်တည်းကို ရှုပ်နေတာပဲ. . ."

"အေး. . . တစ်ယောက်တည်း ရှုပ်နေမှာစိုးလို့ နှင့်ပါခေါ်



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်မလို့"

"အာ"

"ဘာလဲ. . . နင် မသိချင်ဘူးလား"

"အင်း. . . သိချင်တာပေါ့"

မိုးကျော်သူက နွယ့်ကိုရယ်၏။ မတတ်နိုင်. . . နွယ်လည်း တကယ်သိချင်တာကိုး. . .။

"ဟိုကောင်လေ. . . နင့်မောင်ပြောပြောနေတဲ့ microchip အသစ်နဲ့လူက microchip လဲထည့်လိုက်သလို ဖြစ်သွားတာ နင်သိလား"

"ဟင့်အင်း"

"နင့်ကြည့်ရတာ အဲဒီလောက်မတုံးပါဘူး၊ နင်ပဲ လဲထည့်ပေးလိုက်တာ မဟုတ်လား"

"အာ. . . မဟုတ်ပါဘူး"

နွယ်. . . ကဗျာကယာပြင်းရ၏။ နွယ်. . . ဟောကင်းကို တစ်ကြိမ်တစ်ခါမှ၊ တစ်ရံတစ်ဆစ်မှ မဖျားယောင်းခဲ့ဖူးတာ သေချာသည်။

"နင့်ကိုတော့ ချီးကျူးပါတယ်. . . ဟောကင်းလိုကောင်ကို အသစ်ဖျက်လုပ်လိုက်သလို ပြောင်းလဲသွားစေတာ"

"ဟင်. . . ဘာမှလည်း မပြောင်းလဲပဲနဲ့"

နွယ့်ဘက်က ကြည့်တာတော့ ဘာမှထူးခြားမှု မရှိ။ ဟောကင်းကပဲ နေတတ်လွန်းတာလား၊ တည်ငြိမ်လွန်းတာလား၊ နွယ်ကပဲ ညံ့တာလား မသိ။ အနည်းငယ်. . . ညီမတစ်ယောက်ပမာ နွေးထွေးဝရုစိုက်တာကလွဲလျှင် နွယ့်အတွက် သေချာမှုတစ်ခုမှ မခံစားရ။



"ဒါက နင်က မသိဘူးလေ. . . ငါတို့တွေ ငယ်ငယ်တည်းက ပေါင်းလာတဲ့ကောင်မို့သိတယ်"

"မောင့်ကော. . ."

"မောင်မောင်ဆိုတဲ့ကောင်ကလည်း လူညံ့ပါ. . . တော်တော်ကြာမှ ရိပ်မိတာ၊ ရိပ်လည်းရိပ်မိကော သူ့ညီမ Simple နာမည်ကို ပါးစပ်ဖျားက မချတော့ဘူး၊ ဒါနဲ့ပဲ ဟိုကပိုပြီး မလှုပ်ရဲတော့တာ၊ ဒါပေမယ့် ငါနင့်ကို တစ်ခုကျေးဇူးတင်တယ်. . . သိလား"

"ဘာလဲ. . . နွယ့်ကို ကျေးဇူးတင်တယ်"

"ဟုတ်တယ်. . . ဒီကောင့်ကို ကုပေးဖို့ ဟိုကခေါ်နေတာ ကြာပြီ၊ ဒါကို အကုန်အကျတွေတွက်ပြီး ဘာမှမလှုပ်ဘူးလေ. . . ခုကျမှ နင့်ရှေ့က မားမားရပ်ချင်တဲ့သူ ဖြစ်ချင်သွားတာနဲ့ပဲ၊ သူ့မှာ အလုပ်တွေကြုံးလုပ်၊ ပိုက်ဆံရှာ၊ ဟိုမှာဆေးကုဖို့သွားတာ၊ အမှန်ကသူ့အဖေ အမေက သူ့ကို ကုစေချင်နေတာကြာလှပြီ. . . ခုတော့ သူ့အမေကလည်း နင့်ကို ကျေးဇူးတွေတင်လို့. . . ဟီဟိ. . . ရယ်ရတယ်"

ရယ်လည်း မရယ်ရပါပဲနှင့် မိုးကျော်သူက. . . နွယ့်ကို မခံချင်အောင်ပြောနေသဖြင့် နွယ် မျက်စောင်းထိုးပစ်လိုက်၏။

"ဟား ဟား ဟား"

နွယ့်ကိုကြည့်ကာ ရယ်ပြန်သည်။

"ဘာရယ်တာလဲ. . ."

"နင့်ကို ရယ်တာ. . . အဲဒီပဲမျိုးက ဟောကင်းသွားကျွေး. . . သူပဲစားမယ်. . . ငါကတော့ရယ်မှာပဲ"

"မိုးကျော်သူနော်. . ."



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ်. . . မိုးကျော်သူပါ. . . ဂျိန်အဲ မဟုတ်ပါဘူး"

နွယ်. . . ပြန်ဟန့်လိုက်ရသည်။ နွယ့်သိလိုမှုက မဆုံးသေး။

"ကဲ. . . ထားပါ. . . နွယ်မေးချင်တာ ရှိသေးတယ်"

"အလကားရမလား information ခေတ်ကြီးမှာ"

အရေးထဲ တစ်စခန်းထလာပြန်သည်။ ဒီတစ်ခါတော့ မိုးကျော်သူ မျက်စိကျသွားတာက နွယ့်ထမင်းချိုင့်။ ချိုင့်ထဲမှာက ပုစွန်ထုပ်ဟင်းပါသည်။ အချဉ်ဟင်းပါသည်။ ဗလာချောင်ကြော်ပါသည်။

"နင့်ထမင်းချိုင့် ငါ့ပေးစားပါလား. . . ငါ နင့်ကို နင်စားချင်တာ ဝယ်ကျွေးမယ်"

"စားပါ. . . အမယ်လေး ဝယ်ကျွေးမယ်တဲ့၊ ဘုရားပွဲတော့ မယ်ထင်တယ်"

မိုးကျော်သူထံမှ တစ်သက်တစ်ကိုယ် ကြားဖူးသော 'ဝယ်ကျွေးမယ်' ဆိုသောစကားကြောင့် နွယ်. . . အံ့သြမိတာ မဆန်း။

"အံ့သြမနေနဲ့. . . နင့်ကြည့်ရတာ လူရုပ်မပေါက်ဘူး. . . ဒီကြားထဲ ငါက အနိုင်ကျင့်ပြီး ထမင်းချိုင့်လုစားလို့ နင်မစားရပါဘူးဆိုရင် လူကြားလို့ မကောင်းဘူး၊ ဒါကြောင့် ဘဝမှာ လက်ကိုင်ထားတဲ့ ခံယူချက်လေး အပျက်ခံပြီး ကျွေးတာ. . ."

"တကယ်ဆိုရင်. . . နွယ်. . . အသားလုံးမြူစွမ် စားချင်တယ်"

"အဲ. . . ဝယ်ကျွေးမယ်ပြောတာနော်. . . အအေးခံပြီး ဂရုတစိုက်လုပ်ပေးမယ့်လူတော့ မရှိဘူး"

"အရေးထဲ. . . ကဲပါ. . . ပြောပါဦး"

"နင်. . . မမေးရသေးဘူး"





"အင်း. . . ဟုတ်သားပဲ. . ."

နွယ်လည်း ကိုယ့်ဘာသာကိုယ် စိတ်တွေ လောနေမိတာကို သွားသတိရကာ ကိုယ့်ကိုယ်ကိုပြုံးမိ၏။

"ဟောကင်းပြန်လာရင်. . . လုပ်မယ့် အရေးအကြီးဆုံးအလုပ်ဆိုတာနဲ့ ဖြစ်ချင်တဲ့ဆန္ဒတစ်ခုဆိုတာ. . ."

"အတူတူပဲ"

မိုးကျော်သူက ထမင်းတွေ ပါးစပ်ထဲအပြည့်နှင့် ဖြေ၏။

"အင်းလေ. . . အတူတူပဲဆိုရင် ဘာလဲဆိုတာပါ ပြောလေ"

"ဟင်. . . တုံးပါ့. . . ဘာဖြစ်ရမှာလဲ. . . နင့်ကို ရည်းစားစကားပြောမှာပေါ့"

မျှော်လင့်ထားပါသော်လည်း ခုလို မိုးကျော်သူထံမှ တဲ့တိုးစကားကို ကြားလိုက်ရတော့ နွယ်. . . အပျိုဖြန်းကလေးတစ်ယောက်လို ရှက်သွားရသည်။ သို့သော်. . . မိုးကျော်သူ၏ နောက်ဆက်တွဲစကားက နွယ့်ရှက်သွေးများကို တစ်စစီ လွင့်စင်သွားစေသည်ထိ ကြောက်စရာကောင်းသွားရ၏။

"နင်. . . ငါ့သူငယ်ချင်းကိုတော့ အရင်လူတွေလို မရက်စက်ခဲ့နော်"တဲ့။

ဒါ. . . နွယ့်အရိပ်မည်းပါပဲ။ နွယ်မမှားခဲ့တာ သိသိကြီးနဲ့ အခြားသူတစ်ယောက်ဆို ဒီလိုပြောချင်မှ ပြောမှာဖြစ်သော်လည်း လုံးဝအပြစ်ကင်းစင်သော ဟောကင်းအတွက်မို့ မိုးကျော်သူ ဒီလိုပြောတာဖြစ်သည်ကို နားလည်လျက်က နွယ်. . . မျက်ရည်ဝဲရသည်။

နွယ်ငြိမ်သွားသဖြင့် မိုးကျော်သူ လှမ်းကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟင်. . . မိနွယ်. . . နင်ငိုနေတာလား"

". . . . ."

"မငိုနဲ့ တိတ်တိတ်. . . နင့်မျက်ရည်ကျရင်. . . ဆန်ရေစပါး ရှားနေဦးမယ်"

အရေးထဲမှာတောင် စကားကောင်းက မပြော။ နွယ်. . . အော်ငိုချင်လာသည်။ ဒီတော့မှ မိုးကျော်သူက တောင်းပန်၏။

"ငါ နင့်ကို အပြစ်ပြောတာမဟုတ်ဘူး နွယ်. . ."

"နွယ် သိပါတယ်"

"အေး. . . ဟောကင်းက နင့်ကို တကယ်ချစ်တာ"

နွယ်. . . ရင်ထဲ နင့်နေအောင်ပြုံးမိ၏။ နွယ့်မှာကော. . . 'နွယ်လည်း ဟောကင်းကို တကယ်ချစ်မိတာ' လို့ ပြောခွင့်ရှိပါသလား။ နွယ်တစ်စုံတစ်ယောက်ကိုမှ ထိခိုက်နစ်နာအောင် မလှည့်စားခဲ့ဘူးတာ သေချာသည်။ သူတို့၏လှည့်စားမှု၊ ပြောင်းလဲမှုများကြောင့်သာ နွယ်. . . နာမည်ပျက်ခဲ့ရသည်ပဲ။ ဒါတွေကို နားအလည်ပေးနိုင်ဆုံး အနားကလူကတောင် ဒီလိုစကားမျိုးထွက်သည်ဆိုတော့. . .။ နွယ့်မှာ ထပ်ပြောစရာစကား မရှိ။

"ငါလည်း နင့်ကိုနားလည်ပါတယ်. . . မိနွယ်"

"ဒါပေမယ့်. . . ဟောကင်းလောက်တော့ မပိုနိုင်ဘူး မဟုတ်လား"

"အဲလို မဟုတ်ပါဘူး. . . ငါက နှစ်ယောက်စလုံးကို ကောင်းစေချင်တာပါ"

"မကောင်းတာက နွယ်ပဲ. . ."





"ငါ အဲလိုမဆိုလိုပါဘူး၊ ငါဆိုလိုတာက. . . ဟောကင်းလည်း ကောင်းသွားမယ်. . . နင့်ရဲ့ ကံမကောင်းမှုတွေလည်း ဟောကင်းဆီမှာ အဆုံးသတ်သွားမယ်. . . အဲဒါဆိုကောင်းမယ်လို့ ဆိုလိုချင်တာပါ"

"နွယ်. . . နားလည်ပါတယ်. . . နားလည်တာနဲ့ ရင်ထဲခံစားရတာတော့ မတူဘူးနော်"

"ငါသိပါတယ်"

"တကယ်တော့. . . နွယ်က ဟောကင်းနဲ့ မတန်ပါဘူး"

နွယ့်စကားကြောင့် မိုးကျော်သူ စားလက်စ ထမင်းလုတ်ပြုတ်ကျ သွားရသည်။

"အာ. . . ငါ အဲလိုမပြောဘူး"

"မဟုတ်ဘူး. . . နွယ့်ဘာသာနွယ် ပြောတာ"

"ကျွတ်. . . အဲဒီနေရာမှာတော့ နင်တို့က ကြောင်ပုံချင်းတူတယ်"

မိုးကျော်သူစကားကြောင့် နွယ် မျက်ရည်များပင် ခြောက်သွားရသည်။

"ဘာတူတာလဲ. . . ဘာတူတာလဲ"

"ဟောကင်းကလည်း. . . နွယ်က ငါလိုလူနဲ့ မတန်ပါဘူးတဲ့။ ဒါကြောင့် တန်အောင်သွားလုပ်နေတာ"

မိုးကျော်သူစကားကြောင့် နွယ်ပင်. . . အံ့ဩလျက်က ပြုံးချင်သွားရသည်။ နွယ်ကြားဖူးတာကတော့ လူတစ်ယောက်နှင့် တစ်ယောက်က တကယ်ချစ်လျှင် တစ်ယောက်ကိုတစ်ယောက် အနစ်နာခံချင်နေတတ်ပြီး. . . အတွေးတွေလည်း ထပ်တူကျနေတတ်သည်တဲ့။ ဒါဆို



www.burmeseclassic.com

www.burmeseclassic.com



သချောတာပေါ့နော်။ နွယ်နှင့် ဟောကင်းဟာ ပွင့်ပွင့်လင်းလင်းသာ မပြောရသေးတာ၊ တစ်ယောက်ကိုတစ်ယောက်ချစ်တာ သေချာနေတဲ့ ချစ်သူတွေဆိုတာ. . .။

နွယ့်ငြိမ်သက်မှုနှင့် အပြုံးကိုကြည့်ကာ မိုးကျော်သူက တစ်ယောက်တည်း မှတ်ချက်ချ၏။ 'သေချာပါတယ်. . . နင်လည်း ရှုံးနေပါပြီ' တဲ့။

ဟုတ်တယ်လေ။ နွယ်. . . အချစ်ရှုံး,ရှုံးနေခဲ့ပြီပဲ။

⌘ ⌘ ⌘





## အခန်း (၁၇)

နောက်တစ်လကျော်ကြာတော့ ဟောကင်းထံမှ email ဝင်လာသည်။ သူ့ကို ဆေးကုခွဲစိပ်မှုများ စ,နေပြီဖြစ်ပြီး နောက်ထပ်တစ်လလောက်ကြာဦးမည့်အကြောင်း ဖြစ်သည့်အကြောင်း။ ထိုအချိန်တွင် နွယ်ကလည်း တရှောင်ရှောင်နှင့် ဘာဖြစ်မှန်းကိုမသိ။ နွယ့်စိတ်ထဲ ထင်တာကတော့ ဟောကင်းက တစ်လနှင့်ပြန်လာမည်ဟုပြောပြီး ပြန်မလာနိုင်၍ စိတ္တဇဖြစ်ကာ လူကိုပါထိသည်ဟု။

"ကြည့်လည်းလုပ်ဦး၊ နင်ပါ. . . ဆေးထွက်ကုနေရဦးမယ်"

"အို. . . ကောင်းတာပေါ့၊ နိုင်ငံခြားသွားရတာပေါ့"

"နိုင်ငံခြားသွားချင်တာလား. . . အဟမ်း. . . အဟမ်း"

မိုးကျော်သူက မောင် ဝင်လာသဖြင့် စကားကို ဆက်မပြော။ ဘာလော နွယ်. . . အလုပ်သို့ မရောက်ဖြစ်ပြန်။ အိမ်မှာပဲ အနေများ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အစ်မတွေကလည်း သူ့အလုပ်နှင့်သူမို့ နွယ့်ကို ဂရုမစိုက်နိုင် နွယ့်ကို ကြည့်ရသူက မေမေတစ်ယောက်သာ။ နွယ်က မေမေကိုတော့ အကုန်ဖွင့်ပြောပြခဲ့သည်မို့ နွယ်. . . အခုလည်း အိပ်ရာထဲလဲရတာ စိတ်ကြောင့်ဟု မေမေကပါယုံသည်။ ဆရာဝန်ပြသောအခါ မေမေက နောက်သလိုလိုနှင့် အလွမ်းဖျားလေ ဟုပြောပြတတ်သည်။ အန်တီ ဆရာဝန်မကြီးကတော့ ခေါင်းမညိတ်၊ ခေါင်းမခါနှင့် နွယ့်ကို လိုသောဆေးများသာပေး၏။

"နွယ်. . ."

"ဘာလဲ မောင်"

"နင်ဘယ်လိုနေလဲ. . . အလုပ်ပြန်ဆင်းပါလား. . . ဒါမှ နင်လန်းလာမှာ. . . မဟုတ်ရင် နင့်ကိုယ်နင် လူမမာပဲ ထင်နေမှာ"

မောင်ပြောတာ ဟုတ်သလိုပင်။ လူက အိမ်မှာနေရတာ ငြီးငွေ့တာအမှန်။ အလုပ်မှာကမှ ဟောကင်း မရှိတောင်. . . သူထိုင်သွားသောစားပွဲကို မြင်နေရသေးသည်။ ဘယ်သူမှမရှိလျှင် တိတ်တိတ်ကလေး ထိုစားပွဲမှာ သွားထိုင်နိုင်သေးသည်။ လူတွေရှိနေလျှက်က မနေနိုင်လျှင်လည်း ခပ်တည်တည်နှင့် internet ကြည့်သလိုလိုနှင့် internet ချိတ်ထားသော ဟောကင်း ကွန်ပျူတာရှေ့တွင် အလွမ်းပြေထိုင်နိုင်သေးသည်။

ခက်တာက အဲဒီလောက်တောင် နွယ် . . . အားမရှိသေးတာပင်။

"နောက်နေ့ လာမယ်လေ"

မိုးကျော်သူကလည်း တိုက်တွန်း၏။





"လာပါဟာ. . . မထိုင်ချင်ရင် dream bed မှာလဲ့နေလေ လိုတာ. . . ကောင်မလေးတွေကို ခိုင်းလို့ရတာပဲ"

"အင်းပါ"

"ဟောကင်းပုံကြီးကြီးတစ်ပုံလည်း. . . ချိတ်ပေးထားမယ်"

မိုးကျော်သူ့စကားကြောင့် မောင်က လှည့်ကြည့်၏။ မိုးကျော်သူက ခပ်တည်တည်ပင်။ သူက ခန့်မှန်းရအတော်ခက်သော သူ။ စကားလုံးတွေကို မတော်တဆလိုလိုနှင့် တမင်ပြောတတ်ပြီး တစ်ခါတလေကျ တမင်ပြောတာထင်ရသော်လည်း မတော်တဆ ထွက်လာတာတွေ ဖြစ်ဖြစ်နေတတ်သည်။

"တစ်ခါတစ်ခါကျ. . . ဟောကင်းမရှိရင် တစ်ယောက်ယောက်လိုသလို ဖြစ်နေရတဲ့ထဲ. . . နင်ပါ မရှိတော့ ပိုဆိုးတာပေါ့. . . ငါလိုကောင်တောင် ခု. . . အလုပ်မှာ မြဲနေပြီ. . . နင်အလုပ်လာရင် ငါ ဟောကင်းပုံပါ ရှာထားမယ်"

ကြည့်။ စကားက လုံးဝကို အဓိပ္ပာယ်ပြောင်းသွားသည်။ သံသယနှင့်ကြည့်နေသော သိပြီးနေသော မောင်ပင် နားရောမျက်စိပါ လည်သွားရသည်။ အမှန်တော့ မောင်လည်း အရာရာကို သိတာပင်။ သို့သော်. . . နွယ်နှင့်က မောင်နှမချင်းမို့ ဘာမှ မပြောပြခဲ့။ ခါတိုင်း အရာရာ ဖွင့်တိုင်ပင်ပါလျှက်က ခုကျမှ ဘာမှမပြောဖြစ်။

"တကယ့် Stephen Hawking ရုပ်ဆိုးဆိုးပုံ ယူပါလား။ ကျွန်တော်ရှာပေးမယ်"

မောင်က. . . ရွဲ့၏။ မိုးကျော်သူကလည်း မခံပါ. . .။

"ငါ့သူငယ်ချင်းဟောကင်းက. . . ပုံချောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အရေးကြီးတာက. . . အရည်အချင်းကွ"

"ထွတ်. . . တစ်ခါတစ်ခါကျ အရည်အချင်းကော ရုပ်ကော အရေးမကြီးဘူးကွ. . အရေးကြီးတာက နှလုံးသား"

မိုးကျော်သူက ရင်ဘတ်ပုတ်ပြကာ ပြောသဖြင့် မောင်က ခွက်ထိုးခွက်လန် ရယ်သည်။

"ဘာရယ်တာလဲ"

"နှလုံးသားဆိုလို့ပါ"

"ရယ်စရာလား"

"ရော်. . . ခင်ဗျားလိုလူက. . . နှလုံးသားအကြောင်း ပြောတော့ မရယ်ချင်ပဲ နေမလား"

မိုးကျော်သူ မျက်မှောက်ကြုတ်သွား၏။

"မင်းက. . . ဘာကို ဆိုလိုတာလဲ"

"ခင်ဗျားမှာ နှလုံးသားရှိလို့လား. . . လို့"

"မရှိဘူးထင်လို့လား. . . ရှိလွန်းလို့. . . ဒုက္ခရောက်မှာစိုးလို့ ရှောင်နေတာ၊ မရှိဘူးမထင်နဲ့. . . မရှိဘူးမထင်နဲ့. . . မရှောင်သူတွေ ဒုက္ခရောက်နေကြတယ် မဟုတ်လား. . . စိတ်ဒုက္ခလေ. . . စိတ်ဒုက္ခ"

နွယ့်ကို မောင့်မမြင်အောင် မျက်စပစ်ပြရင်းပြော၏။ နွယ် မလှုပ်ရဲ၊ ငြိမ်နေရသည်။ သို့သော် မိုးကျော်သူပြန်သွားသည်နှင့် မောင်က မေးခွန်းတွေ တရစပ်မေးတော့၏။

"မိနွယ်"

"ဘာလဲ"

"နင့်ကို မိုးကျော်သူ. . . ဘာပြောသေးလဲ"





"ဘာပြောရမှာလဲ"

"ဟောကင်းအကြောင်း. . . "

"ဟောကင်း ဟုတ်လား၊ ဘာလဲ email အသစ်ဝင်လို့လား"

မောင် နှာခေါင်းရှုံ့၏။

"ခု. . . ကိစ္စကိုပြောတာ မဟုတ်ဘူး. . . "

"ဘာကိစ္စလဲ"

"ဟောကင်းရဲ့ နင်နဲ့ပတ်သက်တဲ့ကိစ္စ"

မောင့်စကားက အဆင်မချောသော်လည်း နွယ်နားလည်နိုင်သည်မို့ ခေါင်းညိတ်ပြလိုက်သည်။

"ဘာခေါင်းညိတ်တာလဲ"

"ပြောတယ်. . . လို့"

"ဘာပြောတာလဲ"

"ဟောကင်း ဘာလို့ ဆေးကုဖို့ လက်ခံလိုက်တယ်ဆိုတာ. . . "

မောင်ငြိမ်သက်သွား၏။ အတန်ကြာမှ. . .

"နင့်ဘက်ကလည်း ဟောကင်းကို. . . လက်ခံနိုင်တယ်ဆိုတာ ငါသိတယ်"

နွယ်. . . အားမရှိသလိုပြုံးတော့ မောင်ကရယ်သည်။ ပြီး ဆက်ပြော၏။

"ဒီတစ်ခါတော့ နင်. . . စိတ်ကစားတာ၊ ဆုံးဖြတ်ချက်မြန်တာ မဟုတ်ဘူးလို့ ငါယုံတယ်. . . "

မောင့်စကားကြောင့် နွယ် ဝမ်းသာသွားရသည်။

"တကယ်ပြောတာလား. . . မောင်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပေါ့"

"နင်ဘာကိုကြည့်ပြီး. . . ပြောနိုင်တာလဲ"

"နင်ရဲ့ ထိန်းချုပ်နိုင်မှုနဲ့ ခံစားချက်ကြောင့်ဖြစ်တဲ့ ပြင်းအား"

မြတ်စွာဘုရား. . .။ နွယ်. . . စိတ်ထဲမှ ဘုရားတမိ၏။ ဒါဆို မောင် ဘယ်ကတည်းက နွယ့်ကို ရိပ်မိနေတာလဲ. . .။

"အဲဒါ. . . အချစ်လားမောင်. . ."

"ဟင်. . . ဒါ. . . နင့်ဟာနင်သိမှာလေ၊ ငါက No Experience လေ"

"နင်ထင်တာပြောလေ"

"ပြောပြီးပြီလေ. . . နင်. . . ဆုံးဖြတ်ချက်မြန်တာ၊ သာယာတာ၊ စိတ်ကစားတာ တစ်ခုမှ မဟုတ်ဘူးလို့"

နွယ်. . . အရမ်းမောလာသလို ခံစားရသည်။ အသက်ကို မှန်မှန်ကြိုးစားရှူလိုက်ရင်းက မောင့်ကိုပြောပြမိ၏။

"ဟုတ်တယ်. . . ငါသူ့ကို အရမ်းချစ်တယ်. . . ပြီးတော့ ငါ့လို bad reputation တွေရှိတဲ့သူနဲ့ သူနဲ့ဖြစ်ပါ့မလားလို့ ငါတွေးတယ်"

"နင့်အရင်လူတွေတုန်းက အဲဒီလို မတွေးခဲ့ဘူးဟုတ်လား"

"ဟုတ်တယ်. . . မတွေးခဲ့ဘူး"

"ကောင်းပါတယ်. . . ဟောကင်းကလည်း နင့်ကို တကယ်ချစ်ပုံ ရပါတယ်၊ နားလည်းလည်တယ်၊ နင်က်ကောင်းစပြုလာပြီ သိလား ငါနဲ့မိုးကျော်သူကလည်း သဘောတူတယ်၊ ဟောကင်းပြန်လာရင် နင် နေကောင်းသွားမှာပါ"

မောင်တောင် ဒါတွေသိနေပြီပဲ။





"သိပ်သေချာတာပေါ့ မောင်. . . ဟောကင်းပြန်လာရင် ငါနေကောင်းပြီပဲ"

"အေး. . . လောလောဆယ်လည်း ကောင်းအောင်နေဦး အားလုံးက စိတ်ပူနေကြတာ၊ နင့်ကြည့်ရတာ အရမ်းတော့ pale ဖြစ်နေတယ်၊ ဒါပေမယ့် နင်ဒီတိုင်းမနေနဲ့၊ အလုပ်ပြန်လာခဲ့. . . သိလား"

"အင်းပါ. . ."

မောင့်တိုက်တွန်းမှုကြောင့် နွယ် အလုပ်ပြန်သွားဖြစ်သည်။ တစ်ခါတစ်ခါ ဟောကင်းနှင့် internet chat room မှာ စကားပြောရသည်။ နွယ်တစ်ခါမှ chatting မဝင်ဖူးခဲ့။ ခုမှ ဟောကင်းနှင့်မှ chatting ဝင်ဖူးခြင်းဖြစ်သည်။ နွယ်က ဒီဘက်က dream bed ပေါ်မှာ lap top တစ်လုံးနှင့်၊ ဟောကင်းက တစ်ဖက်က ဆေးရုံပေါ်မှာ lap top တစ်လုံးနှင့်၊ တစ်ယောက်နှင့်တစ်ယောက် မြင်လည်းမမြင်ရ၊ အခြေအနေလည်း မသိရသဖြင့် စိတ်မပူမိကြတာအမှန်။ နွယ်ကလည်း ဟောကင်းအခြေအနေကို မသိသလို၊ ဟောကင်းကလည်း နွယ့် အခြေအနေကိုမသိ။ မမေးဖြစ်၊ မပြောဖြစ်ကြ။ တခြားအကြောင်းအရာများသာ ပြောဖြစ်ကြသည်။

ပြီးလျှင်တော့ နွယ်က လူမမာပမာ ပြန်ခွေကျချင်သွားတတ်သည်။ ထို့ကြောင့် မိုးကျော်သူကပင်ဆူ၏။

"ဟို တစ်ကောင်"

"နွယ့်ကို ခေါ်တာလား"

"ဟုတ်တယ်"

"ဘာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com

"လူက internet ဝင်နေရင်အကောင်း၊ ဟောကင်းနဲ့စကားပြောနေရရင် အကောင်း၊ ပြီးတာနဲ့ လူမမာပြန်ဖြစ်တာမဲ၊ ကြည့်လည်းလုပ်ဦး"

"နွယ်. . . ဘာဖြစ်လို့လဲ၊ ပင်ပန်းလို့ ခဏနားတာပါ"

နွယ်က အထွန့်တက်၏။ မိုးကျော်သူက အရာရာကို သိပ်အလေးအနက်ကြီးမထားတတ်သူ ဟုဆိုလျှင်ရသော်လည်း တစ်ခါတစ်ခါတော့ အံ့သြစရာကောင်းလောက်အောင် လေးနက်နေတတ်သည်။

မိုးကျော်သူရှိနေလျှင် internet ကြာကြာကြည့်ခွင့်မပြု။ စာရင်းတွေ သိပ်မကြည့်ရ။ game မကစားရ။ ထိုအခါကျရင် နွယ့်အတွက် computer သည် သီချင်းဖွင့်ရုံမျှသာ အသုံးဝင်တော့သည်။ ဟောကင်းကြိုက်သော Jewel သီချင်းများကို ဖွင့်နားထောင်ရင်း နွယ်ပင် Jewel အသံလေးကိုကျက်မိကာ ကြိုက်နေမိသည်။ Jewel၏ ကဗျာရွတ်သံလေးကို နွယ်သဘောကျသည်။ Jewel က,ကဗျာကို ကိုယ်တိုင်ရေးကာ ကိုယ်တိုင်ရွတ်သူဖြစ်၏။ အသံလေးကိုက . ဆွဲဆောင်မှုရှိလွန်းတော့ သူမ၏ A night without amour ဆိုသောကဗျာ CD လေးက အောင်မြင်ခဲ့တာမဆန်း။

"နင့်ကြည့်ရတာ မဟန်ဘူးနွယ်. . ."

"ဘာကိုပြောတာလဲ"

"နင့်ကျန်းမာရေးက တိုးတက်မလာဘူး"

"ဆုတ်လည်း မဆုတ်ယုတ်သွားပါဘူး"

နွယ်က ထုံးစံအတိုင်း အထွန့်တက်တော့ မိုးကျော်သူက





ခေါင်းခါ၏။

"နင်. . . ခံငြင်းမနေနဲ့. . . တော်ကြာ ဟိုက ဆေးသွားကုတဲ့ကောင်ပြန်လာပြီး ကောင်းလည်းကောင်းရော၊ နင်က သွားထပ်ကုနေရမယ်"

"ဟင်. . . ဖွဟဲ့. . . ပါးစပ်ပုပ်ကြီးနဲ့"

နွယ်. . . မိုးကျော်သူကို မကျေမနပ် မျက်စောင်းခဲကာ ပြော၏။

"ဒီထက်ပုပ်တာ. . . မပြောချင်လို့"

"ဘာလဲ"

မိုးကျော်သူက မပြော။ ပြုံးစိစိ. . . မပြော။

"ဘာလဲ AIDS ဖြစ်နေတယ် ပြောမလို့လား"

" sing တွေကတော့ မတူပါဘူး. . . ပြောရင်ရမလားလို့"

"သေလိုက်၊ ဟောကင်းနဲ့ တိုင်ပြောမယ်. . . နွယ့်ကို မဟုတ်တမ်းတရားတွေ ပြောတယ်လို့"

"တိုင်ပေါ့. . ."

တကယ်တော့ အလုပ်မှာက နေသာထိုင်သာရှိတာက အမှန်။ game တွေ ဆော့လိုက်၊ နားလိုက်၊ စာရင်းတွေ စစ်ပေးလိုက်၊ သီချင်းနားထောင်လိုက်၊ စကားပြောလိုက်၊ ရန်ဖြစ်လိုက်နှင့် အချိန်ပိုကို မရှိ။ ဒီတော့ အိပ်ရာထဲ လှမ်းနေရတာထက်စာလျှင်တော့ နေသာထိုင်သာရှိလှ၏။ စုစုနှင့်နီနီကလည်း အလှည့်ကျ ရှိပေးနေတတ်သည်။ဘာတွေရှိနေနေ နွယ် လိုအပ်တာ၊ နွယ် တောင့်တမျှော်လင့်တာက ဟောကင်း၏ ကျန်းမာရေးနှင့် အပြန်ခရီးသာဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ရင် အချိန်တွေကို ဆွဲရွှေ့ပစ်ချင်မိသည်။

မိနစ်၊ စက္ကန့် နာရီတွေ မြန်မြန်ကုန်ဆုံးပြီး နေ့ရက်တွေ တစ်နေ့ဝင်တစ်နေ့ထွက်နှင့် ရက်သတ္တပတ်တွေ တအိအိပြိုကျစေချင်နေမိသည်။ ဒါမှသာ ဟောကင်း ပြန်လာမည့်ရက်က ပိုနီးလာမည် မဟုတ်ပါလား။

ခုတော့ ဆုတောင်းတို့သည်လည်း ရွတ်ဆိုရ ဖြောင့်ဖြူးလာခဲ့ပြီ။ ထပ်တူကျခဲ့သော ဆုတောင်းနှစ်ခုအတွက် ဆုတောင်းတိုင်း မပြည့်ချင်တောင်မှ ဒီမျှနှင့် လုံလောက်ပြည့်စုံနေရခဲ့သည်။ တစ်ခါတစ်ခါတော့လည်း လောကသည် အံ့ဩဖွယ်ကောင်းလှ၏။ ဖြစ်ချင်တာတွေကို ဖြစ်ခွင့်ပေးသော အချိန်နာရီသည် တကယ်ပင် ရှိနေခဲ့လေသည်။

အခါတိုင်း လှမ်းကြည့်လျှင် ဝေဝါးနေတတ်သော အနာဂတ်သည်ပင်လျှင် လင်းလက်တောက်ပနေသယောင်။ ရောင်စဉ်များ ညွတ်ဖြာစီးဆင်းနေသော သက်တန့်မြစ်တစ်စင်းကို သင်တွေ့မြင်ရပါသလား။ ထိုမြစ်၏စီးဆင်းရာအရပ်သည် ချစ်သူတစ်ဦးထံဖြစ်ပြီး မြစ်ဖျားခံရာဒေသသည် တစ်ချိန်က လူသားစားမြစ်ဟု နာမည်ပျက်ခဲ့သော 'မြစ်မခနွယ်' ဖြစ်သည်ဆိုတာကိုတော့ မေ့မထားသင့်ပါ။

⌘ ⌘ ⌘





## ဖြစ်ခဉ်အသင်း၏ နိဂုံးနေ့ရက်များ

### အခန်း (၁၈)

"ဟောကင်း. . . နွယ် တော်တော်နေကောင်းလာပြီ သိလား"

"အင်း. . . ကိုယ်လည်း တော်တော်ကောင်းနေပြီ၊ မတ်တပ် သေချာရပ်နိုင်တဲ့နေ့ကဆို ပျော်လိုက်တာ. . . နွယ်တို့ကိုလည်း သတိရတယ်. . . ခုဒီမှာ လမ်းကောင်းကောင်း လျှောက်နိုင်ဖို့ exercise တွေလုပ်နေရတယ်"

"အချိန် ဘယ်လောက်ကြာဦးမှာလဲ၊ လျှောက်နိုင်သွားနိုင်လာရင်. . . မောင်နှမတွေနဲ့ လျှောက်သွားရဦးမယ် မဟုတ်လား"

"မသွားပါဘူး၊ အချိန်ကြာလေ. . . သူတို့ဝန်ပိုလေ ဖြစ်မှာစိုးလို့ ပြန်လာမှာ. . . နောက်မှပဲ"

"ထပ်သွားဦးမှာလား"

"ဒါပေါ့၊ တစ်ယောက်တည်းတော့. . . မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com


"အဖေ အမေတွေနဲ့လား"

"တစ်ယောက်ယောက်တော့. . . ပါမှာပေါ့"

"အားတဲ့အချိန်မှာ ဘာလုပ်နေလဲ"

"စာအုပ်တွေဖတ်တယ်၊ Simple နဲ့ Simon ရဲ့ စာအုပ်တွေရော၊ တခြားစာအုပ်တွေကော. . . ဒီမှာက စာအုပ်တွေ ဖတ်စရာများလွန်းလို့ ဖတ်မနိုင်ဘူး"

"မျက်မှန်ပါဝါ တိုးနေဦးမယ်"

"တိုးလောက်ပါပြီ. . . ကိစ္စမရှိဘူး၊ စာဖတ်ဖြစ်နေတော့ တခြား စိတ်မရောက်ဘူး"

"မဟုတ်ရင်. . ."

"မဟုတ်ရင်. . . ကိုယ်ပြန်လာချင်နေမှာ. . ."

အပြန်အလှန်ရိုက်နေသော စာသားများကို မိုးကျော်သူက လာချောင်းကြည့်ကာ နှာခေါင်းရှုံ့၏။

"ဘာ နှာခေါင်းရှုံ့တာလဲ"

"စကားတွေက ဆင်ဇော့ရန်ရှောင်တွေ"

"လာမကြည့်နဲ့လေ"

"မကြည့်ပါဘူး၊ မြင်တာ"

"လာချောင်းနေပြီးတော့များ. . ."

မိုးကျော်သူက ဝန်မခံ။ ပြီးတော့မှ. . .

"နေလည်း တော်တော်ကောင်းနေပြီ"

"အင်း. . ."

ဘယ်သူ့ကို ပြောမှန်းမသိဘဲ နွယ် 'အင်း'လိုက်မိသည်။



"အခြေအနေတွေကတော့. . . Ok ပဲ"

"ဘာကို ပြောတာလဲ"

နွယ်နားမလည်၍ မေးလိုက်မိသည်။

"ခုချိန်မှာဆို တစ်ယောက်နဲ့တစ်ယောက် စာထဲစကားပြောနေရတာ"

"အင်းလေ. . ."

"တစ်ယောက်ကိုတစ်ယောက် မမြင်ရဘူး"

"အင်းလေ. . ."

"အဲဒါ မျက်နှာပူရ အသက်သာဆုံး၊ မျက်နှာထားရ ခက်စရာမလိုဆုံးအချိန်ပဲ"

မိုးကျော်သူ ဘာကိုဆိုလိုတာလဲဆိုတာ နွယ်သဘောပေါက်သလိုလို ရှိလာသည်။ သို့သော် သေချာအောင် မေးရ၏။

"ဘာကို ဆိုလိုချင်တာလဲ"

"စိတ်ညစ်ပါတယ်. . . ခုတည်းက တစ်ခုခုဖွင့်ပြောထားရင် အချိန်ကုန်သက်သာမှာပေါ့၊ ပြန်လာတာနဲ့ Ok ပဲ"

"ဟုတ်လို့လား. . . သေချာလို့လား"

နွယ်. . . မိုးကျော်သူကို ခပ်တည်တည်နှင့် ပြန်နောက်လိုက်သည်။ သူတို့ဘက်ကပဲ အပိုင်အနိုင်တွက်လို့. . .။ မိုးကျော်သူက ခပ်တည်တည် စူးစူးပြန်ကြည့်၏။

"မသေချာလို့က. . . နင့်သတ်ရုံပဲ"

"သေပေးရမှာပေါ့"

နွယ်စိတ်ရွှင်နေတာမို့ နောက်နေမိသော်လည်း မိုးကျော်သူက


www.burmeseclassic.com

www.burmeseclassic.com



နားမလည်တာလား၊ တမင်ပဲလား မသိ၊ စိတ်တိုသွားဟန်နှင့် ပြောသည်။

"သိပ်သေချင်ရင် သေလိုက်" တဲ့. . .။

"မသေနိုင်သေးပါဘူး၊ ခု. . . နွယ်က နေကောင်းနေတယ်။ လိုအပ်ရင်သေပေးမှာပေါ့. . . အသက်ပင်သေသေဆိုတာ ကြားဖူးတယ် မဟုတ်လား"

"အဲဒါက အချစ်အတွက် အသက်ပင်သေသေတဲ့. . . နင်က ဘာအတွက်လဲ"

"သူ့အတွက်. . ."

"အရူးမ. . ."

မိုးကျော်သူ. . . နွယ့်ကို ကောင်းကောင်းထောပနာပြု၏။

ထိုစဉ်. . . မောင်. . . ရောက်လာသည်။

မောင့်မျက်နှာက မကောင်း. . .။ အတော်ကြီးကို ရုပ်ပျက်ဆင်းပျက်ဖြစ်နေတာကို ဖုံးဖိမရ။

"မောင်. . . နင်ဘာဖြစ်တာလဲ. . ."

"ဘာမှမဖြစ်ပါဘူး"

ဒါ. . . နွယ့်လက်သုံးစကားပဲ. . .။ ဒီဂကတည်းက. . . တစ်ခုခုဖြစ်နေပြီဆိုတာ. . . နွယ်သိသည်။ မိုးကျော်သူလည်း ရိပ်မိပုံရ၏။

"မောင်မောင်. . . တစ်ခုခုမှားလာလား"

"မမှားပါဘူး"

"အကုန်မှုန်နေတယ်ပေါ့"

"ဟုတ်တယ်. . . မှန်လွန်းလို့ ခက်နေတာ"





မောင့်ကို ဘယ်သူမှ နားမလည်နိုင်ကြ။

ဘယ်လိုမှလည်း မေးလို့မရ။ နွယ်က. . . အိမ်ကျမှ ကြိတ်မေးရန် ဆုံးဖြတ်လိုက်သည်။ မိုးကျော်သူကိုတော့. . . နွယ်မရှိတုန်း မေးထား. . . နွယ်မရှိရင်ပြောမလား မသိ. . . ဟု တွေးကာ အပြင်ထွက်ရန်ပြင်လိုက်သည်။

"မောင်. . ."

"အင်း. . ."

"ငါ. . . အပြင်ခဏသွားမယ်"

"ဘယ်သွားမှာလဲ. . . ငါလိုက်ပို့မယ်"

မောင့်မျက်နှာက ချက်ချင်းပင် ပြောင်းသွားကာ. . . ထိုင်ရာမှ ထ,ရန်ပြင်၏။

"မပို့နဲ့. . . မရဘူး. . . ငါ ကားမောင်းချင်လို့"

"မမောင်းရဘူး. . . နင်ကားမောင်းလို့ မဖြစ်ဘူး"

မောင် အကြောက်အကန် ငြင်းနေ၏။

"ဘာလဲ. . . ငါနေကောင်းနေပြီပဲ. . . မောင်းလည်း မောင်းနေကျပဲ. . . ပြီးတော့. . . နင်လိုက်လို့မဖြစ်တဲ့နေရာ သွားမှာ. . ."

"ငါလိုက်လို့ မဖြစ်တဲ့နေရာဆိုတာ မရှိဘူး. . ."

"ရှိတယ်. . . beauty saloon"

"ဒါလည်းရတာပဲ"

"lady only"

"ကားပေါ်က စောင့်မယ်. . ."

နွယ်ခေါင်းခါ၏။ ပြီး. . . စိတ်တိုဟန်ဖြင့် ပြန်ထိုင်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်နီဉာဏ်နက်တွေထုတ်ရန် စဉ်းစားရတော့၏။ မိုးကျော်သူက နွယ့်အကြံကို သိတာမို့ လှမ်းပြော၏။

"နင်ကားမမောင်းရရင်. . . taxi နဲ့သွားလေ"

မောင်. . . မိုးကျော်သူကို မျက်ထောက်နီနှင့် လှမ်းကြည့်တာ မြင်ရ၏။ မိုးကျော်သူက မမြင်ချင်ယောင်ဆောင်ကာ ဆက်ပြော၏။

"ကဲ. . . နင်သွားမယ့်နေရာပြော၊ ငါကားထွက်ငှားပေးပြီး ကားပေါ်တင်ပေးမယ်"

ထိုအခါကျတော့ မောင်တစ်မျိုးပြောင်းပြီး. . .

"မိနွယ်"

"ဘာလဲ"

"နင်. . . ဘယ်မှမသွားဘဲ နေလို့မရဘူးလား"

"ပျင်းတယ်. . ."

"ဟောကင်းဆီက ဖုန်းလာရင်ရော. . ."

"မလာဘူး. . . မနက်ကပဲ. . . စကားပြောပြီးပြီ. . . email နဲ့ပို့တဲ့ e-card တစ်ခုတောင် ရောက်နေတယ်. . . နင်. . . ငါ mail ထဲမှာ ဖွင့်ကြည့်ပါလား"

"ဘာလဲ. . . ဘာလို့ကြည့်ရမှာလဲ. . ."

"မကြည့်နဲ့ပေါ့. . . ငါက. . . တရားဝင်ခွင့်ပြုတုန်း ကြည့်ရ တာ. . မကြည့်ချင်နေ"

မောင်. . . စိတ်တိုလာပုံရသည်။

"စကားတွေလွှဲကုန်ပြီ မိနွယ်. . . နင်. . . အပြင်မထွက်ဖို့ ငါ တားနေတာ မဟုတ်ဘူး. . . ထွက်ရင်တစ်ယောက်ယောက်ပါဖို့ ပြော





တာ"

နွယ်. . . မျက်မှောင်ကြုတ်ကာ မောင့်ကို စူးစမ်းသလို ကြည့် မိ၏။ နွယ့်အကြည့်က မေးခွန်းတွေပါတာသိလျက်နဲ့ မောင်က မပြေး အကြည့်ကိုလွှဲသွားသည်။ ပြီး. . . အပြင်ကိုလှမ်းအော်၏။

"နီနီရှိလား. . ."

"ရှိတယ်"

"အေး. . . မိနွယ်. . . အပြင်ထွက်ရင်လိုက်သွား"

"ဟုတ်"

ဘာပဲဖြစ်ဖြစ် တော်သေးတာမို့ နွယ်. . . အလျှင်စလိုထ လိုက်သည်။ မထွက်ခင်. . . မိုးကျော်သူကိုလည်း အကြည့်နှင့် လှမ်းမှာ ရသေးသည်။ မေးဖြစ်အောင်မေးထား ဟူသောသဘော။

နွယ်ထွက်သွားပြီး. . . အတော်ကြာသည်အထိ မိုးကျော်သူ ကွန်ပျူတာနှင့် အလုပ်ရှုပ်ချင်ယောင်ဆောင်နေသည်။ အမှန်တော့ တကယ်လည်း အလုပ်ရှုပ်ပါသည်။ ဟောကင်းမရှိတည်းက တစ်ယောက် စာကို မောင်နှင့်မိုးကျော်သူ ခွဲဝေတာဝန်ယူရသည်လေ။ ပါးစပ်ကသာ ပေါက်ကရပြောနေသော်လည်း အလုပ်နှင့်လက်ကတော့ မပြတ်စေရ။

အတော်ကြာတော့ စုစုဝင်လာသည်။

"ဆရာမောင်မောင်. . . အပြင်မှာဧည့်သည်. . ."

မောင်. . . အပြင်ထွက်သွားတာကို လှမ်းကြည့်မိတော့ မောင့် ထံအလုပ်အပ်နေကျသူများ။ ထိုသူများနှင့် စကားကောင်းနေဆဲ အရာ ရာကို နပ်လွန်းသော မိုးကျော်သူက မောင်ဝင်လာတည်းက ပါလာသော ဝိုက်ဆံအိတ်အောက်က ဖိုင်ပြားပြားလေးတစ်ခုကို ဖျပ်ခနဲ ဆွဲယူလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုဖိုင်ကို သူ မတွေ့ဖူး။ မောင်ကိုင်တာ ဒါ. . . ပထမဆုံး အကြိမ်ဖြစ်သလို၊ သမရိုးကျ ဖိုင်တစ်မျိုးထက်လည်း မပိုပါပဲ. . . သူ စိတ်ဝင်စားနေမိခြင်းဖြစ်သည်။

သားရေတုအပြာလေး ဖုံးထားသော ထိုဖိုင်ပြာလေးသည် ဆေးစစ်ချက်မှတ်တမ်းတစ်ခုနှင့် တူနေသောကြောင့်လည်းဖြစ်သည်။ အပြင်က မောင့်ကိုချောင်းရင်း ဖိုင်ပြာလေးကို လှန်လိုက်တော့. . . 'မြစ်မခနွယ်' ဟူသောအမည်ကို မြင်လိုက်ရသည်။ အနှစ်နှစ်အလလက အင်္ဂျင်နီယာကျောင်းတော်ကြီးက သင်ကြားပေးလိုက်မှုများထဲတွင် medical term တစ်လုံးမှ မပါဝင်သော်လည်း ထိုစာရွက်ကို သူဖတ်လို့ရသည်။ နားလည်နေသည်။ ပိုဆိုးသည်က အားလုံးအဓိပ္ပာယ် မှန်ကန်တိကျစွာကို နားလည်နေခြင်းဖြစ်သည်။ ဇဝေဇဝါပင် မဟုတ်။

တကယ်တော့. . . 'မိုးကျော်သူ'ဆိုတာ အရာအားလုံးကို အလေးအနက်မထားတတ်အောင် ကိုယ့်ဘာသာကိုယ် ကျင့်ယူထားသော အလေးအနက်ထားတတ်သူ တစ်ယောက်သာဖြစ်သည်။ ခံစားမှုများကို ပေါ့ပါးအောင် လေ့ကျင့်ယူထားတာ နှစ်ချီကြာခဲ့ပြီမို့ အတော်လေး ကျင့်သားရနေပြီဖြစ်သည့်တိုင်. . . ထိုဖိုင်လေးကို နေရာတကျပုံစံမပျက် ပြန်ထားနိုင်ဖို့. . . သူ အတော်အားယူခဲ့ရသည်။

စောစောက. . . မိနွယ်ထိုင်သွားခဲ့သော dream bed ပေါ်တွင် အားကုန်သူတစ်ယောက်ပမာ လှဲလိုက်ရင်း စီးကရက်တစ်လိပ်ကို အညှိုးတကြီး ရှိုက်ဖွာပစ်လိုက်သည်။ မီးစားတောက်လောင်ကာ တိုသွားသောစီးကရက်တိုကို ကြည့်ပြီးမှ ဒီအခန်းထဲမှာ စီးကရက် မသောက်ရတာကို သတိရသည်။ သဘောလိုင်း တက်ခွင့်မရစဉ်က. . . ဆုံးရှုံး





တစ်ခုထက်ပင် ခံစားမှုပိုနေသလား မပြောတတ်. . .။

မောင်ပြန်ဝင်လာချိန်တွင် အသင့်ဖြစ်နေရန် သူဘာလုပ်ရမလဲ. . .။

သူ့အခြေအနေက နွယ်. . . ထွက်မသွားခင်၊ ထွက်သွားပြီး အခြေအနေများနှင့် မတူတော့။ ထိုစဉ်ကတော့ မောင့်ကို ဘယ်လိုစကားလုံးတွေနှင့် ဘယ်လိုရိုထေ့၊ လှည့်ပတ်မေးပစ်လိုက်မည်ဟု ကြံစည်စိတ်ကူးများနှင့် လူက ပေါ့ပါးနေခဲ့သည်။ ခုတော့. . . အရာရာသည် လေးလံစွာ သူ့အပေါ် ပိကျနေသလို သူ. . . မခံစားနိုင်တော့။

မောင်နှင့်သူ. . . ဘာပြောစရာစကား ကျန်သည်လဲ. . .။

ဘယ်လိုစကားလုံးတွေကို ဘယ်လိုအားနှင့် ပြောဖြစ်ကြမည်လဲ. . .။

ထူးဆန်းစွာ. . . အာရုံတွေက. . . ဝေဝါးနောက်ကျိနေခဲ့သည်။

ခဏနေကျတော့. . . မောင်အခန်းထဲ ပြန်ဝင်လာသည်၊ တစ်ခါမှမကြုံစဖူး မိုးကျော်သူကို dream bed ပေါ်ခွေနေတာ တွေ့တော့ တအံ့တသြကြည့်၏။ ပြီး. . . သူ့စားပွဲကို သူသွားထိုင်သည်။ ပိုက်ဆံအိတ်အောက်က ဖိုင်ပြာလေး မီလီမီတာ အနည်းငယ်ရွေ့နေတာတွေ့တော့ မောင်. . . ပြုံး၏။

"မိုးကျော်သူဆိုတဲ့လူက. . . လူနပ်ပဲ. . ."

"အေး. . . ငါက. . . လူ မဖြစ်ချင်ဘူး. . . နတ်ပဲဖြစ်ချင်တာ"

"ဒါမှ. . . အရာရာကို ဖန်ဆင်းနိုင်မှာ ဆိုပြီးတော့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့"

"ခင်ဗျား စိတ်ကူးယဉ်တာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်"

"လူဆိုတာ. . . ဒီလိုပါပဲ. . . သွေးလေခြောက်ခြားပြီးတော့လည်း ဖြစ်တတ်ပါတယ်"

အခန်းကလေးက အတိုင်းမသိ တိတ်ဆိတ်သွားပြန်သည်။ တိတ်ဆိတ်ခြင်းသည် ကင်ဆာရောဂါနှင့်တူသည် ဟူသောသီချင်းလေး တစ်ပုဒ်ကို သွားသတိရမိသည်။ ခုလည်း ဘာထူးလဲ. . . တိတ်ဆိတ်ခြင်း မိုးစက်ပေါက်တွေကတော့ သူတို့နှလုံးသားပေါ် သည်းထန်စွာ ရွာသွန်းနေကြ၏။ ဒီမိုးစက်မိုးပေါက်တွေကို ဘယ်သူက တိတ်အောင်လုပ်ပေးနိုင်မှာတဲ့လဲ. . .။

ခဏလောက် တန်ခိုးရှင် ဖြစ်ချင်သွားရသော ရှုးသွပ်မှုတစ်ခုအတွက် သူတို့မှာ အပြစ်မရှိကြပါ။ တကယ်အပြစ်ရှိသူက ကံကြမ္မာသာဖြစ်နိုင်ပါသည်။

⌘ ⌘ ⌘





## အခန်း (၁၉)

"မောင်မောင်၊ မိုးကျော်သူနဲ့နွယ်. . .

ငါ. . . ဒီလ. . . (၃၁)ရက်နေ့ပြန်ရောက်မယ်. . .၊ အချိန်ကိုထပ်ဖုန်းဆက်မယ်. . . လာကြိုပါ. . .

ဟောကင်း"

ဟောကင်း၏ email ကိုရထားတာ လွန်ခဲ့သောတစ်ပတ်တည်းက ဖြစ်သည်။ မနေ့က. . . လေယာဉ်ချိန် အတိအကျကို ထပ်ဖုန်းဆက်၏။ ဒီနေ့လေယာဉ်ဆိုက်ချိန်ကျတော့ သူတို့လေဆိပ်တွင် စောင့်နေခဲ့ကြသည်။

သာမန်ယောကျ်ားတစ်ယောက်လို ဖျတ်လတ်သန်မာစွာ လျှောက်လှမ်းလာသော ဟောကင်း၏ခြေလှမ်းများကို မြင်တော့ အားလုံးဝမ်းသာ၍မဆုံး. . .။ ရွှေညိုရောင်ဆံပင်များမှာ ပိုမိုရှည်လျား

www.burmeseclassic.com



လှပလာသည်။ မျက်ကပ်မှန်ညိုညိုလေးကို အသုံးပြုထားသဖြင့် ဟောကင်းပုံစံက တစ်ဘာသာ ထူးခြားနေရ၏။

"မေမေ"

ဟောကင်းအမေက သားကို ပြေးဖက်၏။ မေမေ့နောက်မှာက ဖေဖေ၊ ဖေဖေ့နောက်မှာက မိုးကျော်သူနှင့် မောင်မောင်။

"နွယ်ကော. . . နွယ်"

"နွယ် သိပ်နေမကောင်းလို့ ထားခဲ့တယ်"

မိုးကျော်သူက ပစ္စည်းတွေဝင်သယ်ရင်း ခပ်တိုတိုဖြေ၏။ သို့သော် ဟောကင်းက မရ။

"နွယ်. . . ဘာဖြစ်လို့လဲ. . . နေကောင်းနေတာကြာပြီဆို"

"ဟုတ်တယ်. . . ခုမှဖြစ်တာပါ. . . အိမ်ကျမှပြောတာပေါ့"

မောင်ကလည်း မလှုပ်ချောက်ချက်ဆိုတော့ ဟောကင်း သိပ်မကျေနပ်ချင်. . .။ သူဒီကိုပြန်လာတာ. . . အတွေ့ချင်ဆုံးက နွယ်ဆိုတာ သူတို့အသိဆုံး ဖြစ်ပါလျက်နှင့်၊ နွယ့်ကိုမသကာ တွဲခေါ်လာပါတော့လား။

ကားပေါ်ရောက်တော့. . .

"နွယ်က. . . ဖျားတာလား၊ အရင်ကလိုပဲ မူးတာလား"

"ဖျားတာ. . ."

"ဪ. . . ဖျားတာဆိုတော့. . . ဘယ်ထ,လိုက်နိုင်ပါ့မလဲ၊ ငါအပြန် တစ်ခါထဲ ဝင်ကြည့်မယ်"

"မင်း နားဦးလေ"

မိုးကျော်သူက နားခိုင်း၏။ ဟောကင်းအမေကလည်း ဝင်ပြောသည်။

"ဟုတ်ပါတယ်. . . သားရယ်. . . နားပါဦး၊ ညကျမှ. . ."

သူ့အမေ စကားမဆုံးလိုက်. . .။

"အာ. . . မေမေကလဲ. . . သားက လေယာဉ်နဲ့လာတာ၊ ပင်မှ မပင်ပန်းဘဲ. . . နွယ့်ဆီဝင်မယ်. . . မေမေတို့ပစ္စည်းတွေနဲ့ ပြန်နှင့်. . ."

ပြောပြောဆိုဆို ကားရပ်ခိုင်းပြီး. . . နောက်မှာ တစ်ယောက်တည်း မောင်းလိုက်လာသော မောင်မောင့်ကားကို ရပ်ခိုင်းသည်။ ဟောကင်း ဆင်းမှတော့ မိုးကျော်သူလည်း ဆင်းရတော့သည်။

"အန်တီ. . . ပြန်နှင့်၊ ကျွန်တော်. . . ဟောကင်းကို ပြန်ပို့ပေးမယ်"

ခုမှ သားနှင့်တွေ့ရသော အမေပင်ဖြစ်သော်လည်း နားလည်စွာ ခေါင်းညိတ်၏။

"ဘာဖြစ်တာလဲ. . . ဟောကင်း"

"မင်းနဲ့ လိုက်မယ်လေ"

"ဘယ်လဲ"

မောင်က သိသိကြီးနှင့် ပြောစရာစကား မရှိသဖြင့် မေးလိုက်ခြင်းဖြစ်သည်။

"နွယ့်ဆီလေ. . ."

မောင်. . . သက်ပြင်းတစ်ချက်ကို မသိမသာချရင်း. . . တတ်ခိုင်းလိုက်သည်။ ဘာမှမတတ်နိုင်တော့ပဲ။ ဒီနေ့က. . . တနင်္ဂနွေနေ့မို့ အလုပ်သွားမှာလို့ ပြောလို့ကလည်း မရမှ မရနိုင်။ ရနိုင်ဦး

www.burmeseclassic.com



တော့ . . . လာမယ့်ဘေးပြေးတွေ့တာ အကောင်းဆုံး မဟုတ်လား။

တိတ်ဆိတ်စွာနှင့် ဟောကင်းကို လေဆိပ်ပို့ပြီး ပြန်လာတုန်းကလို ပြန်လာခဲ့ကြသည်။ မောင်မောင်ကလည်း ဟိုတုန်းကလို ကားကို တရကြမ်း မောင်း၏။ မိုးကျော်သူကလည်း မတား။ မြန်မြန်ရောက်ချင်နေသော ဟောကင်းက ပိုပြီးတားစရာ အကြောင်းအလမ်း မရှိ။

မောင်တို့အိမ်ရှေ့ရောက်တော့. . . တံခါးကပိတ်လျက်သား။ မောင်တံခါးခေါက်တော့. . . နွယ့်မေမေ လာဖွင့်သည်။ ဟောကင်းကို မြင်တော့ တအံ့တသြနှင့်။

"ဟင်. . . သားတောင်ပြန်လာပြီ"

စကားနှင့်အတူ. . . နွယ့်မေမေထံမှ မျက်ရည်များ စီးကျလာသဖြင့် ဟောကင်း နားမလည်နိုင် ဖြစ်ရသေးသည်။ ဝမ်းသာလို့ကျတဲ့မျက်ရည်ဆိုတာလားဟုပင် အူကြောင်ကြောင် တွေးလိုက်သေး၏။

"နွယ်ကော. . . နွယ်"

နွယ့်အခန်းက. . . ဧည့်ခန်းနှင့် နီးတာမို့ကော. . . နွယ်နေမကောင်းရင် ထွက်နေကျမို့ကော ဟောကင်းသိနေတာမို့. . . အခန်းထဲ တန်းဝင်သွားလိုက်သည်။

"ဟင်"

နွယ့်ခုတင်လေးက အဖြူရောင်အိပ်ရာခင်း၊ အဖြူရောင်ခေါင်းအုံးတို့ဖြင့် ရှင်းလင်းလျက်။ နောက်ကိုလှည့်ကြည့်တော့ တစ်ယောက်မှ ပါမလာကြ။ ဧည့်ခန်းမှာ ခြေစုံရပ်နေသော လူသုံးယောက်ကို ဟောကင်း ဒေါသတကြီး မေးမိ၏။

"နွယ်ကော. . . နွယ်"





". . . . ."

ဘယ်သူမှမဖြေကြ။

"နွယ်. . . ဘယ်မှာလဲလို့ မေးနေတယ်"

ဟောကင်းအသံက ပိုမိုကျယ်လောင် တုန်ယင်လာ၏။

မိုးကျော်သူက. . . မောင်မောင့်ကို မျက်လုံးစွေကြည့်၏။ မောင်မောင်က မထူးခြား။ တုံဏှိဘာဝေ။ နွယ့်မေမေကိုတော့ မတွေ့ရတော့။

ခဏနေကျတော့ နွယ့်မေမေက အခန်းထဲက ထွက်လာတော့ ဟောကင်းကို သတင်းစာတစ်စောင် ထိုးပေး၏။ သတင်းစာက ဖွင့်ထားပြီးသား။ နောက်ဆုံး နာရေးကြော်ငြာ စာမျက်နှာကို လှန်ထားသည်။

မြစ်မခနွယ်. . .
အသက် (၂၀)နှစ်

ဟောကင်း. . . သတင်းစာကို ယောင်ရမ်း လွှတ်ချလိုက်သည်။

"ဒါ. . . ဒါက. . . ဘာလဲ"

ဘယ်သူမှမဖြေ။

ပြီးမှသတိရကာ. . . သတင်းစာကို ကောက်ယူကာ ရက်စွဲကို ကြည့်၏။ လွန်ခဲ့သော သုံးရက်က ရက်စွဲ။

"ဒါ. . . ဘာလဲ. . . နွယ်. . . တကယ်. . . သေသွားပြီလား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးကျော်သူက သံပြတ်နှင့်ဖြေ၏။

"မဖြစ်နိုင်တာက. . . မနေ့ကထိ ငါနဲ့ chat room မှာ စကားပြောနေခဲ့တာပဲ"

"အဲဒါ. . . နွယ့် မှာကြားချက်အရ. . . ငါတို့ လုပ်နေရတာ"

ဟောကင်း. . . သတင်းစာကို ဆုပ်ကိုင်ကာ. . . ဘာလုပ်ရမှန်းမသိ။ အော်ဟစ် ပေါက်ကွဲပစ်ချင်စိတ်ကသာ ကြီးစိုးနေသည်။ ယုံလည်းမယုံနိုင်။ အားလုံးက ရုပ်သေတွေနှင့် လှည့်စားနေသည်ဟု ဆိုရလောက်အောင်ကလည်း နွယ့်မေမေ၏မျက်ရည်တွေက သက်သေဘယ်လိုမှ ငြင်းမရသောသက်သေ။

"ကဲ. . . ဒါဆို. . . ငါ့ကိုပြောပါဦး. . . နွယ် ဘာဖြစ်တာလဲ"

"ဆီးချို. . ."

မောင်မောင့်အဖြေကြောင့် ဟောကင်း မျက်လုံးပြူးသွားရသည်။ ဟောကင်းလို စာဖတ်အားကောင်းပြီး အရာရာသိသောသူအတွက်က. . . ချက်ချင်းကို နားလည်သွားရသည်။ Diabetes သည် နှစ်မျိုးရှိသည်။ အသက်ရလာမှဖြစ်သော ဆီးချိုက ထိန်းရလွယ်သည်။ ငယ်ငယ်က ဖြစ်သောရောဂါက. . . ထိန်းရမလွယ်သော၊ ထိန်းမရသောရောဂါဖြစ်တတ်သည်။ ပြီးတော့. . . မူးတယ်၊ မောတယ်၊ ဝိတ်ကျတယ် ဆိုပြီး ခံစားရသည့်တိုင် ဘယ်သူကမှ ဆီးချိုမှန်း မရိပ်မိတတ်။ ဖြစ်လာတော့မှသာ မျက်ကလဲဆန်ပြာ ဖြစ်ကြရသည်။

"ဒါကို ဘယ်တုန်းကမှ. . . သိလဲ"

"လွန်ခဲ့တဲ့ တစ်လကျော်ကမှ. . ."

"သိသိချင်း ဘာမှမလုပ်ဘူးလား. . ."





"နေမလား. . . သူကောင်းနေလျက်ကအောင် treatment ပေးခဲ့ကြတာ. . ."

ဒါပေမယ့်. . . တစ်လအတွင်းမှာပဲ မထင်မှတ်လောက်အောင် အခြေအနေတွေက ဆိုးလာတယ်. . .။ kidney တစ်ခု ပျက်သွားတယ်၊ heart ပါဝင်လာတယ်. . . Organ တွေအားလုံး အလုပ်မလုပ်တော့ဘူး ဖြစ်သွားတယ်. . . နောက်ဆုံးတော့. . ."

"တော်ပြီ. . . ဆက်မပြောနဲ့တော့. . ."

မောင်မောင့်စကားကို ဟောကင်း ဖြတ်အော်ပစ်လိုက်သည်။

ကံကြမ္မာသည် ဒီလောက်ပဲ ရက်စက်သည်တဲ့လား. . .။

အားလုံး ပကတိကောင်းမွန်စွာ ပြန်လာသူကို ဆီးကြိုနေသူက တမလွန်ဆီမှာ. . .။

ဟောကင်း၏ တည်ငြိမ်အောင်ကြိုးစားနေမှုကို ကြည့်ကာ မိုးကျော်သူ. . . ခေါင်းခါ၏။

"မင်း. . . အော်ဟစ်ချင်ရင် အော်ပစ်လိုက်သူငယ်ချင်း. . . ကြိတ်ခံမနေနဲ့"

ဟောကင်းခေါင်းခါ၏။

ဘဝတွင်ခါးသီးမှုများစွာကို ခံစားခဲ့ရဖူးသည်. . .။

ခန္ဓာကိုယ်တစ်ပိုင်းပင် သေဆုံးခဲ့ရဖူးသည်. . .။

ခုဟာက. . . ကိုယ်ပွားတစ်ခုဆုံးရှုံးရသလိုပင်. . .။

နွယ့်မှာမှ. . . ဒီရောဂါက လာဖြစ်ရသတဲ့လား. . .။

ဘယ်သူမှမျှော်လင့်မထားခဲ့သလို. . . နွယ်လည်း မျှော်လင့်ထားခဲ့မှာမဟုတ်. . .။



www.burmeseclassic.com

www.burmeseclassic.com



ခဏနေကျတော့ . . . မောင်မောင်က စာတစ်စောင် ကမ်းပေးသည်။

"နွယ်ပေးခဲ့တာ . . ." တဲ့။

မိုးကျော်သူကတော့ ဟောကင်း ဖွင့်နေသည့်စာကို သိမှတ်မဲ့စွာ ငေးနေသည်။ လက်ရေးတွေက မညီမညာ၊ မလှပတော့။ နောက်ဆုံးအချိန်မတိုင်မီ အားယူ ရေးခဲ့ပုံရသည်။

ဟောကင်း . . .

လောကမှာ . . . မထင်မှတ်တဲ့ အဖြစ်အပျက်တွေဟာ ဖြစ်တတ်မြဲပဲ . . .။

ဖြစ်ချင်တာတွေကို ဖြစ်ခွင့်ပေးတဲ့ အချိန်နာရီတွေရှိသလို . . .

မဖြစ်ချင်တာတွေဖြစ်လာတာကို ပြန်ပေးဆပ်ရတဲ့ အချိန်နာရီတွေလည်း ရှိတယ်။

ထပ်တူကျတဲ့ ဆုတောင်းနှစ်ခုကို . . . နေ့စဉ်ရွတ်ဆိုဆုတောင်းခဲ့ဖူးပေမယ့် . . .။

ခု . . . ပြည့်ခွင့်မရှိတော့ပါဘူး။

နွယ်ဟာ . . . နှင်းစက်ကလေးတစ်စက်ဖြစ်တယ် ဆိုပါတော့.

ချစ်သူ . . .

နှင်းရက်လွန်မြောက်သွားတဲ့အချိန်မှာ သူဟာ အငွေ့ပျံပျောက်ဆုံးသွားရမှာပဲ . . .

ခုလည်း . . . နွယ် . . . ရက်လွန်သွားတဲ့ နှင်းတစ်စက်အဖြစ် . . . အငွေ့ပျံပျောက်ဆုံးရတော့မယ် . . .။

ဒါပေမယ့်ကွယ် . . .

သေချာပါတယ် . . . ဟောကင်းရဲ့ရင်ထဲမှာတော့ . . .





မြစ်မခနွယ်ဆိုတဲ့မြစ်ကလေး အမြဲစီးဆင်းနေပါ့မယ် . . . လို့

ချစ်တဲ့ . . .

နွယ် . . .

လက်ရေး တွန့်တွန့်ကွေးကွေးများ၏အဆုံးတွင် ဟောကင်းပါ သေဆုံးသွားသလို ခံစားရသည်။

ချစ်သူရှေ့က မားမားမတ်မတ် ရပ်တည်ကာကွယ်ဖို့ ချစ်သော မြစ်ကလေးကို တည်ငြိမ်အေးချမ်းစွာ စီးဆင်းစေပြီး၊ ကံကြမ္မာဆိုးတွေ ရပ်တန်းက ရပ်ပေးဖို့ ပြန်လာခဲ့ပြီးကာမှ . . . ချစ်သူက မရှိတော့။

တမလွန်ဆီ . . . စီးဆင်းထွက်ခွာသွားသော . . . မြစ်ကလေးကရော . . . စိတ်ဖြောင့်ရဲ့လားမသိ။ သေချာတာကတော့ မြစ်တို့သည် ပြောင်းပြန်စီးတတ်တာ . . . ရှားလွန်းလှသည်။

တိတ်ဆိတ်နေသော ညဲ့ခန်းကလေး၏ စီးဆင်းမှုထဲမှာတော့ သက်ပြင်းတချို့နှင့် မျက်ရည်စက်များသာ . . . ရောနှော . . . ကျန်နေခဲ့လေသည်။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com

## နိဂုံး

နှင်းတွေက. . . တစ်လောကလုံး ဝေဝါးသွားအောင် အုံ့ဆိုင်းနေသည်. . .။

လှမ်းကြည့်လျှင် မမြင်ရတတ်သောအနာဂတ်နေ့ရက်များပမာပေါ့. . .။

ရာသီဥတု၏ အစိုးမရမှုတွေကို လူတွေ ကာကွယ်တားဆီးနိုင်ခဲ့တာရှိသလို မကာကွယ်၊ မတားဆီးနိုင်ခဲ့တာလည်း ရှိခဲ့သည်ပဲ။

ကံကြမ္မာ၏ အစိုးမရမှုများကိုတော့လူတွေဘယ်လိုမှ မကာကွယ်၊ မတားဆီးနိုင်တာ သေချာသည်။

သို့သော်. . . အရာအားလုံးသည် နိဒါန်းဆိုလျှင် နိဂုံးရှိစမြဲမို့. . .

ကံကြမ္မာ၏နိဂုံးနေ့ရက်ကိုလည်း မလွဲမသွေကြုံကြရမှာပင်. . .။

ထိုနေ့ရက်သည်. . .

ဒီနေ့. . . ဖြစ်ခဲ့တာသေချာပါသည်. . .။





နှင်းစက်တလေးတစ်စက်ကိုအမြဲတမ်းအေးစိမ့်မွှေးလွနေအောင်ဖန်တီးပေးထားနိုင်မည့် ရာသီဥတုအသစ်တစ်ခုကိုဖန်ဆင်းနိုင်သူ ဖြစ်ချင်သည်။

လောလောဆယ်တွင်တော့ **microchip** အသစ်နဲ့လူသားဟု ခေါ်ခံခဲ့ရဖူးသော ဟောကင်း. . . ထိုရာသီဥတုလေးကို ဖန်ဆင်းခြင်းငှာ မစွမ်းနိုင်သေးပါ။

ဆုတောင်းစာတစ်ခုကို ရွတ်ဆိုပါဟုဆိုခဲ့လျှင်. . . "ခုချိန်မှာ ကံကြမ္မာကို ပြုပြင်နိုင်သောသူ ဖြစ်လိုသည်" ဟုသာ မလွဲမသွေ ဆုတောင်းမိမှာပင် . . .။

သံသရာတစ်ကွေ့ကွေ့တွင် အတူပြန်လည်စီးဆင်းခွင့်ရနိုး. . . မျှော်လင့်ရင်း . . . မမျှော်လင့်နိုင်သော မျှော်လင့်ခြင်းများနှင့်. . . ရှင်သန်နေရပေဦးတော့မည်. . .။

⌘ ⌘ ⌘

မနော်ဟရီ

**(10th, Sept 2005)**



www.burmeseclassic.com

www.burmeseclassic.com

## မနော်ဟရီ၏ ထွက်ရှိပြီးသောစာအုပ်များ

၁။ သိုးကလေးရဲ့ နေထွက်ချိန်
၂။ သံသရာသည် ၃၆၀ ရှိသည်
၃။ တနင်္လာနေ့ မနက်
၄။ သစ္စာတရားက သစ္စာတရားကို လွှမ်းတယ်
၅။ နှင်းစက်ပိုးမျှင်တွေကြားက ကချေသည်
၆။ သူ့ပန်းကလေးရဲ့ရနံ့ကို ဝှက်ထားတဲ့သစ်ပင်
၇။ ခရမ်းရင့်ရက်စွဲများအလွန်
၈။ သိင်္ဂီရသီချင်း
၉။ ကောင်းကင်သူကောင်းကင်သားတို့ရဲ့ ပွဲတော်
၁၀။ သောကြာကြယ်ကတဲ့ ရထား
၁၁။ အဲဒီနေ့ကို ပြက္ခဒိန်ထဲမှာတွေ့မယ်
၁၂။ နေခြည်ကကြိုးတွေနဲ့ ကောင်းကင်
၁၃။ တတိယပုံပြင်
၁၄။ ရေတံခွန်အတု
၁၅။ တွဲမှတ်ထားသော အက္ခရာများ
၁၆။ နက္ခတ်မှားတဲ့မြို့
၁၇။ လျှို့ဝှက်ကျမ်းစာ
၁၈။ နှောင်ထုံးမဲ့ ကျောက်စာ
၁၉။ ကံကြမ္မာ၏ နောက်ဆုံးတိမ်တိုက်
၂၀။ သင်၏ကိုယ်ပိုင်နံနက်ခင်း အလင်းရောင်လေးကို မျက်မှောက်ပြုရပါလို၏။
၂၁။ ခုနစ်စဉ်မှတ်တမ်း
၂၂။ မုန်တိုင်းထန်တဲ့နွေ
၂၃။ ရှင်ပြန်ထမြောက်ရာဂီတ
၂၄။ နွေရာသီ (၃၁)
၂၅။ ချစ်သူ့ရင်ဆီတည့်တည့်က ကျွန်း (ငွေရတုအမှတ်တရ)

ယခု

၂၆။ နှင်းစက်ရက်လွန်

## ဆက်လက်ထွက်ရှိမည့်စာအုပ်များ

၂၇။ နတ်သမီး မပြောတဲ့ပုံပြင်
၂၈။ ပဉ္စဂံနန်းတော်
၂၉။ သက်တံမြစ်
၃၀။ ချစ်ခြင်းတရား၏ အလင်းရောင်

www.burmeseclassic.com